www.burmeseclassic.com



www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ

နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။

ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။

ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်
တည်ဆောက်ရေး။

စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေ

ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်

နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်

တွင်ရှိရေး။

လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။

အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်

အောင်ထိန်းသိမ်းစောင့်ရှောက်ရေး။

မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

သားသား စီစဉ်သည်။

**စာမူခွင့်ပြုချက်အမှတ်**
၅၀၁၄၅၅၁၂၁၁

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၁၄၇၀၁၂၁၁

**ထုတ်ဝေသူ**
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် - ၃၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

**ပုံနှိပ်သူ**
ရွှေပြည်ဟိန်း၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

**ပုံနှိပ်ခြင်း**
၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၃၀၀ ကျပ်


...စာ ၈၉၅.၈၃
(ခရမ်းအရာင်ခေါင်းလောင်းကလေးများ) / သူဝေး၊ ရန်ကုန်၊
ပန်းဝေဝေစာပေ၊ ၂၀၁၁
...စာ ၁၂၅၊ ၁၉.၅ စင်တီ။ (၁) ခရမ်းအရာင်ခေါင်းလောင်းကလေးများ


www.burmeseclassic.com

www.burmeseclassic.com

## နိဒါန်း (က)

ဒုက္ခမရောက်သူတွေကို ရှာရတာလည်း ဒုက္ခတစ်မျိုးပဲဟု သူမ သိလာသည်။ ကျောင်းကိုပတ်နေတာ နှစ်ပတ်ခွဲရှိပြီ။ အခုထိ ဒုက္ခရောက်နေသူကို မတွေ့ရသေး။

"ရှင် ဒုက္ခရောက်နေသလား"

လို့ တစ်ယောက်ချင်းဆီ လိုက်မေးရမည်လား။ ကြောင်လွန်းသည် ဒါမှမဟုတ် 'ကူညီချင်လို့ပါ' ဆိုတဲ့ ဆိုင်းဘုတ်ကြီးထောင်ပြီး လျှောက်ပတ်ရင် ကောင်းမလား။ ဟင်း . . . ဘာအတွေးတွေ တွေးမိနေမှန်းမသိ။

ထိုသို့နှင့် ဒုက္ခရောက်သူတွေကို လိုက်ရှာရင်း သမိုင်းမေဂျာဘက်သို့ ရောက်ခဲ့သည်။ အမှတ်မထင်ဘဲ အခန်းလွတ်တစ်ခုတွင် ကျောင်းသားတစ်ယောက်ကို တွေ့လိုက်ရသည်၊ ထိုကျောင်းသားမှာ သူ့ရှေ့မှ



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်ကို ကြည့်သည်။ မျက်နှာကြက်ကို မော့ကြည့်ပြန်သည်။ ခေါင်းကို တဖျင်းဖျင်းကုတ်သည်။ မျက်နှာကလည်း ရှုံ့မဲ့၍ တော်တော်စိတ်ညစ်နေပုံပေါ်သည်။

တစ်ခုခု အခက်တွေ့နေပုံရသော ထိုကျောင်းသားကို တွေ့လိုက်ရသဖြင့် သူမမျက်နှာလေး ဝင်းဖန့်သွားသည်။ ဒုက္ခရောက်သူကို တွေ့လို့ ပျော်ရတာတော့ ဒီတစ်ခါပဲရှိမည်။

"ဟော့ . . . "

မရဲတရဲခေါ်၊ သွားလေးဖြဲ၍ ထိုကျောင်းသားနား သူမ သွားလိုက်သည်။ ကျောင်းသားက 'ဘာလဲဟ' ဆိုသည့်ပုံစံနှင့် သူမကို ကြည့်လိုက်သည်။

"ရှင် မပျော်မရွှင်ဖြစ်နေတာမို့လား"

ထိုကျောင်းသားနံဘေး ဝင်ထိုင်၍ မေးလိုက်သည်။ ကျောင်းသားက ခေါင်းကုတ်ရင်းပင် . . .

"ဟုတ်တယ်ဗျ . . . ။ ကျွန်တော် ဦးနှောက်စားနေလို့"

"ဘာဖြစ်လို့လဲ"

ကျောင်းသားက သူ့ရှေ့မှ စာအုပ်ကို သူမရှေ့ တွန်းပြလိုက်ရင်း . . .

"ကျွန်တော်ကြိုက်နေတဲ့ သမိုင်းမေဂျာထဲက ကောင်မလေးက ထူးခြားတဲ့ မြို့တွေအကြောင်းကို စာတမ်းပြုစုနေတာဗျ။ အခု ကျွန်တော့်ကို ဒီမြို့လေးမြို့အကြောင်း စုံစမ်းခိုင်းထားတာ။ ကျွန်တော်လည်း ဘယ်လိုမှ ရှာမရဖြစ်နေတယ်"

ညည်းညည်းညူညူ ပြောရှာသည်။

"ဟုတ်လား . . . ။ ဘာမြို့တွေမို့လို့လဲ"

သူမလည်း စာအုပ်ကို ယူကြည့်လိုက်သည်။ စာအုပ်ထဲတွင်တော့ . . .



ကမ္ဘာ့သက်တမ်း အရင့်ဆုံးမြို့ – ?

ရွှေအတိပြီးတဲ့မြို့ – ?

ရွေ့လျားနေတဲ့မြို့ – ?

အမောခံနိုင်တဲ့မြို့ – ?

ထူးခြားသည်ဟု ဆိုနိုင်သော မြို့လေးမြို့ဖြစ်သည်၊

သူမက တစ်ချက်ခဉ်းစားလိုက်ပြီးမှ နှုတ်ခမ်းပါးလေးတွေက ပြုံးသွားကာ . . .

"အဟင်း . . . ဒီမြို့လေးတွေအကြောင်း ကျွန်မ သိပါတယ်"

"ဟင် . . . "

ကျောင်းသား၏မျက်နှာ ချက်ချင်းဝင်းသွားသည်။ သူမက ခေါင်းတစ်ချက်ညိတ်ရင်း . . .

"ကျွန်မ တစ်မြို့ချင်း ရှင်းပြပါ့မယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့ . . . အားကိုးပါတယ်"

သူမက ချောင်းတစ်ချက်ဟန့်ပြီးမှ ရှင်းပြသည်။

"ကမ္ဘာ့သက်တမ်းအရင့်ဆုံးမြို့ကို ဂျယ်ရီခိုမြို့လို့ခေါ်တယ်"

ကျောင်းသားက သူမပြောတာကို စာနှင့် လိုက်ရေးမှတ်သည်။

"အဲဒီမြို့ဟာ ခရစ်တော်မပေါ်မီ ၇၈၀၀ ခုနှစ်ဝန်းကျင်အတွင်း တည်ဆောက်ခဲ့တာ။ ဘုရားသခင်က အဲဒီမြို့ကို အကြိမ်ကြိမ် ဖျက်ဆီးခဲ့ပေမဲ့ အဲဒီမြို့ကလူတွေက ဘုရားသခင်ကို အန်တုပြီး အကြိမ်ကြိမ် ပြန်ဆောက်ခဲ့တာ"

"ဪ . . . ဟုတ် . . . ဟုတ် . . . "

"နောက် ရွှေအတိပြီးတဲ့မြို့ကို (EL Dorado) လို့ခေါ်တယ်။ တောင်အမေရိကတိုက်မှာ တည်ရှိတယ်လို့ ဆိုကြတယ်။ ဒါပေမဲ့ ပုံပြင်လိုဖြစ်နေပြီဘယ်။ အဲဒီမြို့က အိမ်တွေဟာ ခေါင်မိုးတွေကိုတောင် ရွှေနဲ့ မိုးကြတယ်တဲ့၊ စပိန်လူမျိုးတစ်ယောက်က ရွှေရောင်ပြက်ပြက်ထက်နေ



www.burmeseclassic.com

www.burmeseclassic.com

တဲ့ အဲ့ဒီမြို့ကို စတွေ့ခဲ့တာလို့ဆိုတယ်။ (၁၆) ရာစုမှာ စူးစမ်းရှာဖွေသူများဟာ အဲဒီမြို့ကို အရာထွက်ခဲ့ကြတယ်တဲ့"

ကျောင်းသားက လိုက်ရေးမှတ်နေသည်။

"နောက် ရွှေ့လျားနေတဲ့ မြို့ဆိုတာ အီတလီနိုင်ငံက အမ်ပက်ဇို (AMPEZZO) တောင်ကြားမှာရှိတဲ့ စတာလင် (STAULIN) မြို့ကလေးလို့ ပြောတာဖြစ်မယ်။ မြေတွေပြိုပြိုပြီး မြေဟာ နိမ့်နိမ့်သွားတဲ့အတွက် ရွှေ့လျားနေတဲ့မြို့လို့ ခေါ်ကြတယ်"

တံတွေးတစ်ချက် မျိုချပြီးမှ သူမက ဆက်ပြောသည်။

"နောက်ဆုံး အမောခံနိုင်တဲ့မြို့ဆိုတာကတော့ စဉ်းစားစရာပဲ။ ပီရူးနိုင်ငံက (Cerro De Pasco) စီရိုဒီပတ် (စ်) ကိုမြို့ကို ခေါ်တာပဲဖြစ်မယ်။ အဲ့ဒီမြို့ဟာ ပင်လယ်ရေမျက်နှာပြင်အထက် (၁၄၃၈၅) ပေအမြင့်မှာ တည်ရှိတယ်။ အဲ့ဒီမြို့ကို သွားလာလည်ပတ်တဲ့ လူစိမ်းတွေဟာ လှုပ်လှုပ်ရှားရှား ကြာကြာမနေနိုင်ဘူး။ တည်နေရာမြင့်လွန်းလို့ အောက်စီဂျင်နည်းပါးတာကြောင့် မောပန်းလွယ်ကယ်။ အသက်ရှူရ ခက်စေတယ်"

"ဒါနဲ့များ အမောခံနိုင်တဲ့မြို့တဲ့"

ကျောင်းသားက ရေးမှတ်နေရာက ခေါင်းမော့ပြီး စောဒကတက်သေးသည်။ သူမက လက်ကာပြပြီး ဆက်ရှင်းပြသည်။

"ဒါပေမဲ့ အဲ့ဒီမြို့က လူတွေကတော့ ပြဿနာမရှိဘူး။ တခြားဒေသကလူတွေထက် ပိုပြီး သန်မာတောင့်တင်းတဲ့ နှလုံးမျိုးတောင် ရှိနေသေးတယ်။ သွေးကလာပ်စည်းတွေကလည်း ပိုတောင် ကြီးမားနေသေးတယ်။ ဒါကြောင့် တခြားမြို့က လူတွေထက် အမောခံနိုင်တယ်တဲ့။

လူတွေတင်မဟုတ်ဘဲ အဲ့ဒီမြို့က မြင်းတွေဟာလည်း ပိန်ပေမဲ့ တခြားမြို့က မြင်းတွေထက်ပိုပြီး အမောခံနိုင်တယ်။ ပိုပြီးလည်း အပြေးမြန်ကြတယ်။ ဒါကြောင့် တောင်အမေရိက မြင်းပြိုင်ပွဲတွေမှာ အဲ့ဒီမြို့က မြင်းတွေကို ပါဝင်ခွင့်မပေးထားဘူးတဲ့။ အင်း . . .အမောခံနိုင်တဲ့မြို့ဆိုတာ အဲဒီမြို့ပဲလို့ ကျွန်မထင်တယ်"



"OK. ခင်ဗျားပြောတာ ဟုတ်လောက်မယ်ဗျ။ သိုင်းကျူး . . . င်းကျူး"

ကျောင်းသားက စာအုပ်ထဲ ကုန်းရေးမှတ်ကာ ပျော်နေတော့ည်။ ဒီတော့မှ သူမကလည်း . . .

"ဘယ်လိုလဲရှင့် . . . ပြဿနာ အဆင်ပြေသွားလို့ ပျော်တယ်ား"

"အင်း . . . ပျော်တယ်ဗျ"

"ရော့ . . . ပျော်ရင် လက်မှတ်ထိုး"

"ဗျာ . . ."

စာရွက်နှင့် ဘောလ်ပင်ထုတ်ပေးပြီး ပြောလိုက်သည်။ သူမားကြောင့် ကျောင်းသားက ကြောင်သွားသည်။

"ရှင် ကျွန်မကြောင့် ပျော်ရကြောင်း ဒီစာရွက်မှာ လက်မှတ်ထိုး း ရှင့်နာမည်နဲ့ မှတ်ပုံတင်ပါထည့်ရေး"

"ဘယ်လို . . . ဘယ်လို . . ."

ကျောင်းသားက ကြောင်အမ်းအမ်းဖြစ်နေဆဲ။ ထို့ကြောင့် သူမပ်ပတ်လည်အောင် ရှင်းပြလိုက်ရသည်။ သူမပြောတာ နားလည်တော့မှ ကျောင်းသားက . . .

"သြော် . . . သြော် . . . ရပါတယ်။ ကျွန်တော် လုပ်ပေးရမှာ"

ကျောင်းသားက ထိုသို့ ရေးပေးလိုက်ရပါတော့သည်။

> ကျွန်တော် မောင်ကျော်မင်းသူ၊ ၉/. . . (နိုင်)
> . . . . . . ကိုင်ဆောင်သူသည် ယနေ့ ၁၈.၆.၂၀ ..
> ဘွင် မကြည်လင်မိုးပြာဆိုသော ကောင်မလေး၏
> အစွမ်းကြောင့် ပျော်ရွှင်ခဲ့ရပါသည်။
> လက်မှတ် (      )



www.burmeseclassic.com

www.burmeseclassic.com

ထိုကျောင်းသားဆီမှ ဝန်ခံလွှာစာရွက်လေးကို ကိုင်ကာ သူမ ပျော်ရွှင်စွာ ထွက်လာခဲ့ပါတော့သည်။

ယခုမှ သူမ ဈေးဦးပေါက်တော့သည်။

ဩော် . . . သူ့နာမည်က . . .

'ကြည်လင်မိုးပြာ'တဲ့။

## နိဒါန်း (ခ)

သူ ကင်န်တင်းဘက်လျှောက်လာရင်း လမ်းမှာ အသိတစ်ယောက်နှင့်တွေ့သည်။ မေဂျာထဲက မျက်မှန်းတန်းမိနေကျ အသိဖြစ်သည်။

ထိုသူက သူ့ကိုတွေ့တော့ အူယားဖားယား ပြုံးပြပြီး (ထိုသို့ ပြုံးပြခံရလျှင် သတိထားရမည်) ခြေလှမ်းကျဲကြီးကို မြှောက်ကာမြှောက်ကာ လျှောက်လာတော့သည်။

"ဟား . . . ဟား . . . ငါ့ကောင်ကြီး"

အကြောင်းမဲ့ ရယ်သည်။ အာလုပ်သံကြီးနှင့် ချစ်စနိုးခေါ်သည်။ (ဒါလည်း သတိထားရမည်)။

သူ ချက်ချင်းပဲ အိတ်ကပ်ကိုဖိပြီး ပြန်ရယ်ပြလိုက်သည်။

"ဟီး . . . ဟီး . . . ဘာတုံး"

ဟိုလူ နည်းနည်းတော့ ပြန်မဲ့သွားရသည်။

"ဘာမှမဟုတ်ပါဘူးကွ။ မင်းမှာ ကွမ်းယာပါလားလို့"

www.burmeseclassic.com

www.burmeseclassic.com

သူက ကွမ်းယာမစားတတ်ပါ။ သို့သော် . . .

"အေး . . . ပါတယ်ကွ"

လွယ်ထားသော ကျောပိုးအိတ်ထဲမှ ကွမ်းယာထုတ်လေးကို ထုတ်ကာ . . .

"ရော့ . . . "

ဟု တစ်ယာထုတ်ပေးလိုက်သည်။ ထိုကွမ်းယာသည် ထိုသို့ လာတောင်းသူများကို ပေးရန် သူ အထူးစီမံထားသော ကွမ်းယာဖြစ်သည်။

ကွမ်းယာရတော့ ဟိုလူလည်း ပျော်သွားသည်။

သူကတော့ ဆက်ထွက်ခဲ့သည်။

ခုနကလူက ကွမ်းယာကို ပါးစောင်တွင်ထည့်၍ ဝါးတော့သည်။ နှစ်ချက်သုံးချက်ဝါးရသေး ကွမ်းယာမှ မူမမှန်ဟု သူသိလိုက်သည်။ ထို့ကြောင့် လက်ထဲပြန်ထွေးထုတ်ကာ ကွမ်းယာကို ဖြည်ကြည့်လိုက်သည်။

ကွမ်းယာထဲမှာ စက္ကူခေါက်ကြီးတစ်ရွက်။

ထိုစက္ကူခေါက်ကြီးကို ဖြည်ကြည့်လိုက်တော့ . . .

"အော့ . . . ဝေါ့ . . . "

အန်ချင်သွားသည်။ စာရွက်ထဲမှာ ခံတွင်းကင်ဆာ၊ လျှာကင်ဆာဖြစ်နေသည့် ပုံကြီး။ ကွမ်းယာစားခြင်းကြောင့် ဖြစ်ပွားတတ်သော ရောဂါဆိုးများပုံကြီး။

"အော့ . . . ထွီ . . . "

ထိုသူ ကြက်သီးပင် တစ်ကိုယ်လုံးကျိန်းထသွားအောင် အော်ဂလီဆန်သွားသည်။ ဒီနေ့တစ်နေ့လုံး ကွမ်းယာမစားဖြစ်တော့မှာလည်း သေချာသွားသည်။

သူကတော့ ပြုံး၍သာ ဆက်လျှောက်လာသည်။ ခုနကလူ ကွမ်းယာစားဖို့ ဝန်လေးသွားတော့မှာကိုလည်း သူတွေးနေမိသည်။



'ဝလုံးလေး' အမည်ရှိ ကင်န်တင်းသို့ ရောက်သောအခါ ဇေယျာ၊ ဝမ်မေ့၊ မျိုးလတ်ဦးအပြင် မွန်မွန်ဖြိုးလည်း ရောက်နေပြီ။

သူ သူ့ဘာသာသူ ခုံဆွဲ၍ ဝင်ထိုင်လိုက်သည်။ ဇေယျာက 'လက်ပ်တော့' ကွန်ပျူတာလေးနှင့် စာရင်းတစ်ခု လုပ်နေသည်။ ဝမ်မေ့က ခေါက်ဆွဲပန်းကန်ကို သူများနှိုက်စားရမလွယ်အောင် ရင်အုပ်နား ကပ်ထား၍မှ တပြွတ်ပြွတ်စားနေသည်။

မျိုးလတ်ဦးက ကလော်ပြီးသား နှပ်ချေးအား လက်ညှိုးနှင့် လက်မကို အသုံးပြု၍ ပယ်ပယ်နယ်နယ် လုံးနေသည်။ အခွင့်အရေးရပါက ဝမ်မေ့၏ ခေါက်ဆွဲပန်းကန်ထဲ ပစ်ထည့်ရန်လည်း ကြံနေသည်။

မွန်မွန်ဖြိုးက မျက်စိရှေ့ တမင်ကျအောင်ချထားသည့် ဆံပင်စလေးကို တမင်ပြန်သပ်တင်လိုက်ပြီး သူ့ကို . . .

"နင်ကလည်း ချိန်းထားရင် စောစောလာပါဟ"

"ငါ အခုတောင် အားတာမဟုတ်ဘူး။ နင်က အရေးကြီးတယ်ဆိုလို့လာခဲ့တာ။ ပြော . . . ဘာပြဿနာရှိလို့လဲ"

"အေး . . . ဒီလိုဟ"

ခုနက တမင်သပ်တင်ထားသည့် ဆံပင်ကို တမင်ပြန်ချလိုက်ပြီး ဆက်ပြောသည်။

"ငါ့တူမလေး ကိစ္စဟာ။ ပြောရရင် ငါတို့အိမ်ရှေ့ကို နွားတွေ ဖြတ်ကြတာက စတာပဲ။ မနက်တစ်ခေါက်၊ ညတစ်ခေါက် နွားတွေက ဖြတ်ကြတာဟ"

"ဘယ်လို . . . "

"ကျွတ် . . . ငါတို့အိမ်ရဲ့ ဟိုတစ်ဖက်မှာ နွားကျောင်းလို့ ခေါ်တဲ့ စားကျက်တွေရှိတယ်။ နွားကျောင်းသားတွေက သူတို့နွားတွေကို မနက်ပိုင်းဆို အဲ့ဒီစားကျက်တွေမှာ သွားလွှတ်ကြပြီး ညနေမှ ပြန်သွားခေါ်ပြီး ခြံထဲသွင်းကြတယ်။ အဲဒါနဲ့ နွားတွေက ငါတို့အိမ်ရှေ့က ဖြတ်ကြောင်း နေ့နှစ်ခါ ဖြတ်ရော"

www.burmeseclassic.com

www.burmeseclassic.com

"ရှင်းပြီ။ ဆက်ပြော"

"နွားတွေဖြတ်တာကတော့ ကိစ္စမရှိပါဘူး။ ဒါပေမဲ့ အော်အော်သွားကြတာကတော့ ဆိုးတယ်ဟ"

"ဘယ်လိုအော်တာလဲ"

"ဝမ်းဘဲ . . . အွန်း . . . ဆိုပြီး အော်တာပေါ့ဟ"

မွန်မွန်ဖြိုးက နှုတ်ခမ်းနီမပျက်အောင် ထိန်းပြီး အော်ပြလိုက်ရသေးသည်။

"အဲ့ဒီလို နွားတွေကအော်တော့ ငါ့တူမလေးက လန့်ပြီးငိုတော့တာပဲ။ ငါ့တူမလေးက ငိုကြောကရှည်တော့ သူ့ကိုတစ်ခါချော့ရင် သုံးနာရီလောက်ကြာတယ်။ နွားတွေက တစ်နေ့ နှစ်ခါဖြတ်ပြီးအော်တော့ ငါ့တူမလေးကလည်း တစ်နေ့ နှစ်ခါငိုတော့တာပေါ့ဟာ။ တစ်နေ့တစ်နေ့ သူ့ကိုချော့ချော့နေရတာကို ငါတို့ အလုပ်တစ်ခုလို လုပ်နေရတယ်ဟ။ အဲ့ဒီပြဿနာလေး နင် ရှင်းပေးပါဦး"

"နွားတွေကို ကျွန်မတို့အိမ်ရှေ့က မဖြတ်ပါနဲ့ရှင်လို့တော့ သွားပြောလို့မရဘူး။ နွားတွေက နင်တို့စကား နားလည်မှာမဟုတ်ဘူး"

"အေး . . . အဲ့ဒါတော့ သိပါတယ်ဟဲ့"

သူ့အကူအညီတောင်းရတာလည်း လက်ပေါက်ကပ်လှသည်ဟု မွန်မွန်ဖြိုး တွေးမိသေး၏။ တွေးသာတွေးရသည် 'လက်ပေါက်ကပ်'ဆိုသည့် စကားလုံးကိုတော့ သိပ်နားလည်လှသည်မဟုတ်။

"အင်း . . . အဟင်း . . . ဟုတ်ပြီ"

သူ့ဘာသာသူ တွေးတွေးဆဆနှင့် ရေရွတ်ခေါင်းညိတ်သည်။

"နင့်တူမလေးက ဘာမုန့်တွေ ကြိုက်တတ်လဲ"

"ဘိန်းမုန့် အရမ်းကြိုက်တယ်ဟ"

"အေး . . . အဲ့ဒါဆို ပြဿနာရှင်းလို့ရပါပြီ။ စိတ်ပညာဖြစ်ရပ်လေး တစ်ခုရှိတယ်ဟ။ ကလေးလေးတစ်ယောက်က မိုးချိန်းသံကြားရင်



...ပ်ခါကြောက်တာတဲ့။ ကြောက်လွန်းလို့ တုန်ယင်ပြီး ငိုရင်မရပ်တော့ဘူး ... နင့်တူမလေးလိုပဲ"

"အေး . . . အဲ့ဒီတော့ ဘယ်လိုကုလိုက်လဲ"

"ကုနည်းက မခက်ပါဘူး။ အဲ့ဒီကလေးက ချောကလက်သိပ်ကြိုက်တာလေ။ စိတ်ပညာဆရာဝန်ရဲ့ ညွှန်ကြားချက်အတိုင်း သူ့မိဘတွေက လုပ်ရတော့တာပေါ့။ မိုးတစ်ခါခြိမ်းတိုင်း ကလေးကို ချောကလက် ပြေးပြေးခွံ့ကျွေးကြတယ်။

ကလေးက နောက်တော့ မိုးခြိမ်းသံကြားရင် ချောကလက်စားရမယ်ဆိုကာ စိတ်ထဲစွဲသွားပြီး မိုးခြိမ်းသံကို မကြောက်တော့ဘူးတဲ့။ နောက်ဆုံးဆိုရင် မိုးခြိမ်းရင် ချောကလက်စားရတော့မှာမို့ ပျော်တောင်ပျော်နေသေးတယ်တဲ့"

သူ့စကားကို တစ်ဝိုင်းလုံးက မှတ်သားနားထောင်ကြရသည်။ ခင်ခင်ဖြိုးကလည်း သဘောပေါက်သွားသည့် မျက်နှာနှင့် . . .

"ဒါဆို ငါ့တူမလေးကိုလည်း နွားအော်သံကြားတိုင်း ဘိန်းမုန့်ကျွေးရမှာပေါ့ ဟုတ်လား"

"အင်း . . . ဒါပေါ့"

"အိုး . . . နင်နဲ့တွေ့မှပဲ ပြဿနာက လွယ်တော့တယ်"

မွန်မွန်ဖြိုးကလည်း သူ့ကိစ္စအဆင်ပြေသွား၍ ကျေနပ်နေပေတော့သည်။ သူကတော့ ဘာမှမဟုတ်သလို အေးဆေးပင်။

"ကဲ . . . နင့်ကိစ္စပြီးရင် ငါလည်း သွားလိုက်ဦးမယ်"

ကျောပိုးအိတ်လွယ်ပြီး ပြန်ထွက်သွားဖို့ပြင်တဲ့ သူ့ကို ဝိုင်းမေးကြသည်။

"ဟေ့ကောင် . . . ဘယ်သွားမှာလဲ"

"အေးလေ . . . ထိုင်ပါဦးဟ"

သူက ခေါင်းယမ်းပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"မေဂျာပါမောက္ခ ခေါ်ထားလို့ကွ။ ဆွေးနွေးစရာရှိလို့ဆိုလာ ပဲ"

ပါမောက္ခနှင့်ပင် စကားပြောရလောက်သော သူက နယ်နယ် ရရသဲက မဟုတ်တာမျိုးတော့ သေချာပြီ။

"ဟော့ကောင် . . . ပဲခူးဘက်ရေကြီးတဲ့ကိစ္စ သွားမှာလား၊ မသွား ဘူးလား။ အဲ့ဒါပြောခဲ့ဦး"

"... မှာပေါ့ကွ။ ဒါ ခရမ်းရောင်ရဲ့အလုပ်ပဲ"

...ပြီး သူ ထထွက်ခဲ့သည်။

သူကတော့ . . .

စိတ်ပညာဗိုင်နယ်ကျောင်းသား လင်းဆောင်ပေါ့။



- ထွက်သွားသူတချို့ရဲ့ အကြောင်းကို ကြားဖူးလား။

- သူတို့ဟာ ဘာအကြောင်းမှလည်း မရှိဘဲနဲ့ သူတို့ပတ်ဝန်းကျင်က ရုတ်တရက် ထွက်သွားကြတယ်လေ။

- ပြီးတော့ ပြန်လည် မလာကြတော့ဘူး။

- တစ်ခါတလေတော့လည်း နှစ်တွေ အကြာကြီးကြာပြီးမှ ပြန်လာတတ်ကြတယ်။

- ဆန်းကြယ်လွန်းတဲ့ စိတ်တွေဟာ သူတို့ကို ဖောက်ပြန်စေခဲ့လား။

- . . . . . . . . . . . . . .

- . . . . . . . . . . . . . .

- အဲ့ဒါတွေကို ငါတို့ ဘယ်လိုဖြေရှင်းရမှာပါလိမ့် ???..။



www.burmeseclassic.com

www.burmeseclassic.com

(၁)

မိုးပြာ ဒီနေ့ အိမ်ပြန်နောက်ကျသည်။ အိမ်ကကားလည်း ပျက်နေသဖြင့် (bus)နှင့် ကျောင်းသွားရသည်။ အပြန် ရှင်းသန့်တို့နှင့် စာအုပ်လိုက်ဝယ်ရင်း ယခု ခုနစ်နာရီကျော်မှ အိမ်ဘက်ရောက်ရခြင်းဖြစ်သည်။

"မိုးပြာ . . . အန်တီကော ဘယ်လိုနေလဲ"

မိုးပြာအမေ၏ အခြေအနေကို ရှင်းသန့်က မေးလိုက်ခြင်းဖြစ်သည်။

"ဆေးမှန်မှန်တိုက်ပြီး အရိပ်တကြည့်ကြည့် နေပေးရတာပဲပေါ့ဟာ"

"အင်း . . . နင်လည်း ပင်ပန်းမှာပဲ"

သူမတို့ လျှောက်လာရင်း မလှမ်းမကမ်းမှ အုတ်ခုံတစ်ခုတွင် ကောင်လေးသုံးယောက် ဂစ်တာတီး၍ သီချင်းဆိုနေသည်ကို တွေ့လိုက်ရသည်။



"မိုးပြာ . . . ဘယ်လိုလုပ်ပြီး နင်တို့အနားမှာ ဂျလေဘီတွေ ရောက်လာတာလဲ"

"လမ်းဘေးမှာ ဂစ်တာတီးတိုင်း ဂျလေဘီလို့ မပြောပါနဲ့ဟဲ့။ သူတို့ထဲက သီချင်းဆိုနေတဲ့တစ်ယောက်က ဟိုတလောကမှ ငါတို့အခန်းနားက တိုက်ခန်းကို ပြောင်းလာတဲ့သူဟ"

"ချောလား"

"ငါလည်း သေချာတော့ မမြင်ဖူးသေးပါဘူး။ အနားက ဖြတ်သွားမှ နင့်ဘာသာ ငမ်းပေါ့ဟဲ့"

"အေး . . . အေး . . . ရှိုးရသေးတာပေါ့"

ထိုသို့နှင့် သူမတို့ လမ်းဘေးဂစ်တာ ဝိုင်းလေးနားက ဖြတ်လျှောက်လာခဲ့သည်။ ဂစ်တာဝိုင်းမှ ကောင်လေးသုံးယောက်တွင် တစ်ယောက်က ဂစ်တာတီး၍ တစ်ယောက်က သီချင်းဆိုနေသည်။ ကျန်တစ်ယောက်က သူ့'လက်ပ်တော့' ကွန်ပျူတာလေးနှင့် အလုပ်ရှုပ်နေသည်။

ထိုဂစ်တာဝိုင်းနှင့် နည်းနည်းကျော်လွန်သွားပြီးမှ ရှင်းသန့်က..

"ဟဲ့ . . . မိုးပြာ၊ သီချင်းဆိုတဲ့ကောင်လေးက အချောစားပဲ။ ကျောင်းရောက်ရင် ဟိုကောင်မတွေကိုလည်း အကြောင်းကြားမယ်၊ ပြီးရင် နင့်အိမ်လာပြီး သူ့ကို လာရိုတ်ရမယ်"

"အံမယ် . . . စီမံကိန်းတောင် တစ်ခါတည်း ချနေပါလား ရှင်းသန့်ရဲ့"

ရှင်းသန့်တစ်ယောက်ကြောင့် မိုးပြာ ရယ်မိသေးသည်။

သူမတို့ ထွက်သွားအပြီးမှ ဂစ်တာဝိုင်းမှ ကောင်လေးများ၏ စကားသံထွက်လာသည်။

ဂစ်တာတီးနေသည့် ကောင်လေးက ဂစ်တာကိုရပ်လိုက်ပြီး...

"ဟေ့ကောင် . . . ခုနကဖြတ်သွားတဲ့ ကောင်မလေးနှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ထဲက လိမ္မော်ရောင်တောက်တောက်လေးဝတ်ထားတဲ့ ကောင်မလေးက ချစ်စရာလေးကွ"

"အဟင်း . . . ဟင်း . . . အဲ့ဒါ အခု ငါနေတဲ့ကိုက်ခန်းရဲ့ အရှေ့ခန်းက ကောင်မလေးလေ"

"အဟား . . . ဒါဆို ဇာတ်လမ်းပဲပေါ့"

အသံပွပွကြီးနှင့် ပြောသည်။

ကွန်ပျူတာကိုင်တဲ့ ကောင်လေးကလည်း . . .

"မင်းတို့ပြောနေတဲ့ ကောင်မလေးက ကျောင်းကပဲလေကွာ။ နေဦး . . .။ ငါ့ထဲမှာ သူနဲ့ပတ်သက်တဲ့ အချက်အလက်တွေ ရှိချင်ရှိမှာပေါ့ကွ"

ကွန်ပျူတာကိုင်ထားသည့် ကောင်လေးက ပြောပြောဆိုဆိုနှင့် ကွန်ပျူတာခလုတ်တွေကို သူ့လက်ချောင်းများနှင့် ကျင်လည်စွာနှိပ်လိုက်သည်။ ကွန်ပျူတာဖန်သားပြင်တွင် ဇယားကွက်နှင့်တကွ အချက်အလက်တချို့ ကျလာသည်။

"မှတ်ထား . . .။ ကောင်မလေးနာမည်က ကြည်လင်မိုးပြာတဲ့။ သချင်္ချာမေဂျာ နောက်ဆုံးနှစ်ကျောင်းသူ။ ကျောင်းသားတွေ ရင်ဘတ်ဖျားမှာ ရေပန်းစား၊ 'အလင်းရွှေ'ဆိုတဲ့ ကင်န်တင်းမှာ ထိုင်တတ်၊ အခုထိ ရည်းစားမရှိသေး"

"OK ရပြီ။ အဲ့ဒါငါလိုချင်တဲ့ အချက်ပဲ"

သီချင်းဆိုသည့်ကောင်လေးက လက်ဖျောက်တီးပြီး ပြောလိုက်တာပါ။

"ဘယ်လိုလဲကွ"

"လှုပ်ရှားတော့မယ်ဆိုတဲ့ သဘောလား"

"အဟင်း . . ."

ခပ်ကျဲကျဲအပြုံးသာ သူ့နှုတ်ခမ်းမှာ ပေါ်လာသည်။ ခုနက လိမ္မော်ရောင်တောက်ပသော အင်္ကျီနှင့် ကောင်မလေးကို သူ ပြန်မြင်ယောင်လိုက်မိသည်။ ထို့အတူ ပိုင်စိုးပိုင်နယ်ဆန်စွာ လွမ်းသလိုဖြစ်မိသေးသည်။

ထိုအချိန် မိုးပြာကတော့ တိုက်ခန်းရှေ့ ပြန်ရောက်နေပါပြီ။

"ငါ အထဲမဝင်တော့ဘူးနော် မိုးပြာ"

"အင်း . . . အင်း . . . သတိထားပြန်နော်"

ရှင်းသန့် လှေကားအတိုင်းဆင်းသွားမှ မိုးပြာလည်း အိမ်ထဲတံခါးဖွင့်ဝင်ခဲ့သည်။

အိမ်ထဲတွင်တော့ အမျိုးသမီးတစ်ယောက်။ ဖွင့်ထားသော အံဆွဲတစ်ခုကို ငုံ့ကြည့်နေသည်။ အမျိုးသမီး၏ မျက်ဝန်းတွင် နားမလည်မှု၊ မျှော်မှန်းလွမ်းဆွတ်မှု၊ နာကျင်မှုတို့ ရောယှက်ပါဝင်နေသည်။ ထိုအံဆွဲကို ငုံ့ကြည့်ပြီး ဘာလို့ ဒီလောက် ပူဆွေးနေရတာလဲ။ ဒီအံဆွဲထဲမှာ ဘာတွေရှိနေသလဲ။ ထိုအမျိုးသမီးသာ သိပေလိမ့်မည်။

ရုတ်တရက် ပါးပြင်သည် ရွှေ့လျားမှုတစ်ခုနှင့်အတူ ပူနွေးယားယံလာသည်။ လက်ချောင်းတွေနှင့် သုတ်ကြည့်လိုက်တော့ မျက်ရည်တစ်စဖြစ်နေသည်။ ဒါကော ဘယ်နှကြိမ်မြောက်ကျသည့် မျက်ရည်လဲ။ ထိုအမျိုးသမီးသာပင် သိပေလိမ့်မည်။

"မေမေ . . ."

အနောက်ဘက်မှ ခေါ်သံကိုကြားလိုက်သောအခါ အမျိုးသမီး တုန်လှုပ်သွားသည်။ ချက်ချင်း အလျင်အမြန်ပင် အံဆွဲကိုပိတ်ကာ သော့ခတ်လိုက်ပြီးမှ အနောက်ကို မျက်နှာလှည့်လိုက်သည်။

"သမီးလေး . . . ပြန်လာပြီလား"

မိုးပြာက ပြုံးကာ ထိုအမျိုးသမီး၏ ပခုံးနှစ်ဖက်ကို လာဖျစ်ညှစ်ရင်း . . .

"အင်း . . . နည်းနည်းနောက်ကျသွားတယ်နော်။ မေမေ ထမင်းစားပြီးပြီမို့လား"

"မစားရသေးပါဘူး။ သမီးကို စောင့်နေတာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . မေမေကလည်း တကယ်ပဲ"

ထိုအချိန် သူမတို့အနားသို့ သူနာပြုမလေး ရောက်လာသည်။

"အဲ့ဒါပဲ . . . မိုးပြာရေ၊ ဒေါ်ဒေါ်က မိုးပြာနဲ့မှ စားမှာပဲပြော နေတာ"

"ခက်တော့တာပဲ မေမေရယ်။ ဒါနဲ့ မခိုင်ဝေ အိမ်ပြန်အိပ်ချင် အိပ်လေ"

"အင်း . . . ဒါဆို အိမ်ပြန်လိုက်ဦးမယ်"

သူနာပြုဆရာမလေးအမည်မှာ ခိုင်ဝေဖြစ်သည်။

ထို့နောက် မိုးပြာမှာ မေမေနှင့်အတူ မေမေ့ကို ချော့သိပ်ကာ မေမေအိပ်ပျော်ပြီးမှ သူမ အိပ်ခဲ့သည်။ အိပ်တော့ အိပ်မက်မက်သေး သည်။ အိပ်မက်ထဲတွင် သူမ တစ်ခါမှမမြင်ဖူးသော ဖေဖေ့ကို သူမ တွေ့ခဲ့ရသေးသည်။ ဖေဖေရယ် . . .။



(၂)

"မေမေ့ကို အချိန်မှန် ထမင်းစားခိုင်း၊ အချိန်မှန် ဆေးလည်း တိုက်။ ကြားလား . . . "

"ဟုတ်ကဲ့ပါ အစ်မ"

မိုးပြာက အိမ်ဖော်မလေးမိကျော့ကို မှာနေရခြင်းဖြစ်သည်။ ပြီး မှ မေမေ့ဘက်လှည့်ကာ . . .

"မေမေကလည်း ဆေးတိုက်ရင်သောက်နော်။ ထမင်းလည်း များ များစား။ တခြားစားချင်တာရှိရင်လည်း ပြောလေ သမီးဝယ်ခဲ့ပေးမယ်"

"မရှိပါဘူး။ သမီးသာ စောစောပြန်ခဲ့"

"ဟုတ်ကဲ့ပါရှင်"

မေမေ့ပါးလေးကို ချစ်စနိုးနှင့်ဖျစ်ကာ သူမ ပြန်ပြောလိုက်သည်။ ထို့နောက် အိမ်ထဲက ထွက်ခဲ့တော့သည်။

အိမ်ထဲတွန်းက ရက်ရာဇာပါ။ ခက်တာက ပြဿဒါးက အိမ် အပြင်မှာ။



www.burmeseclassic.com

www.burmeseclassic.com

မိုးပြာ တိုက်ခန်းတံခါး ပြန်ပိတ်ပြီး လှေကားဘက်အလှည့် လူငယ်တစ်ယောက်၏ဖိနပ်ကို သွားနင်းမိခြင်းဖြစ်သည်။

"ဟ . . . အာ . . ."

ထိုလူက ထအော်သည်။ မိုးပြာတက်နင်းလိုက်လို့ (ဘယ်တုန်းက ဆွေးရိနေမှန်းမသိတဲ့) သူ့ဖိနပ်က ပြတ်သွားပြီလေ။

"ဟာ . . . ဆောရီး . . . ဆောရီးရှင်"

တောင်းလည်း တောင်းပန်၊ ထိုလူ့မျက်နှာကိုလည်း ကြည့်မိသည်။ ထိုအခါမှ 'သြော် . . . သူပါလား' ဟု မိုးပြာစိတ်ထဲမှ ရေရွတ်မိသွားသည်။ မနေ့ညက သူမ အိမ်အပြန်တွင် တွေ့ခဲ့ရသည့် လမ်းဘေးဂစ်တာဝိုင်းမှ သီချင်းဆိုသည့်ကောင်လေး။

သူက ဖိနပ်ကြီးကို ကုန်းကောက်ပြီး မိုးပြာမျက်နှာရှေ့ လာထိုးပြရင်း . . .

"ပြတ်သွားပြီ"

မိုးပြာမျက်နှာလေး နောက်ဆုတ်ပြီး လက်ကာပြရသည်။

"အာ . . . သိတယ်၊ မြင်တယ်လေ။ ချထားပါ . . .။ အဲ့ဒီဖိနပ်ကြီးကို"

သူက မကျေမချမ်းကြည့်ပြီး ဖိနပ်ကို ဘုတ်ခနဲ ပြန်ချလိုက်သည်။ ဒီတော့မှ မိုးပြာကလည်း ဆက်တောင်းပန်ရသည်။

"ဆောရီးပါရှင် . . . ဆောရီးပါ"

"ဆောရီးကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ဖိနပ်က ဘယ်လိုလုပ်မလဲ"

မိုးပြာက မှားသူဆိုတော့ သူ့မျက်နှာကိုလည်း ကြည့်ရ၊ အဆင်ပြေအောင်လည်း ပြောရသည်။

"ကျွန်မ လျော်ပေးပါ့မယ်။ ငွေစကားပြောတာ မဟုတ်ဘူးနော်။ ဒါပေမဲ့ ဒီလိုပဲ ပြောရမှာမို့။ ပြောပါ . . . ရှင့်ဖိနပ် ဘယ်လောက်လဲ"



သူက မိုးပြာကို မိုးကြည့်ပြီး . . .

"ဖိနပ်ကတော့ အပေါစားပါ။ သုံးလေးထောင်အပြင် ပိုမတန်ဘူး။ ဒါပေမဲ့ အချိန်က သိပ်တန်ဖိုးရှိတယ်ဗျ။ ကျွန်တော် ကျောင်းမှာ ရေးကြီးကိစ္စတွေ ချိန်းထားတာ။ အခု ရှေ့ဆက်ရမဲ့ခြေလှမ်း မလှမ်းတော့ဘူး။ အခုလို စကားပြောနေတာလည်း အချိန်တွေအများကြီး သွားပြီ။ ကဲ . . . အချိန်တွေကို ခင်ဗျား ဘယ်လိုပြန်လျော်မလဲ"

သူ့ကို ကြည့်ရတာကတော့ စကားကပ်ပြောနေခြင်း ဟုတ်ပုံပါ၊ တကယ့်အရေးကြီးကိစ္စ ရှိနေသည့်ပုံပင်။

"ကဲ . . . ရှင်သွားချင်တဲ့နေရာကို ကျွန်မ ကားနဲ့လိုက်ပို့မယ်။ ပြီးတော့ ရှင့်အတွက် ဖိနပ်လည်း ပြန်ဝယ်ပေးမယ်။ ဟုတ်ပြီ ား"

"ကဲ . . . ကောင်းပြီလေ။ ဖိနပ်တော့ မလိုချင်ပါဘူး။ ကျွန်တော် သွားချင်တဲ့နေရာပဲ လိုက်ပို့ပါ"

"ရှင်က ဘယ်သွားချင်တာလဲ"

"မင်းသွားမဲ့နေရာပဲပေါ့။ ကျောင်းကိုလေ"

"သြော် . . . ရှင်ကလည်း ကျောင်းသားလား"

မိုးပြာက ပျူငှာစွာ ပြန်ပေးဆပ်ဖို့လုပ်ပေမဲ့ သူကတော့ နှာခေါင်း ချက်နှစ်ချက်ရှုံ့ပြီး . . .

"ခင်ဗျားကားနဲ့တော့ လိုက်မယ်။ ဒါပေမဲ့ ခင်ဗျားဘေးကတော့ ိုင်ဘူးနော်။ ကျွန်တော်က အနံ့ပြင်းပြင်းတွေ မခံနိုင်ဘူး"

"ဘာရှင့် . . ."

"ခင်ဗျားက မနေ့ကအကျႌကြီး ပြန်ဝတ်ထားတာမို့လား။ လိမ္မော်ရောင် တောက်တောက်ကြီးလေ"

"အံမာ . . . ကျွန်မမှာ လိမ္မော်ရောင်အကျႌတွေ အများကြီးပဲ င်။ ကျွန်မက လိမ္မော်ရောင်တောက်တောက်တွေကို အရမ်းကြိုက်လို့"

"ဟုတ်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

သူက လက်ကနာရီကို ငုံ့ကြည့်ရင်း . . .

"သွားမယ် . . . သွားမယ် . . . နောက်ကျတော့မယ်"

မိုးပြာ ကားဆီရောက်တော့ သူက တကယ်ပင် နောက်ခန်းတွ သာထိုင်သည်။ မိုးပြာမှာ အောင့်သက်သက်နှင့် ကားမောင်းထွက်ခဲ့ သည်။ သူကတော့ တည်ငြိမ်စွာပင်။ တစ်လမ်းလုံးလည်း ဘာမှမပြော မိုးပြာကသာ မှန်ထဲကနေ သူ့ကို လစ်ရင်လစ်သလို ကြည့်နေရသည်

သူ့ပုံကြည့်ရတာကတော့ သွက်လက်ပြီး တည်ငြိမ်နေသည် ကိုယ်ပိုင်နေပုံထိုင်ပုံလည်း ရှိသည်။ အင်း . . . စကားပြောရင်လည်း ရင်းရောက်အောင် စနစ်ကျကျ ပြောတတ်သည်။ အတွေးအခေါ်လည် ရှိမည့်ပုံ။ မဟုတ်မှလွဲရော (Philology)ဖလော်မေဂျာကများလား။

သူမစိတ်ထဲမှာ အတွေးများနေရပြီ။

ထိုအချိန်ပဲ ရှေ့ခပ်လှမ်းလှမ်းက တဖျတ်ဖျတ်ခါနေသော လက် များကို တွေ့လိုက်ရသည်။ ကားတားနေတာပါ။

မိုးပြာ၏ကားကို တားနေခြင်းဖြစ်သည်။ မိုးပြာ၏ကားက (Taxi)မဟုတ်ပါ။ ဒါနဲ့များ ဘာလို့ တားနေကြတာပါလိမ့်။

ကားတားသည့်သူတွေမှာ မိုးပြာတို့နှင့် အသက်မတိမ်းမယိမ်း လောက်ရှိမည့် စုံတွဲတစ်တွဲပင်ဖြစ်သည်။ အထုပ်အပိုးတွေနှင့်။ နောက် ခုံးကျည်လိုက်လာသည့်အလား သူမကားကို အူယားဖားယား တား သည်။

သူမ ကားရပ်ပေးရမလား။ ဆက်မောင်းသွားရမလား ဝေခွဲမ ဖြစ်နေစဉ်မှာပင်။

"ဟော့ . . . ရှေ့မှာ ကားတားနေတယ်။ ရပ်လိုက်လေ"

"ကျွန်မနဲ့မှမသိတာ"

"သိတာ၊ မသိတာ အရေးမကြီးဘူး။ သူတို့ အကူအညီလိုနေ ရတယ်"

နောက်ခန်းက သူက ပြောတာပါ။ ဆရာကြီးလုပ်သံမျိုးမဟုတ်



ထမဲ့ မိုးပြာ အောင့်သက်သက် ဖြစ်သွားရတာတော့ အမှန်။

ကျွီခနဲ ဘရိတ်ကိုအုပ်ကာ မိုးပြာ ကားမှန်ကို ချလိုက်သည်။ ကျော်ချင်းပဲ ကားတားသည့်စုံတွဲက သူမ ကားတံခါးနား ပြေးကပ်လာ ြး . . .

"အစ်မရယ် . . . ကူညီပါ။ ညီမတို့ကို ဒီနေရာက အမြန်ခေါ် သွားပါ"

"ဘူတာဖြစ်ဖြစ်၊ အဝေးပြေးကားဂိတ်ဖြစ်ဖြစ် ပို့ပေးပါ အစ်မ ရယ်"

စုံတွဲမှ ကောင်လေးကော၊ ကောင်မလေးကောက အလော တကြီး ပြောလာသည်။ မိုးပြာ ဘယ်လိုဆုံးဖြတ်ရမည်လဲ တွေးနေစဉ် မှာပဲ နောက်ခန်းမှ ကိုယ်တော်ချောက . . .

"မင်းတို့ ခိုးပြေးလာကြတာထင်တယ်"

ကောင်လေးနှင့် ကောင်မလေးက အံ့သြစွာ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်သည်။

"မင်းတို့နောက်က မင်းတို့မိဘတွေလည်း အပြေးလိုက်လာနေ တာလား"

"ဟုတ် . . . ဟုတ်ပါတယ်"

ကောင်မလေးက ထစ်ထစ်ငေါ့ငေါ့ဖြေသည်။ မိုးပြာကတော့ သူ့ ဆုံးဖြတ်ချက်သာ ခံယူရန် သူ့ကိုကြည့်မိသည်။ သူက ကားပေါ်မှဆင်း ကာ ရှေ့ခန်းသို့ပြောင်းထိုင်ရန် ပြင်ရင်း . . .

"မင်းတို့ နောက်ခန်းမှာထိုင်လိုက်"

စုံတွဲက ဝမ်းသာလွန်းစွာနှင့် ကားပေါ်တက်တော့သည်။ သူက မိုးပြာကို နေရာရွှေ့ခိုင်းပြီး မိုးပြာ၏နေရာကို ဝင်ထိုင်လိုက်သည်။ ကား ကို သူမောင်းမည့်ပုံစံ။

ထိုအချိန် ကားနောက်ကြည့်မှန်ထဲသို့ အညိုရောင်ကားတစ်စီး ၏ ပုံရိပ်က ဝင်းခနဲ တိုးဝင်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဖေဖေတို့ လိုက်လာပြီ"

စုံတွဲမှ ကောင်မလေး၏ ထိတ်လန့်သောအသံ။

သူလည်း ဂီယာတံကို ကျင်လည်စွာထိုး၍ ကားကို မောင်းထွက်လိုက်တော့သည်။

ပထမဆုံးတွေ့ရသည့် လမ်းကွေ့မှာပင် ကားကို ချိုးကွေ့လိုက်သည်။ ပွေလီရှုပ်ထွေးသော လမ်းများမှ ရွေးမောင်းသည်။ တတ်နိုင်သလောက် ကောက်ကွေ့ရှုပ်ထွေးစွာ မောင်းသည်။

ဒါတောင် နောက်မှကားက မျက်ခြည်မပြတ် ပါလာသေးသည်။ ကျွီ . . . ကျွီခနဲအရှိန်နှင့် ကွေ့လိုက်သည့်အခါတိုင်း မိုးပြာမှာ ဝုန်းခနဲ ကားတံခါးဆီကို ပြေးပြေးစောင့်နေတော့သည်။ နိုင်ငံခြားရုပ်ရှင်တွေထဲမှာတော့ လူဆိုးလိုက်လို့ ကားမောင်းပြေးသည့် အခန်းမျိုးဆို ကြည့်လို့ကောင်းလိုက်သည့် ဖြစ်ခြင်း။ ယခု ကိုယ်တိုင်ကားမောင်းပြေးရတာတော့ တကယ့်ကို မသက်သာ။

နောက်ကကားဆီ လှမ်းလှမ်းကြည့်ရင်း ရင်တွေလည်း တဒုတ်ဒုတ်ခုန်လို့ပေါ့။ တကယ်ခိုးပြေးလာသည့် စုံတွဲဆိုလျှင် ဘယ်လောက်များ ရင်ခုန်နေလိမ့်မလဲ။

တော်သေးသည်။ သူက ကားမောင်းကျွမ်းလို့။

အတော်လေးမောင်းပြီးတော့ နောက်မှ အညိုရောင်ကားကို မတွေ့ရတော့ချေ။ ဒီတော့မှ သူက စကားစလာသည်။ စုံတွဲကို မေးတာပါ။

"မင်းတို့နှစ်ယောက်က (A)သွေးတွေများလား"

စုံတွဲက ဟင်ခနဲကြောင်ပြီး သူ့ကိုကြည့်မိသွားသည်။ မိုးပြာမှာလည်း အူကြောင်ကြောင်မျက်နှာလေးနှင့်ပင် သူ့ကိုကော၊ စုံတွဲကိုပါ ကြည့်မိသည်။

"ဟုတ် . . . ဟုတ်ပါတယ်။ အစ်ကို ဘယ်လိုလုပ်များ သိသလဲ"

သူက ကားဂီယာကို ချိန်းရင်း ပြုံးသည်။ ပြီးမှ ဆက်ပြောသည်။



"တပ်အပ်သိတာမျိုး မဟုတ်ပါဘူး။ ခန့်မှန်းကြည့်တာပါ။ ဒါနဲ့ မင်းတို့ရည်းစားဖြစ်စတုန်းက မကြာခဏ ကတောက်ကဆဖြစ်တယ်ပေါ့"

"ဟင် . . . ဟုတ်တယ် . . . အစ်ကို"

"ဟုတ်တယ် . . . ။ ရည်းစားဖြစ်စတုန်းက သူနဲ့ညီမ ခဏခဏ ရန်ဖြစ်တာ။ ရန်ဖြစ်တိုင်း ညီမ သူ့ကို 'စားနေကျကြောင်ပါးကြီး' လို့ ခေါ်တာပဲ"

သူက တစ်ချက်ရယ်ပြီး . . .

"မင်းတို့ တစ်ယောက်အကြောင်းကိုလည်း တစ်ယောက် သိပ်စပ်စုတတ်ကြတယ်မို့လား"

"ဟင် . . . ဒါလည်း ဟုတ်တာပဲ။ သူဆို အားတိုင်း ကျွန်တော့်ဗိုက်ကိုပွတ်ပြီး အိမ်ကဘာစားခဲ့လဲလို့ မေးမေးတတ်အောင် စပ်စုတာ"

"ဒါပေမဲ့ မင်းတို့နားလည်မှုရပြီးတော့ ခွဲထားလို့ကို မရတော့ဘူးမို့လား"

"ဟုတ်လိုက်လေ . . . အစ်ကိုရယ်။ ဒါတွေ အစ်ကို ဘယ်လိုလုပ်သိနေတာလဲ"

စုံတွဲတင်မက မိုးပြာပါ သူ့ကို အံ့သြနေရသည်။ သူကတော့ သာမန်ကိစ္စတစ်ခုကို ရှင်းပြသည့်ပုံနှယ်ပင်။

"သွေးအမျိုးအစားနဲ့တွဲပြီး သမီးရည်းစားတွေကို စိတ်ပညာရှင်တွေက လေ့လာထားတာရှိတယ်လေ။ အဲဒီလေ့လာမှုအတိုင်း မင်းတို့စုံတွဲတွေကို ပြောကြည့်တာပါ"

"ဩော် . . ."

"ဩော် . . ."

ဟု ရေရွတ်လိုက်ကြသော်လည်း စိတ်ဝင်စားမှုက ရှိနေဆဲ။ သူလည်း ဆက်ပြောပါသည်။

"ဥပမာ–မင်းတို့ ကျားမနှစ်ယောက်လုံးက (A)သွေးဆိုရင် ခုန ငါပြောသလို စစချင်း အဆင်မပြေတတ်ဘူး။ အဆင်ပြေရင်လည်း

www.burmeseclassic.com

ခွဲလို့မရတော့ဘူး။ အရာရာကိုလည်း ရင်ဆိုင်ရဲလာပြီ။ ဒါကြောင့် ခိုးပြေးရဲတဲ့ သတ္တိတွေ ရှိလာတာလည်း ဒီ (A-A) စုံတွဲတွေများတယ်။ ရာဇဝင်တွေထဲ လိုက်ကြည့်ရင် ရိုမီယိုနဲ့ ဂျူးလီးယက်တောင် (A) သွေးစုံတွဲ ဖြစ်မလား မပြောတတ်ဘူး။ အဲ့ဒီစုံတွဲတွေရဲ့ လိုက်ဖက်မှုက (70%)တဲ့"

"သြော် . . ."

သူတို့ မှတ်သားကြရသည်။

"ဒါနဲ့ ခင်ဗျားက ဘာသွေးလဲ"

မိုးပြာကို လှည့်မေးတာပါ။ မိုးပြာကလည်း လွှတ်ခနဲ ဖြေမိလိုက်သည်။

"အိုသွေး"

"OK. ပဲဗျာ။ ကျွန်တော်လည်း အိုသွေးပဲ"

သူက ပျော်ရွှင်တဲ့အသံနဲ့ အလျှင်အမြန်ထအော်ပြီး . . .

"ဥပမာ- သူနဲ့ ငါဆိုရင် . . ."

မိုးပြာကို လက်ညှိုးညွှန်ပြီး ဆက်ရှင်းပြတာပါ။

"သူနဲ့ငါဆိုရင် တော်တော်လိုက်ဖက်တယ်လို့ ထင်ရတယ်မို့လား"

"ဟာ . . . ထင်ရတယ်။ အစ်ကိုကလည်း ချောချော၊ အစ်မကလည်း လှလှလေး။ ဘယ်သွားသွား 'ထင်း'နေမဲ့ စုံတွဲပေါ့"

မိုးပြာမှာ ဘာပြန်ပြောရမှန်းမသိ။ တစ်ခုခုပြန်ပြောချင်လွန်းလို့ နှုတ်ခမ်းလေးတပြင်ပြင် လုပ်နေပေမဲ့ ဘာစကားလုံးမှတော့ ထွက်မလာ။ သူတို့ကတော့ စကားဆက်ပြောလို့။

"သူနဲ့ငါ စိတ်ထားလည်း ကောင်းတတ်ကြလိမ့်မယ်။ သူတောင်းစားတွေ၊ ကလေးတွေ၊ ခွေးတွေကအစ ချစ်တတ်တဲ့သဘောလည်း ရှိလိမ့်မယ်။ အမြဲတမ်း ကူညီချင်စိတ်လည်း နိုးကြွနေလိမ့်မယ်"

"ဟာ . . . မင်္ဂလာရှိတဲ့ စုံတွဲမျိုးပေါ့"

"အဟင်း . . . ဟင်း . . ."



သူက ရယ်သည်။ စုံတွဲမှ ကောင်မလေးက ပျော်ပျော်နေတတ်ပုံ ...ည်။ မိုးပြာကို ထပြီး လက်ဆွဲနှုတ်ဆက်တော့သည်။

"Congratulation ပါ အစ်မရယ်။ တကယ့်ကို နှတ်ဖက်တဲ့ စုံတွဲ ...

"မ . . . မဟုတ်ဘူးလေ"

"ဟုတ်တယ်ကွ။ သူနဲ့ငါဆိုရင် လိုက်ဖက်မှုရာခိုင်နှုန်းက (90%) ...ယ်"

"ဟာ . . . အားရတယ်ဗျာ"

စုံတွဲမှကောင်လေးက အားရစွာပြောသည်။ စကားပြောရတာ ...ည်း ကောင်းသည်။ ကားကလည်း ဘယ်ရောက်လို့ ရောက်လာမှန်း ...ည်း မသိ။ အတွေးတစ်ခုဝင်၍ ကောင်လေးက ဖြတ်မေးသေးသည်။

"အစ်ကိုတို့စုံတွဲနဲ့ ကျွန်တော်တို့စုံတွဲဆုံတဲ့ ဒီလိုအချိန် ဘာတွေ ...တတ်လဲဟင်"

"ဟား . . . ဟား . . . သေချာတာတော့ စွန့်စားခန်း လုပ်ရ ...ဘ့မှာပေါ့။ ဟိုမှာ အညိုရောင်ကား လိုက်လာပြီ"

"ဟင် . . ."

"ဟာ . . ."

ကားကို အရှိန်မြှင့်ရပြန်တော့သည်။ တကယ့်ကို စွန့်စားခန်း ...

နောက်ဆုံး ထိုခိုးရာပါ (A) သွေးစုံတွဲအား အဝေးပြေးကားဂိတ် ...အရောက်ပို့ပေးနိုင်ခဲ့သည်။

စုံတွဲက မိုးပြာနှင့်သူ့ကို ကျေးဇူးတင်စွာ မျက်ရည်များဝဲ၍ လက် ...တ်ဆက်သေးသည်။ တဒင်္ဂ ဆုံတွေ့ကျွမ်းဝင်ခဲ့ရသော်လည်း ခွဲခွာရ ...အခါမှာတော့ လွမ်းစရာကောင်းနေတော့သည်။

ထို့နောက် သူတို့လည်း ကိုယ့်ခရီးကိုယ် ဆက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းရောက်သည်အထိ ဘာစကားမှ သူတို့ ထူးထူးခြားခြား မပြောဖြစ်တော့။ ကားပေါ်မှဆင်းမှ သူက . . .

"ကျွန်တော့်ကို မှတ်ထားပေါ့။ စိတ်ပညာမေဂျာက လင်းဆောင် တဲ့"

"အော် . . ."

ဒါကြောင့်ကိုးဟု မိုးပြာစိတ်ထဲမှ ရေရွတ်လိုက်မိသည်။ မိုးပြာ ကလည်း ပြန်မိတ်ဆက်မလို့ရှိသေး . . .

"ရော့ . . ."

ဟု စာရွက်ခေါက်တစ်ခုကို သူက ပေးလာသည်။ မိုးပြာ ချက်ချင်းမယူမိဘဲ ဘာစာရွက်ခေါက်လေးပါလိမ့်ဟု အတွေးဝင်နေမိသည်။

"ရည်းစားစာလို့ ထင်နေလား"

"ဟင် . . ."

"မထင်ပါနဲ့။ ဒါ မိုးပြာ လေ့လာဖို့ပါ"

ပြောပြီး ပေးပြီး သူ ထွက်သွားသည်။

သူက ငါ့နာမည် သိနေပါလား။ သည့်ထက်ပိုလည်း သူ သိတာတွေ ရှိနေဦးမည်ပုံပဲ။ စာရွက်ခေါက်လေးကို ဖြန့်ကြည့်လိုက်တော့ သွေးအမျိုးအစားအလိုက် စုံတွဲများ၏ လိုက်ဖက်မှုရာခိုင်နှုန်းများ ဖြစ်တတ်သည့် သဘောများကို စိတ်ပညာရှုထောင့်မှ လေ့လာထားသော မှတ်တမ်းအချက်အလက်များကို တွေ့လိုက်ရလေသည်။



ကင်န်တင်းထဲဝင်လာသည့် လင်းဆောင်ခြေလှမ်းတို့က လွတ်ထွက်နေသည်။ ဆိုင်ထဲတွင် ဖေယျနှင့် မျိုးလတ်ဦးတို့က ရောက်နှင့်နေပြီ။ မျိုးလတ်ဦးမှာ ဆရာဝန်တစ်ယောက်ဖြစ်ပြီး လင်းဆောင်တို့ထက် အသက်လေးငါးနှစ်ကြီးသည်။ သို့သော် လင်းဆောင်တို့နှင့်တော့ ရွယ်တူသဘောပဲ ပေါင်းခဲ့ကြတာ အတော်ကြာပြီဖြစ်သည်။

လင်းဆောင်က ခုံဆွဲထိုင်ပြီး . . .

"ဟေ့ကောင်တွေ . . . ငါ့ကြည့်ပြီး ပြောကြစမ်း။ ငါဘာဖြစ်လာတယ်ထင်လဲ"

သူ့ကောင်တွေက သူ့ကို လုံးဝမကြည့်ပါ။ သို့သော် စကားတော့ ပြန်ပြောရှာသည်။

"ဘာလဲ တင်ပါးမှာပေါက်နေတဲ့ ဝဲတွေ အချပ်လိုက် ကွာကျသွားလို့လား"

လင်းဆောင် ဆဲချင်သွားသည်။ သူတို့ အငေါ်တူးတာနှင့်ပဲ ပြောမည့်စကားက feel ငုပ်သွားသည်။ ဒါပေမဲ့ ပြောဖြစ်အောင်တော့ ပြောပါသည်။

"ငါ . . . ငါ . . . အခု သူ့ကားနဲ့အတူ ကျောင်းလာတာကွ"

www.burmeseclassic.com

ဒီတော့မှ သူ့ကောင်တွေက သူ့ဘက်လှည့်လာပြီး ကြည့်သည်။ လင်းဆောင်ပြောသည့် သူ့ကိုလည်း ထွေထွေထူးထူး ရှင်းပြစရာမလိုဘဲ မိုးပြာကို ရည်ရွယ်မှန်း တန်းသိလိုက်ကြသည်။ ဇေယျာက ကွန်ပျူတာ ခလုတ်များကို နှိပ်နေရာမှ . . .

“ဘယ်လိုလဲ . . . ။ မနေ့ညကမှ လှုပ်ရှားမယ်လို့ပြောတာ။ ဒီနေ့ ဇာတ်လမ်းစခဲ့ပြီးလား”

“ဟဲ . . . ဟဲ . . . ”

လင်းဆောင် ရယ်သည်။

“ဇာတ်လမ်းက ငါ စခဲ့တာမဟုတ်ဘူးကွ”

“ဒါဆို သူကစတာလား”

မျိုးလတ်ဦးကလည်း ဆရာဝန်ဆိုသည့်အတိုင်း သေပြီးသား ယင်ကောင်ကို သွားကြားထိုးတံနှင့်ဆွကာ အထီးအမခွဲနေရင်းက မေးသည်။

“ဘယ်သူမှ စတာမဟုတ်ဘူး။ ဇာတ်လမ်းက သူ့ဘာသာသူ ပြုတ်ကျလာတာကွ။ ပြောရရင် ဖိနပ်ကိစ္စ”

ဆိုပြီး လင်းဆောင်က သူ၏ ဖိနပ်မပါသည့် ခြေထောက်ကြီး ကို မြှောက်ပြလိုက်သည်။

“ဟာ . . . ဟော့ကောင် . . . ရွံတယ်။ ပြန်ချထား မင်းခြေ ထောက်ကြီး”

“ဖွီ . . . ။ ရွံ့ဗွက်တွေနဲ့ တော်တော်ညစ်ပတ်တဲ့ကောင်။ နူနေ တဲ့ ဝက်အိုမပေါင်ကြီး ကျနေတာပဲ”

ဘာတွေ လျှောက်နှိုင်းမှန်းလဲမသိ။ သူတို့ သက်သက်သာသာ ဝိုင်းသမုတ်နေကြတာနှင့်ပဲ လင်းဆောင် မျက်နှာငယ်ရတော့သည်။

“ငါ . . . ငါ့ဇာတ်လမ်းလေး ပြောပြမလို့ပါကွာ”

“ပြောပါ . . . ။ ရတယ်၊ ရိုးရိုးပြော။ ခြေကားယား လက်ကား ယားတော့ မလုပ်နဲ့”



ကိုယ်က ပြောပြချင်နေတော့လည်း လင်းဆောင် အောက်ကျို့ ပြီး ပြောပြလိုက်ရသည်။ သူ့ဇာတ်လမ်း ပြောပြပြီးပြီးချင်းမှာပဲ ဖုန်းဝင် လာသည်။

မျိုးလတ်ဦးဖုန်းပါ။

“ဆေးရုံက ဆက်တာလားမသိဘူး”

ဟုရေရွတ်ရင်း ဖုန်းကို ကောက်ကိုင်သည်။ ဖုန်းနံပါတ်ကို မြင် . . .

“ဝမ်မေးဆက်တာကွ”

ဟု သူတို့ကို ပြန်မော့ပြောသည်။

“အေး . . . ပြော . . . ဝမ်မေး”

“ . . . . . ”

“ဘာ . . . အခေါင်းရပြီ။ ဟုတ်လား”

“ . . . . . ”

“အင်း . . . OK ပေါ့။ ငါတို့ အခုလာခဲ့မယ်”

ဖုန်းချပြီးသည်နှင့် မျိုးလတ်ဦးက လင်းဆောင်ကို ကြည့်သည်။

“လင်းဆောင် အခေါင်းရပြီတဲ့”

“ဟင်း . . . ဟင်း . . . ဒါဆို အလုပ်စကြတာပေါ့”

ဇေယျာက ကွန်ပျူတာကို ပိတ်လိုက်သည်။ သူတို့ အခေါင်း သွားယူရတော့မည်မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com

# (၃)

“သူ့ပုံက ထက်ထက်မြက်မြက်ရှိတယ်ဟ။ ကားမောင်းတာလည်း အမိုက်စား သိလား။ ‘ဝှီး . . . ဝှီး’ နဲ့။ ငါ့မှာ သူ့ဘေးကထိုင်ရင်း ရင်ထိတ်နေတာ”

မိုးပြာစကားကို ပုဏ္ဏရိပ်နှင့် ရှင်းသန့်က ရွံ့မဲ့မဲ့နှင့်ပင် နားထောင်ပေးနေရသည်။ ဒါကြီးပြောပြနေတာ ဘယ်နှခေါက်ရှိပြီလဲပင် မသိ။

“ကားမောင်းတာ ‘ဝှီး . . . ဝှီး’ လို့ မြည်လို့လားဟ”

“အေးလေ . . . ‘ဝှီး . . . ဝှီး’ ဆိုတာ ဝါးပေတံကို ကြိုးနဲ့ချည်ပြီးယမ်းရင် မြည်တဲ့အသံပါဟာ”

ရှင်းသန့်နှင့် ပုဏ္ဏရိပ်က ကန့်လန့်တိုက်ပေမဲ့ မိုးပြာကတော့ မမှုပါ။ ဆက်ပြောမှာပင်။

“သူကကွာ . . . သွေးအမျိုးအစားလေး သိရုံနဲ့လည်း တစ်ပါးသူရဲ့ စိတ်အခြေအနေတွေကိုလည်း နီးစပ်အောင်ပြောနိုင် . . .”



“တော်ပါတော့ . . . သူငယ်ချင်းရဲ့။ ချစ်သော သူငယ်ချင်းလေးရဲ့။ အဲ့ဒီတစ်ယောက်အကြောင်းပဲ နင်ပြောနေတာ ဒီရက်ပိုင်းအတွင်း ဘယ်နှခေါက်ရှိပြီလဲ”

“အေးလေ . . . နင့်ပါးစပ်ကို ပိတ်ရမလား။ ငါတို့နားကို ပိတ်ရမလား ပြော”

မိုးပြာ မပြောတော့ပါ။ လွင်လွင်ကလေးသာ ပြုံးနေမိသည်။ ငြိုးသား . . .။ သူ့အကြောင်းပြောနေမိတာ ဒီလောက်တောင် များနေသလား။

“ဟော့ . . . သူငယ်ချင်းကောင်း ယောက်မတို့ရေ”

ဝါဝါ၏ အော်သံပါ။

ကော်ရစ်တာတစ်ဖက်က ပြေးလာသည်။ ပြေးလာပုံကလည်း လယာဉ်ပေါ်ကဆင်းလာပြီး ကိုယ့်မိဘကိုတွေ့လို့ ပြေးလာသည့်ပုံမျိုး။ သူက ပြေးလာပေမဲ့ မိုးပြာတို့က ပြေးမဖက်ပါ။ ဒါ ရုပ်ရှင်ဇာတ်ခန်းမှ မဟုတ်တာကို။ အနားရောက်တော့ ဝါဝါက . . .

“နင်တို့ ဘယ်သွားနေကြတာလဲ”

“အောင်မာ . . . လိပ်မ နင့်ကို မေးရမှာ။ ပြောစမ်း ငါတို့ဆီ လာဘဲ ဘယ်သွားနေတာလဲ”

“အာ . . . ဒီနေ့ ဆိုက်ကိုမေဂျာ (Welcome) လေ။ အဲ့ဒီဘက် င်နေတာဟ။ လာ . . . ထပ်သွားရအောင်”

“အေး . . . သွားတာပေါ့”

သို့နှင့် သူမတို့ ဆိုက်ကိုမေဂျာ welcome ပွဲသို့ ထွက်လာခဲ့ကြသည်။

ပွဲရောက်တော့ လူတွေ ကြိတ်ကြိတ်တိုး စည်ကားနေပါသည်။ ငင်မယ်သစ်လွင် ကြိုဆိုပွဲများ၏ ထုံးစံအတိုင်း မေဂျာ၏ ‘King’ ‘Queen’များ ရွေးကြသည်။ ‘ပွန်း’တွေ၊ ‘ဘစ်ရှော့’တွေ၊ ‘ကာဆယ်’ သော့ မရွေးကြပေ။ သီချင်းများလည်း ပျော်ပျော်ရွှင်ရွှင် ဆိုဆို



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ 'Game'ကလေးတွေလည်း ကစားကြသည်။

ထို့ကြောင့် လူတွေ တစ်ခဲနက် စည်ကားနေပါတော့သည်။

သို့သော် . . .

ခပ်လှမ်းလှမ်းမှ တစ်နေရာတွင်လည်း လူတွေသိုသိုသိပ်သိပ်နှင့် စည်ကားနေပြန်သည်။ ဒါကို သူမတို့လည်း လှမ်းမြင်လိုက်ရသည်။

"ဟိုနားမှာ ဘာရှိလို့လဲ"

"အေးနော် . . . လူစည်ကားနေတယ်ဟ"

"သွားကြည့်ရအောင်"

စကားတွေကမှ နောက်ကျနေပါသေးသည်။ ခြေလှမ်းတွေက ဦးအောင်ရွေ့လို့နေချေပြီ။

ထိုနေရာသို့ရောက်သောအခါ အိမ်ကလေးတစ်လုံးကို ဦးစွာ မြင်ရတော့သည်။ မကျဉ်းမကျယ် အရွယ်အစားရှိသည့် အိမ်ကလေးဖြစ်သည်။ အိမ်ကလေး၏ ရှေ့တွင် ကောင်တာစားပွဲလေးရှိသည်။ ထိုစားပွဲတွင် လူနှစ်ယောက်ထိုင်နေသည်။

အိမ်ထဲဝင်ရန် ဖြစ်မည်။ လူတွေတန်းစီလျက် စောင့်ဆိုင်းနေကြတာ များစွာပင်။ လေးငါးမိနစ်ကြာပြီးသောအခါ အိမ်ကလေးထဲမှ လူတစ်ယောက် ပြန်ထွက်လာသည်။ ထိုအခါမှ နောက်တစ်ယောက် အိမ်ထဲဝင်ရသည်။

"ဟယ် . . . ဟိုမှာ . . . "

ထိုအိမ်ကလေး၏ ရှေ့၌ စိုက်ထူထားသော ဆိုင်းဘုတ်ကို ပုဏ္ဏာရိပ်က အရင်မြင်မိလေသည်။

သူမတို့ ထိုဆိုင်းဘုတ်တွင်ရေးသားထားသော စာများကို ဖတ်လိုက်ကြလေသည်။

ဆိုင်းဘုတ်၏ ထိပ်၌ 'စိတ်ဆေးအိမ်'ဟူ၍ စာလုံးကြီးကြီးနှင့် မြင်သာအောင် ရေးထားသည်။ ထိုစာလုံးအောက်တွင်မှ အောက်ပါစာများကို တွေ့ရသည်။



သင့်စိတ်၌ အညစ်အကြေးများ ရှိနေပါသလား။
ဤ "စိတ်ဆေးအိမ်" ထဲသို့ ဝင်ခဲ့ရန် ဖိတ်ခေါ်ပါသည်။
သင့်စိတ်၏ ညစ်နွမ်းမှုအပူအပင်များ
တစ်ခဏဖြစ်ဖြစ် လွင့်ပျောက်အေးငြိမ်းသွားရန်
အာမခံပါသည်။

(ခရမ်းရောင်)

စာကိုဖတ်လိုက်သည်နှင့် သူမတို့၏ စိတ်ဝင်စားမှုက ရုပ်ခနဲ ချက်ချင်းမြင့်တက်သွားသည်။ အိမ်ကလေးဆီ လှမ်းငေး၍ . . .

"စိတ်ဆေးအိမ်"

"စိတ်ဆေးအိမ်"

ဟူ၍လည်း အသီးသီး ရေရွတ်လိုက်မိကြသည်။

"တကယ့်ကို စိတ်ထဲ ကြည်လင်ရှင်းသွားတာပဲဟယ်"

"အင်း . . . ငါလည်း လန်းဆန်းပေါ့ပါးသွားတယ်"

"နေရတာ တစ်မျိုးပဲကွ။ တကယ့်ကို လူသစ်စိတ်သစ် ဖြစ်သွားသလိုပဲ"

'စိတ်ဆေးအိမ်' ထဲမှ ထွက်လာသော လူတချို့က သူမတို့အနားမှ ဖြတ်လျှောက်သွားရင်း အချင်းချင်းပြောသွားကြသော စကားများဖြစ်သည်။

သူမတို့လည်း တစ်ယောက်မျက်နှာကိုတစ်ယောက် အသိတစ်ခုဖြင့် ကြည့်လိုက်သည်။ ပြီး . . . ချက်ချင်းပဲ ခြေလှမ်းများက 'စိတ်ဆေးအိမ်' ဆီသို့။

ထူးဆန်းတာကို စိတ်ဝင်စားသည့် လူ့သဘာဝအရ သူမတို့



www.burmeseclassic.com

www.burmeseclassic.com

လည်း စိတ်ဆေးအိမ်ရှေ့သို့ ရောက်လာခဲ့ပြီး အချင်းချင်း ဘယ်သူဝင်မလဲ တိုင်ပင်ကြသည်။

"ရှင်းသန့် . . . နင် အရင်ဝင်ပါလား"

"အာ . . . ငါမဝင်ရဲပါဘူး။ အထဲမှာ ဘာတွေရှိမှန်း မသိဘဲနဲ့ ကြောက်တယ်။ ငါ့ရည်းစားသိလည်း ပြောနေလိမ့်မယ်"

"အံမယ်လေး . . . သူ့ဘဲ ဂြိုဟ်သားကိုများ အမှတ်ရနေသေး"

ရှင်းသန့်ရည်းစားက ခေါင်းပြား၊ နားရွက်ကားပြီး သွားက ရှေ့ကို တစ်မိုင်လောက်ခေါနေပါသည်။ ဒါကြောင့် သူမသူငယ်ချင်းတွေက ဂြိုဟ်သားဟု သမုတ်ကြခြင်းဖြစ်သည်။

"ကဲ . . . နင်တို့မဝင်ရင်နေ၊ ငါဝင်မယ်"

မိုးပြာက ဆုံးဖြတ်ပြီးသလို ပြောလိုက်သည်။

"ကဲ . . . ဒါဆို တန်းစီဟာ"

မိုးပြာ တန်းဆီလျှက်ရှိသော လူတန်းထဲ ဝင်လိုက်တော့သည်။ သူမ သူငယ်ချင်းများက သူမကို ရှေ့တန်းထွက်ရမည့် စစ်သည်တစ်ဦးလို နှုတ်ဆက်ကြသည်။ 'အစစအရာရာ သတိထား၊ 'သေချာစူးစမ်းခဲ့' ဟုသဖြင့် မှာကြသည်။

နာရီဝက်ခန့် တန်းစီပြီးသောအခါ သူမအလှည့် ရောက်ခဲ့ပြီ။ အိမ်ကလေး၏ အဝင်ဝကောင်တာစားပွဲမှ လူနှစ်ယောက်က သူမကို ကြည့်သည်။ သူမကလည်း တည်ငြိမ်စွာပင် . . .

"ကျွန်မ ဒီအိမ်ထဲ ဝင်ချင်လို့ပါ"

"ရပါတယ်။ ဘယ်သူမဆို ဒီပုံးထဲကို အလှူငွေ စိတ်ရှိသလောက်ထည့်ဝင်ပြီး ဝင်နိုင်ပါတယ်။ ဒါပေမဲ့ တစ်ခုပါပဲ"

"ဘာများလဲ"

"ဒီအိမ်ကလေးထဲ ဝင်တဲ့အခါ စာတွေကို တွေ့ရပါလိမ့်မယ်။ အဲ့ဒီအခါ စာထဲကအတိုင်း အတိအကျ လိုက်နာပေးဖို့ပါပဲ"

"ကောင်းပါပြီရှင်"



ထို့နောက် အလှူငွေတစ်ထောင်ထည့်ကာ အိမ်ကလေးထဲဝင်သည်။

မိုးပြာ အိမ်ထဲဝင်လိုက်လိုက်ချင်းမှာပဲ ကောင်တာမှ လူနှစ်ယောက်၏အသံက ထွက်လာသည်။ ထိုနှစ်ယောက်မှာ ဇေယျနှင့် ဝမ်မေးသည်။

"ဟေ့ကောင် . . . ဇေယျ၊ အဲ့ဒါ ဟိုကောင်မလေးမို့လား"

"အေး . . . ဟုတ်တယ်။ မင်း လင်းဆောင်ကို သတင်းသွားပို့လိုက်ကွာ"

ဝမ်မေး ခေါင်းညိတ်ပြပြီး ချက်ချင်း ထထွက်ခဲ့တယ်။

သူမ ဖျင်စလိုက်ကာကို လက်နှင့်သပ်ဖွင့်ပြီး အထဲဝင်လိုက်သည်။ ဝင်လိုက်သည်နှင့် နံရံကြီးတစ်ခုက သူမကို ဆီးကြိုကာဆီးထားသည်။

ထိုနံရံတွင် အောက်ပါအတိုင်း စာရေးထားသည်။

> အသက်ကို ရှူသွင်းလိုက်ပါ
> ငါးစက္ကန့်ခန့် အောင့်ထားပါ
> ပြီးမှ မှုတ်ထုတ်ပါ
> ထိုသို့ ငါးကြိမ်တိတိ ပြုလုပ်ပါ။

စာထဲကအတိုင်း သူမ ဖြည်းညင်းစွာ ပြုလုပ်လိုက်သည်။ တစ်ကိုယ်လုံး ပေါ့ပါးသွားသလို ခံစားရသည်။

နံရံ၏ တစ်နေရာတွင် 'တံခါး' ဟူသော စာတမ်းတစ်ခုကို ရေးထားသည်။ စာထဲကအတိုင်းပင် သူမ ထိုနေရာကိုသွား၍ လှပ်ဖွင့်ကာ ဝင်လိုက်သည်။ သူမ နောက်တစ်ခန်းသို့ ရောက်သွားချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

ထိုအခန်းတစ်ခုလုံးသည် အဖြူရောင်များနှင့် အတိပြီးနေတော သည်။ နံရံအဖြူ၊ ကြမ်းခင်းအဖြူ၊ မျက်နှာကျက်အဖြူနှင့် ပြင်ပမှ အရော မှာ လုံးဝသက်ရောက်ခြင်း မရှိပေ။ ထိုအဖြူထည် အခန်းလေးက သူ စိတ်ကို တစ်စုံတစ်ရာလွှမ်းမိုးနေသလို ခံစားရစေသည်။

ထိုအခန်းနံရံ၏ အလယ်တွင်လည်း စာတစ်ကြောင်း။

ထိုနံရံအား ဆယ်စက္ကန့်မျှ စိုက်ကြည့်ပါ။

သူမ ထိုစာတမ်းပါအတိုင်း လုပ်ဆောင်လိုက်သည်။

စိတ်ထဲတွင် ကြည်လင်လာသယောင် ခံစားရသည်။

နောက် . . . နံရံ၏တစ်နေရာတွင် တံခါးဟု ရေးထားသည် ကို တွေ့ရပြန်သည်။ ထိုအပေါက်မှ သူမ ဝင်လာခဲ့ပြီး နောက်အခန် တစ်ခုသို့ ရောက်ရှိခဲ့တော့သည်။ ထိုအခန်းကတော့ မှောင်၍နေပြန်သည် ပြင်ပအလင်းရောင် မဝင်စေရန် စီစဉ်ထားပုံပေါ်သည်။ အခန်း၏အလယ် တွင် မီးလုံးမှိန်မှိန်လေး ထွန်းထားသည်။ ထိုမီးရောင်အောက်တွင်တော့

"ဟင် . . ."

ဤတစ်ကြိမ် သူမမြင်လိုက်ရသည့်အရာကတော့ သူမကို အံ့သြ သွားစေသည်။

"အခေါင်းတစ်ခု"

ထိုသို့ပဲ သူမ မြင်မိသည်။ သို့သော် အခေါင်းဟု တိတိပ ပြောရန်တော့ ခက်ဦးမည်။ သေတ္တာရှည်တစ်လုံးဟုသာ ပြောသင့်သည် အရောင်ကတော့ တကယ့်ခေါင်းတလားအရောင်အတိုင်းပင်။

ထိုသေတ္တာ၏ ဘေးဘက်နံရံတွင် စာတမ်းတစ်ခု ကပ်ထာ သည်။

ဤသေတ္တာအတွင်း သင် ဝင်လဲလျောင်းလိုက်ပါ။



သူမ ခပ်ရွံ့ရွံ့နှင့်ပင် အခေါင်း (သို့) သေတ္တာရှည်ကြီးအနား ပ်သွားလိုက်သည်။ သေတ္တာအဖုံးကို ဖွင့်ကာ သူမ ဝင်လဲလျောင်းလိုက် သည်။ အခေါင်း၏အဖုံးမှာတော့ သာမန်သေတ္တာအဖုံးများလိုပင် ပတ္တာ င်ဖြစ်၍ ဖွင့်ရပိတ်ရ လွယ်ကူသည်။

အထဲဝင်လဲလျောင်းလိုက်မှ သူမသိမိသည်မှာ ထိုသေတ္တာမှာ နည်းငယ် ဖောက်နက်နေခြင်းဖြစ်သည်။

သူမ အနေအထားကျကျ လဲလျောင်းလိုက်ပြီးချိန်မှာပဲ သူမ၏ က်ဝန်းအစုံအနီးသို့ ချိန်သီးကလေးတစ်လုံးက တွဲလောင်းကလေး တွဲကျ လာလေသည်။ ထိုချိန်သီးလေးမှာ သေတ္တာ၏ အတွင်းအဖုံးနှင့် တွယ် က်ထားခြင်းဖြစ်သည်။

ချိန်သီးကလေး၏ အရင်းနား၊ သေတ္တာ၏ အတွင်းအဖုံးတွင် တမ်းတစ်ခုကို သူမတွေ့လိုက်ရသည်။

ထိုချိန်သီးကလေးအား လှုပ်ယမ်းနေသည့် အတိုင်း လိုက်ကြည့်ပေးပါ။ ချိန်သီးလေး ငြိမ်သွား ချိန်တွင် သင်လည်း မျက်လွှာမှိတ်၍ စိတ်ချလက်ချ အိပ်စက်လိုက်ပါ။ သုံးမိနစ်ပြည့်လျှင် သင့်အား တစ်စုံ တစ်ရာက နှိုးပါလိမ့်မည်။

ချိန်သီးလေးမှာ ခုနက သူမသေတ္တာအဖုံးအား အဖွင့်အပိတ် ုပ်ထားသည့်အရှိန်ကြောင့် လှုပ်ယမ်း၍ နေသည်။

စာထဲတွင် စေခိုင်းထားသည့်အတိုင်း ချိန်သီးလေးကို သူမ မှိတ်မသုန် ကြည့်နေလိုက်သည်။ ချိန်သီးလေးက ကလေးပုခက်လွှဲ သလို လှုပ်ခါနေသည်။ ထိုလှုပ်ခါနေသော ချိန်သီးလေးနောက်သို့ သူမ ၏ မျက်ဆံနက်ကလေးများကလည်း ယိမ်းယိမ်း၍ လိုက်ပါနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏမျှအကြာလေးတွင်ပဲ သူမ အိပ်စက်ချင်စိတ်တို့ ထိန်းမရ သိမ်းမရ ဖြစ်လာတော့သည်။

ချိန်သီးလေး ငြိမ်သွားချိန်တွင်တော့ သူမ အိပ်ပျော်သွားခဲ့ပြီ ဖြစ်သည်။

. . . . . . . . . . .

. . . . . . . . . . .

. . . သုံးမိနစ် . . .

. . . . . . . . . . .

တီးလုံးသံစဉ်လေးတစ်ခု ခပ်ညင်းညင်းကြားရမှ သူမ နိုးထလာသည်။ အခေါင်း၏တစ်နေရာတွင် လျှို့ဝှက်စွာထားရှိသော ကက်စက်ကလေးမှ ထွက်ပေါ်လာသော တေးသံဖြစ်သည်။

နိုးလာတော့မှ သူမလည်း ကိုယ့်ကိုယ်ကိုယ်အိပ်ပျော်သွားမှန်းသိတော့သည်။ ပိုပြီးထူးဆန်းသည်က သူမတစ်ကိုယ်လုံး လန်းဆန်းပေါ့ပါးကာ ခေါင်းထဲမှာ ဗလာဖြစ်နေသည်။ တောအုပ်ကြီးတစ်ခု၏ အလယ်မှ ရေအိုင်ကလေးလို သူမအသိတို့ ကြည်လင်နေသည်။ စိတ်မှာ လွတ်လပ်၍ နေသည်။

ခန္ဓာအသစ်တစ်ခု၊ စိတ်သစ်တစ်ခုနှင့် ဘဝသစ်တစ်ခုသို့ ရောက်ရှိသွားသလို သူမ လန်းဆန်းလတ်ဆတ်နေတော့သည်။ အံ့ဖွယ်စိတ်ဆေးအိမ်ပါလား။

သူမ အိမ်ထဲက ပြန်ထွက်လာတော့ သူငယ်ချင်းတွေက သူမကို အပြေးကြိုကြသည်။ သူမလည်း သူငယ်ချင်းတွေကို အလိုလို ပြန်ပြုံးပြလိုက်မိသည်။

"ဘယ်လိုလဲ . . . မိုးပြာ"

"ဟင် . . . အိမ်ထဲမှာ ဘာတွေတွေ့ခဲ့လဲဟင်"

သူငယ်ချင်းမတွေဟာ သိချင်ဇောနဲ့ ဝိုင်းမေးကြသည်။ မိုးပြာဘယ်က စဖြေရမှန်းမသိ၍ လက်ကာပြပြီး သူတို့မေးခွန်းတွေကို တားလိုက်ရသေးသည်။

"မိုးပြာ နင့်မျက်နှာ ကြည်လင်နေသလိုပဲ"

ပုဏ္ဏရိပ်ကမိုးပြာကို ဂရုတစိုက်ကြည့်မိပုံပေါ်သည်။ မိုးပြာကလည်း ပုဏ္ဏရိပ်ကို လင်းခနဲ ပြန်ပြုံးကြည့်လိုက်ပြီး . . .

"အင်း . . . ငါ့စိတ်တွေ အရမ်းနေလို့ ကောင်းနေတယ်"

"စိတ်ဆေးအိမ်ထဲ ဝင်လိုက်လို့လား"

"အင်း . . . တကယ့်ကို စိတ်မှာ အညစ်အထေး မရှိတော့သလိုပဲ။ လန်းဆန်းလာတယ်"

"ဟင် . . ."

"တကယ်ပဲလား"

သူငယ်ချင်းတွေက တအံ့တသြဖြစ်ကြသည်။ သူတို့ အံ့သြလိမ့်မည်ဟုလည်း မိုးပြာက ထင်ပြီးသားပါ။

"အင်း . . . စိတ်ဆေးအိမ်ဆိုတဲ့အတိုင်းပဲ စိတ်ကို ဆေးကြောဘိုက်ချွတ်ပစ်လိုက်သလိုပဲ"

"အိမ်ထဲမှာ ဘာတွေရှိလို့ ဒီလို စွမ်းဆောင်နိုင်တာလဲဟ"

သူမ အားလုံး၏မျက်နှာကို တစ်ချက်စီလိုက်ကြည့်ပြီးမှ တစ်လုံးချင်း ဖြေလိုက်သည်။

"အိမ်ထဲမှာ . . . အ . . .ခေါင်း . . .တစ် . . . လုံး . . . ရှိတယ်"

"ဟမ် . . ."

"ဘာ . . . ဘာ . . . "

ရှင်းသန့်က တက်ချင်သလိုဖြစ်သွားကာ တံတွေးကို ဇလုတ်ခနဲအောင် မျိုချလိုက်ရသည်။

"အ . . . အ . . . အခေါင်း . . . ဟုတ်လား"

သူတို့ ကြောက်လန့်နေပုံကို ကြည့်ပြီး မိုးပြာ ရယ်ရသေးသည်။

"ဒီလိုဟာ . . . ငါ သေချာပြောပြပါ့မယ်"




www.burmeseclassic.com

www.burmeseclassic.com

အနီးနားက သစ်ပင်ရိပ်တစ်ခုအောက်သို့ သူမတို့ သွားကြ
သည်။ ထိုအပင်ရိပ်အောက်တွင် မိုးပြာက စိတ်ဆေးအိမ်ထဲမှ အတွေ့
အကြုံကို ချစ်သူငယ်ချင်းမလေးများအား ပြောပြလိုက်လေသည်။ ရှင်းသ
ဝါဝါ၊ ပုဏ္ဏာရိပ်တို့လည်း လေးလေးနက်နက် နားထောင်လိုက်ကြသည်

"ဘယ်လိုအစီအရင်တွေနဲ့များ ဒီအိမ်ကို ဆောက်တာလဲ မသ
ဘူးနော်"

ဝါဝါက ရေရွတ်သည်။ ပုဏ္ဏာရိပ်ကလည်း . . .

"ခုန မိုးပြာ ဒီအိမ်ထဲဝင်တော့ ပြောသံတစ်ခုကြားမိသေးတယ်
လေ။ အဲ့ဒီအိမ်လေးကို စိတ်ပညာကျောင်းသားတစ်ယောက်က ဖန်တီး
ထားတာတဲ့"

"စိတ်ပညာမေဂျာ မောင်မယ်သစ်လွင် ကြိုဆိုပွဲပါဆို စိတ်ပညာ
ကျောင်းသားထဲကပဲ ဒီလိုမျိုးလုပ်မှာပေါ့ဟဲ့"

"အင်းပါ . . . ငါပြောချင်တာက ဒီလိုမျိုး ဖန်တီးနိုင်တယ်ဆို
တာ သာမန်ကျောင်းသားတော့ မဟုတ်နိုင်ဘူးလို့"

သူမတို့တစ်တွေ စိတ်ဝင်စားစွာ ဆွေးနွေးဖြစ်ကုန်ကြသည်
မျက်မှောင်တွေ ကြုတ်လျက်၊ နှုတ်ခမ်းတွေ တင်းလျက်နှင့် ဉာဏ်
သလောက် အတွေးနယ်ချဲ့နေမိကြသည်။

ဒီအိမ်ကလေးကို ဘယ်လိုအချက်အလက်နဲ့ ဖန်တီးခဲ့တာလဲ
How ?

ဒီအိမ်ကလေးကို ဖန်တီးခဲ့တာ ဘယ်သူလဲ။ Who?

ထိုမေးခွန်းနှစ်ခုကတော့ အဓိကနေရာမှ သူမတို့ခေါင်းထဲတွင်
စိုးမိုးနေသည်။ တစ်ခဏမျှအကြာမှာတော့ သိချင်စိတ်ကို မအောင့်အည်း
နိုင်တော့သည့် မိုးပြာက . . .

"ကြာတယ်ကွာ၊ ကောင်တာကို သွားစုံစမ်းမယ်"

• • •



စိတ်ဆေးအိမ်သို့ ဒုတိယတစ်ခေါက် ရောက်ခဲ့ကြသည်။ ထို
ဆေးအိမ်ရှေ့ရောက်တော့ ကောင်တာစားပွဲတွင် ပိုက်ဆံရေတွက်နေ
သော ကျောင်းသားနှစ်ဦးကို တွေ့လိုက်ရသည်။

"ဒီမှာရှင့် . . ."

ပိုက်ဆံရေနေသော ကျောင်းသားနှစ်ယောက်က ပြိုင်တူ ခေါင်း
တင်ကြည့်သည်။

"ကျွန်မတို့ စုံစမ်းချင်လို့ပါ"

မိုးပြာက ဒီလိုပဲပြောရသေး . . .

"အဟီး . . ."

ဆိုပြီး ဟိုနှစ်ယောက်က ပြိုင်တူကြီး ရယ်ပြလိုက်ကြသည်။

'ဟင် . . . ဘာလဲဟ'ဆိုပြီး သူမတို့ ကြောင်သွားကြသေး
ည်။ ကျောင်းသားနှစ်ယောက်က သူတို့ကိုယ်သူတို့ ဗလိုင်းကြီး စတင်
ဆက်တော့သည်။

"ကျွန်တော့်နာမည်က ဇေယျာပါ။ နွေညတစ်ညမှာမွေးပြီး ခြေမ
နည်းနည်းကြီးပါတယ်။ အမေက လေပွရောဂါရှိပြီး အဖေက ငွေရ
အလုပ်အနေနဲ့ ပွဲစားလုပ်ပါတယ်"

"ကျွန်တော်ကတော့ ဝမ်မှေးပါ။ နာမည်အရင်းကတော့ ဝင်း
ပေါ့။ နယ်ကအဖေကတော့ ပီမိုးနင်းရဲ့ ကျမ်းစာအုပ်တစ်အုပ်ကိုင်
သေချာမှာလိုက်ရဲ့ဗျာ။ တက္ကသိုလ်မှာ အတွေ့အကြုံရအောင် ရည်းစား
များ ထားခဲ့တဲ့။

ဒါပေမဲ့ သမာဓိအားကောင်းတဲ့ ကျွန်တော်ကလည်း ဘယ်မိန်းမ
စိတ်မဝင်စားခဲ့ဘူး။ အင်း . . . အခုလို ခင်ဗျားတို့က လိုလိုလားလား
စုံစမ်းတော့လည်း နယ်ကအဖေ့ရဲ့ဆန္ဒကို ဖြည့်ရတော့မှာပေါ့လေ ..
ဟဲ . . . ဟဲ . . . ဟဲ . . ."

သူမတို့ ခါးထောက်ပြီး အော်ရပြီပေါ့။

"ဘာတွေ ပြောနေကြတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ စုံစမ်းချင်တာ ရှင်တို့နှစ်ယောက်အကြောင်း မဟုတ်ဘူးရှင့်"

"ဟင် . . . ဟုတ်ဘူးလား"

သူတို့အကြောင်း စုံစမ်းတာလည်းမဟုတ်ရော ဖေယျုနှင့် ဝမ်မေ့ ချက်ချင်းပင် မျက်နှာတွေကို ပုပ်ပစ်လိုက်ကြသည်။ တကယ်တော့ သူ တို့ ဘာလာစုံစမ်းသည်ကို သူတို့ သိပြီးသားပါ။ သိသိလျက်နှင့် နှော နေခြင်းဖြစ်သည်။

"ဒီ 'စိတ်ဆေးအိမ်' ကို လုပ်တဲ့သူ၊ စီစဉ်တဲ့သူကို တွေ့ချ တာရှင့်"

ဒီတော့မှ ဝမ်မေးနှင့် ဖေယျုက မျက်နှာထား နည်းနည်းပြော လိုက်ပြီး

"သြော် . . . ဝလုံးလေးဆိုတဲ့ ကင်န်တင်းကို လိုက်ခဲ့ပါတ အဲ့ဒီမှာ စောင့်နေပါတယ်တဲ့"

"ဘာရှင့် . . . "

မိုးပြာက နည်းနည်းမကျ အံ့သြသွားရသည်။

"သူက စောင့်နေတယ်ဆိုတော့ ကျွန်မက သူ့ကိုလာရှာမယ် တာ သူ သိနေတယ်ပေါ့"

"ဟုတ်ကဲ့ . . . ၊ သူ ကောင်းကောင်းသိနေပါတယ်"

အို . . . ဘယ်လိုလူမျိုးပါလိမ့်။ သူများစိတ်ကို လိုက်ဖတ်နို တာ။

"သူက ဘာလို့ ဒီလိုသိနေတာလဲ"

"သူနဲ့တွေ့မှ မေးကြည့်ပေါ့"

အင်း . . . ဟုတ်တယ်။ သူ့ကို ကိုယ်တိုင်မေးကြည့်တာ ကောင်းမယ်။

"ဒါနဲ့ သူက စောင့်နေတယ်ဆိုပေမဲ့ ကျွန်မတို့က သွားရှာ သူက စနှုတ်ဆက်ပါ့မလား။ သူ့ပုံစံက ဘယ်လိုမျိုးလဲရှင့်"



ဝမ်မေးက တစ်ချက်စဉ်းစားပြီး . . .

"အင်း . . . ဒီအချိန် သူ 'သိပ်မဖြစ်နိုင်တဲ့ အစားအစာတစ်ခု' ကို စားရင်း စောင့်နေလိမ့်မယ်ထင်တယ်။ ကျွန်တော် အဲ့ဒီလောက်ပဲ ပြောချင်ပါတယ်"

မဖြစ်နိုင်တဲ့စားစရာ။ သူမတို့ မျက်မှောင်ကြုတ်မိသွားကြသည်။

သို့သော် ခြေလှမ်းများကတော့ 'ဝလုံးလေး' ကင်န်တင်းဘက်သို့ ဦးလှည့်ခဲ့ပါပြီ။

ငါးမိနစ်ခန့်လျှောက်ပြီးမှာပဲ အဆိုပါ ဝလုံးလေးကင်န်တင်းသို့ သူမတို့ ရောက်ခဲ့ကြလေသည်။ ဆိုင်ထဲတွင် လူတွေ မနည်းမများရှိ၍နေသည်။ ဘယ်သူကမှလည်း သူမတို့ကို ထပြ၊ လက်ပြ နှုတ်ဆက်မလာ။

ဒါဆိုလျှင်တော့ သူမတို့ကိုယ်တိုင် ရှာရတော့မည်။

"မဖြစ်နိုင်တဲ့ စားစရာတဲ့ ရှာကြစမ်းပါဦး"

"အင်း . . . မဖြစ်နိုင်တဲ့ စားစရာ"

ဘာမှန်းမသိတာကြီးကို သူမတို့ဖြစ်သလို စဉ်းစားနေကြရသည်။ သိပ်တော့မရှာလိုက်ရပါ။ ဝါဝါက . . .

"ဟာ . . . ဟိုပါးစပ်ပြဲပြဲနဲ့ ကျောင်းသားဖြစ်နိုင်တယ်"

ကင်န်တင်းအလယ်မှ ဝိုင်းတစ်ဝိုင်းတွင် တစ်ယောက်တည်းထိုင်နေသည့်ကျောင်းသားကို ညွှန်ပြပြီး ပြောလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကြည့်ပါလား။ သူ့ပါးစပ်က အကျယ်ကြီးပဲ လက်ဖက်ရည်သောက်နေတာကျတော့ ဇွန်းသေးသေးလေးနဲ့ ခပ်ပြီးသောက်နေတာ"

ဝါဝါပြောလည်း ပြောချင်စရာပါ။ ထိုကျောင်းသာက သူ့ပါးစပ်ကြီးနှင့် မလိုက်ဖက်စွာ လက်ဖက်ရည်ဇွန်းလေးနဲ့ ခပ်ခပ်ပြီး သောက်နေလေသည်။ သို့သော် ဝါဝါအဆိုက နည်းနည်းကြောင်လှသည်ဖြစ်၍ သူမတို့ ပယ်ဖျက်လိုက်သည်။

တစ်ဆိုင်လုံး မျက်လုံးဝေ့ပြီး ရှာနေရသည်။ ထိုသို့ရှာနေစဉ်



www.burmeseclassic.com

www.burmeseclassic.com

မှာပဲ ပုဏ္ဏရိပ်၏မျက်လုံးက အလိုကျမှုတစ်ခုနှင့်အတူ ဝင်းသွားသည်။ ဖျောက်ခနဲ လက်ဖျောက်တီးကာ ပြုံးလိုက်သည်။

"ဟိုဆိုင်ထောင့်က ဦးထုပ်ဆောင်းထားတဲ့ ကျောင်းသားပဲ"

ပုဏ္ဏရိပ်ညွှန်ပြသည့် ကျောင်းသားကို ကြည့်လိုက်ကြသည်။ ကျောင်းသားက ဦးထုပ်ငိုက်စိုက်ဆောင်းထား၍ မျက်နှာကို မမြင်ရချေ။

"ဟုတ်လို့လားဟယ်"

"ဟုတ်တယ်။ သူစားနေတာ သိပ်မဖြစ်နိုင်တဲ့ စားစရာပဲ"

"ဘာကြီးလဲ"

ပုဏ္ဏရိပ်က ရယ်ဟဟနှင့် သွက်သွက်လက်လက် ဖြေလိုက်သည်။

"ရေခဲကြော်လေ"

တဟားဟားနှင့် သူမတို့ ထရယ်မိကြတော့သည်။

သို့နှင့် ထိုရေခဲကြော်စားနေသော ကျောင်းသားရှိရာသို့ သူမတို့ ဦးတည်လိုက်ကြတော့သည်။ သူမတို့ ထိုဝိုင်းသို့ မရောက်ခင်မှာပဲ ကျောင်းသားက ဦးထုပ်ကိုပင့်တင်ပြီး ပြုံးပြလိုက်သည်။

"ကျွန်တော်စောင့်နေတာ နည်းနည်းကြာပြီဗျ။ လာ . . . ထိုင်ကြပါ"

"ဟင် . . ."

ထိုစကားသံပိုင်ရှင် ကျောင်းသားလေးမှာ မိုးပြာကို အံ့သြသွားစေသည်။ မိုးပြာ၏ အံ့သြမှုကို သူငယ်ချင်းဖြစ်သူတွေကလည်း သိမြင်လိုက်ကြသည်။

"အဲ့ဒါ ငါပြောတဲ့တစ်ယောက်ပဲ။ လင်းဆောင်ဆိုတာလေ"

"ဟင် . . . သူလား . . ."

သူမတို့လည်း အံ့သြသွားကြသည်။ ရှင်းသန့်ကလည်း တစ်ခါတွေ့ဖူးပြီးသား ဖြစ်ပေမဲ့ လင်းဆောင်ကို ငေးမိသည်။

နောက် ထိုင်ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြသည်။



သူမတို့ ထိုင်ပြီးမှ . . .

"ဆို ကျွန်တော့်ကို တွေ့ချင်တာ ဘာကိစ္စများလဲ"

လင်းဆောင်က သိရဲ့သားနှင့် မေးသည်။

မိုးပြာကလည်း သူ သိနေမှန်းသိလျက်နှင့် ဖြေရသည်။

"အဓိကကတော့ စိတ်ဆေးအိမ်နဲ့ပတ်သက်ပြီး သိချင်တာပါ။ ဘယ်လိုအချက်အလက် ဘယ်လိုသဘောမျိုးတွေနဲ့ ဖန်တီးခဲ့တာလဲပေါ့။ ဒါပေမဲ့ . . ."

တစ်ရှုးဘူးထဲက တစ်ရှုးလေးတစ်စကိုဖြဲကာ နဖူးက ချွေးသီးလေးကို သုတ်လိုက်သေးသည်။ ပြီးမှ . . .

"ဒါပေမဲ့ လောလောဆယ် ရှင့်ကို ကျွန်မ လာရှာမယ်ဆိုတဲ့ အချက်ကို ရှင် ဘယ်လိုလုပ်သိလဲဆိုတာ အရင်သိချင်တယ်"

"အဟင်း . . ."

လင်းဆောင် တစ်ချက်ရယ်ဖြစ်သည်။

"ဟုတ်တယ် . . . ၊ ဒါ မေးသင့်တာပေါ့"

ခဏနားပြီးမှ ဆက်ပြောလေသည်။ သူမတို့ကလည်း နားစွင့်လျက် . . .

"မိုးပြာက (bright orange) အရောင်ကို အရမ်းကြိုက်တယ်မို့လား"

"အင်း . . . ဟုတ်တယ်လေ"

"အဖြေက အဲဒါပါပဲ။ အဲ့ဒီအရောင်ကို ကြိုက်တဲ့သူတွေက တစ်စုံတစ်ရာကို သိချင်ပြီဆိုရင် စိတ်က တားမရ၊ ဆီးမရ ပြင်းပြတတ်တယ်။ ပြီးတော့ မိုးပြာက 'အို' သွေးလေ။ အိုသွေးသမားတွေကလည်း တစ်ခုခုကို စိတ်ဝင်စားမိပြီဆိုရင် အလျှော့မပေးတတ်တဲ့ စိတ်မျိုးရှိတယ်လေ။

ခုနက သူငယ်ချင်းတစ်ယောက်က မိုးပြာ စိတ်ဆေးအိမ်ထဲ ဝင်သွားတဲ့အကြောင်း လာပြောတယ်လေ။ ဒါကြောင့် မိုးပြာ စိတ်ဆေးအိမ်



www.burmeseclassic.com

www.burmeseclassic.com

နဲ့ပတ်သက်ပြီး စိတ်ဝင်စားပြီး ကျွန်တော့ကို လာရှာလိမ့်မယ်လို့ တွက်မိတာပါ"

သူ စကားဆုံးတော့ အားလုံးက မင်သက်မိသွားကြသည်။ 'အလာကြီးပဲ'ဟု သူ့ကို ပုဏ္ဏရိပ်က ခပ်ဖွဖွ မှတ်ချက်ပေးမိသည်။ မိုးပြာကတော့မဲ့ ပြုံးပြုံးရင်း သူ့ကို လေးစားမိသွားတာကတော့ အမှန်ပင် ဖြစ်သည်။ ဒီလူတော့ လွယ်ကိုမလွယ်ဟု မိုးပြာ သြချနေတော့သည်။

"ကဲ . . . ဒါဆို အခု စိတ်ဆေးအိမ်အကြောင်း ရှင်းပြတော့"

လင်းဆောင် ရေနွေးပူပူတစ်ခွက်ငှဲ့ကာ မှုတ်သောက်လိုက်သည်။ မျက်နှာမှာ ငြိမ်သက်လေးနက်သည့်အသွင် ဆောင်လာသည်။ နောက်မှ စကားစသည်။

"ဒီစိတ်ဆေးအိမ်အကြောင်းကို စိတ်ပညာ မလိုက်စားတဲ့သူတွေကို ရှင်းပြရမှာ ထင်သလောက်တော့ မလွယ်ဘူး။ ဒါပေမဲ့ ပြောပြပါ့မယ်။ ဒီအိမ်ကလေးကို အင်း . . . အချက်အလက်နဲ့ပြောရရင် (၁) ဝိပဿနာ သဘောမျိုး၊ (၂) အရောင်ဗေဒ၊ (၃)အိမ်မွှေ့ချနည်းစနစ်ဆိုပြီး သုံးမျိုးလောက်တော့ အနည်းဆုံး ခွဲပြောသင့်တယ်"

" . . . . . "

"ပထမဆုံးအနေနဲ့ အိမ်ထဲဝင်လိုက်တာနဲ့ အသက်ရှူလေ့ကျင့်ခန်းကို လုပ်ခိုင်းထားတဲ့စာကို တွေ့ရမှာပေါ့။ ဒါ ဝိပဿနာသဘောပဲလေ။ အာနပါနဆိုတဲ့ ဝင်လေထွက်လေနဲ့ စိတ်ကို အရင် 'စိစ်' ခိုင်းလိုက်တာပေါ့။ ဒါ စိတ်ကို အခြေခံ သန့်ရှင်းရေးလုပ်ပေးလိုက်တာပဲ"

" . . . . . "

"နောက် အခန်းတစ်ခုကို ရောက်တဲ့အခါမှာတော့ အဖြူရောင်အတိပြီးတဲ့ နံရံတွေအမိုးတွေကို တွေ့ရမယ်။ ပြီးတော့ နံရံကိုစိုက်ကြည့်ခိုင်းတဲ့စာကိုလည်း တွေ့ရမှာပေါ့။ ဘာကြောင့် အဖြူရောင်နံရံကို ကြည့်ခိုင်းရတာလဲဆိုရင် စိတ်ပညာဆက်နွယ်မှုသဘောအရ အဖြူရောင်မှာ ကြည်လင်ခြင်း၊ အပြစ်မဲ့ခြင်း၊ စင်ကြယ်ခြင်းဆိုတဲ့အစွမ်းတွေ ရှိတယ်။



ဒါကြောင့် အဖြူရောင်ကိုကြည့်တဲ့အခါ လူရဲ့စိတ်ဟာ စိတ်မှာ ဝဲ ပြန်ကပ်တွယ်ပြီး ကြည်လင်လာလိမ့်မယ်။ ခုနက အခြေခံသန့်စင်ပြီးသားစိတ်ဟာ ပိုလို့ ကြည်လင်လာပြီပေါ့ဗျာ"

မိုးပြာလည်း အဖြူရောင်နံရံကြီးကို ငေးကြည့်တုန်းက ထိုသို့ ကြည်လင်မှုခံစားရကြောင်း ပြန်တွေးလိုက်မိသည်။ လင်းဆောင်က ဆက်ပြီး . . .

"နောက်ဆုံးအခန်းကို ဝင်တဲ့အခါမှာတော့ ရှည်လျားတဲ့ သေတ္တာကြီးတစ်လုံးကို တွေ့လိမ့်မယ်။ အဲ့ဒီသေတ္တာကို မြင်မြင်ချင်းပဲ လူဟာ အခေါင်းကို တန်းမြင်မိမှာပဲ"

"ဟုတ်တယ် မြင်မိတယ်"

"မြင်မိမှာပဲလေ။ ကျွန်တော်ဟာလည်း အဲ့ဒီလိုမြင်မိအောင် လုပ်ထားတာကို အခေါင်းကိုတွေ့တွေ့ချင်း လူဟာ ချောက်ချားသွားလိမ့်မယ်။ ဒီနေရာမှာ ဖြည့်ပြောသင့်တာလေးရှိတယ်။ လူဟာ သိစိတ် (၁၀%)၊ မသိစိတ်(၉၀%)နဲ့ ရှင်သန်နေရတယ်ဆိုတဲ့အချက်ပဲ။

အခေါင်းကို တွေ့လိုက်တဲ့အခါမှာ လူရဲ့မသိစိတ်ထဲကို သေခြင်းတရားကပါ ပျော်ဝင်ပြီးသား ဖြစ်သွားလိမ့်မယ်ဗျ။ စိတ်ညစ်စရာတွေ၊ မကောင်းတဲ့အတွေးတွေကို ဒီအခေါင်းထဲဝင်ပြီး သေသွားတယ်ဆိုတဲ့ သဘောမျိုး မြင်မိအောင်ပေါ့"

သူက လက်ကျန်ရေနွေးကို မော့သောက်လိုက်ပြီး ဆက်ပြောသည်။

"ချိန်သီးဆိုတာ စိတ်ပညာရပ်မှာ ဘာလုပ်တဲ့နေရာမှ အသုံးများလဲဆိုတာ ခင်ဗျားတို့ သိမှာပါ"

"အိပ်မွေ့ချတဲ့နေရာလား"

"ဒါပဲပေါ့ဗျာ။ လူဟာ အခေါင်းထဲဝင်ပြီး လဲလျောင်းတဲ့အခါ ချိန်သီးလေးနဲ့ ရင်ဆိုင်ရတော့မယ်လေ။ လှုပ်ယမ်းနေတဲ့ ချိန်သီးလေးက သူ့ကို အိပ်မွေ့ချပေးလိမ့်မယ်။ မကြာခင်မှာပဲ သူ ဘာအတွေးမှမရှိ



www.burmeseclassic.com

www.burmeseclassic.com

ဘဲ အိပ်ပျော်သွားလိမ့်မယ်။ (၃) မိနစ်ပြည့်သွားရင်တော့ တီးလုံးလေး တစ်ခုနဲ့ အဲ့ဒီလူကို နှိုးလိုက်တယ်။ စိတ်ကြည်လင်လင်နဲ့ တစ်ရေးအိပ်ပြီး တဲ့သူဟာ စိတ်ညစ်စရာတွေ တဒင်္ဂပြေပျောက်သွားမှာတော့ သိပ်သေချာ နေပြီပေါ့။ ပြီးတော့ လန်းဆန်းလာလိမ့်မယ်။ လတ်ဆတ်နေလိမ့်မယ်။ ဒါပါပဲ"

သူမတို့ ဘာစကားမှ မဆိုမိကြတော့ဘူး။ ဆိုဖွယ်စရာမရှိဆို တာမျိုးဖြစ်နေကြသည်။ ဒီလူ နယ်နယ်ရရတော့မဟုတ်ဘူးဟု တွေးမိ ကာ သူမတို့ လေးစားအထင်ကြီးစိတ် ပိုမိကြတော့သည်။

"တကယ်တော့ ဒါ ကျွန်တော်ရဲ့ကိုယ်ပိုင်နည်းစနစ်တွေလို့ ပြော လို့မရပါဘူး။ နိုင်ငံတကာမှာ ဒီလိုပဲ စိတ်ပညာဗေဒနဲ့ပတ်သက်ပြီး စိတ် ကြည်လင်အောင် လုပ်တာမျိုးတွေ ရှိတယ်လေ။ အဲ့ဒါတွေကို ကိုးကား ပြီး ကျွန်တော် လုပ်ထားတာပါ။ နိုင်ငံတကာမှ အရောင်ဗေဒကိုသုံးပြီး စိတ်ဝေဒနာကိုလည်း ကုလာကြပြီလေ။ သြော် . . . အခေါင်းအကြောင်း ပြောရဦးမယ်"

"ထိုင်းနိုင်ငံ ဘန်ကောက်မြို့ မြောက်ပိုင်း (၆၆) မိုင်အကွာလောက် မှာ Wat Prommance လို့ခေါ်တဲ့ ဘုန်းကြီးကျောင်းရှိတယ်။ အဲ့ဒီကျောင်း မှာ အခေါင်းတွေ ထားထားတယ်။ လူတွေက အဲ့ဒီအခေါင်းတွေထဲကို ပိုက်ဆံပေးပြီး ခဏဝင်အိပ်ကြတယ်ဗျ။

အဲ့ဒီအခေါင်းထဲက ထွက်လာရင် စိတ်ညစ်စရာတွေပျောက်ပြီး လန်းဆန်းလာတယ်တဲ့။ စိတ်ညစ်ပင်ပန်းတာတွေ သေသွားတဲ့သဘော ပေါ့။ ကျွန်တော်ကလည်း ကျွန်တော့် စိတ်ဆေးအိမ်မှာ အဲ့ဒီအခေါင်း အသုံးပြုတဲ့အချက်ကလေးကို အိပ်မွေ့ချတဲ့နည်း စနစ်နဲ့တွဲပြီး ယူသုံး လိုက်တာပေါ့"

"သြော် . . ."

"သြော် . . . ဒီလိုကိုး"



သူမတို့ ခေါင်းတဆတ်ဆတ်ညိတ်ကြသည်။ ဘာပဲဖြစ်ဖြစ် သူ့ ကိုတော့ အသေ အထင်ကြီးသွားချေပြီ။ ပြီးနောက် သူမတို့တစ်ယောက် မျက်နှာကို တစ်ယောက်ကြည့်ကာ . . .

"ကဲ . . . ဒီလိုရှင်းပြတဲ့အတွက် ဗဟုသုတရလို့ ကျေးဇူးတင် ပါတယ်။ အကျိုးလည်း အများကြီးရှိခဲ့ပါပြီ။ ကျွန်မတို့ ပြန်လိုက်ပါဦး မယ်"

မိုးပြာက ပြန်ရန် နှုတ်ဆက်သည်။

လင်းဆောင်ကပြုံး၍ သူမရှေ့သို့ စာရွက်ခေါက်လေးတစ်ခု ထိုး ပေးလိုက်သည်။

"ရော့ . . ."

"ရှင် . . ."

"ရည်းစားစာလို့ ထင်လို့လား"

"အို . . . မထင်ပါဘူး"

မိုးပြာ လူအများကြားမို့ ခပ်ရှက်ရှက် ဖြစ်သွားပါသည်။ သူက တော့ ပြုံးသည်။

"အဟင်း . . . ရော့ . . . ယူပါ။ မိုးပြာ စိတ်ပါရင် လေ့လာ လို့ရတာပေါ့"

ပြောပြီး ပြုံးစစနှင့်ပဲ သူ ဦးဆောင်ထွက်သွားလေသည်။ သူမ တို့သာ နားမလည်စွာ ကျန်ခဲ့ရသည်။

"မိုးပြာ စာရွက်ကို ဖွင့်ကြည့်စမ်း။ ဘာတွေလဲလို့"

သိချင်စိတ်ကို မအောင့်နိုင်စွာ ရှင်းသန့်ကပြောသည်။ မိုးပြာ က စာရွက်ခေါက်ကို ဖြန့်ကြည့်လိုက်တော့ စာရွက်တွင် အရောင်များ နှင့် စိတ်များ ဆက်နွယ်ခံစားတတ်သည့် အချက်အလက်များကို ရေး ထားခြင်းဖြစ်သည်။

"သူက စိတ်ပညာသဘောတရားတွေ တော်တော်လေ့လာထား ပုံပဲ၊ ခရီးလည်း တော်တော်ရောက်နေပြီပဲ"



www.burmeseclassic.com

www.burmeseclassic.com

ရှင်းသန့်က ချီးကျူးသည်။ ပုဏ္ဏာရိပ်ကလည်း တစ်ခုခုတွေးမိသည့်ပုံနှင့် . . .

“မိုးပြာ နှင့်အမေရောဂါကို သူနဲ့ ဆွေးနွေးကြည့်ရင် မကောင်းဘူးလား”

“ဟင် . . .”

ပုဏ္ဏာရိပ် သတိပေးမှ မိုးပြာလည်း သတိရမိတော့သည်။ ဟုတ်သည်။ သူနှင့်ဆိုလျှင် အဆင်ပြေမလား။ မိုးပြာ လေးလေးနက်နက် တွေးမိသည်။ သို့သော် နောက်ထပ်အတွေးတစ်ခုကလည်း ယှက်သမ်းဝင်ရောက်လာသည်။

“ဟာ . . . သွားပြီ။ ငါ သူ့ကိုမေးဖို့ တစ်ခုကျန်ခဲ့ပြီ”

“ဘာလဲ . . . ဘာများလဲ”

“စိတ်ဆေးအိမ်ရဲ့ထိပ်က ဆိုင်းဘုတ်မှာရေးထားတဲ့စာကို မှတ်မိကြလား”

“အေး . . . မှတ်မိပါတယ်။ ဘာဖြစ်လို့လဲ”

“အဲ့ဒီစာအောက်က ကွင်းစကွင်းပိတ်ထဲမှာ ခရမ်းရောင်လို့ ရေးထားတာလေ။ အဲ့ဒါ ဘာသဘောလဲ။ ဘာကြောင့်လဲ”

မိုးပြာပြောမှ သူမတို့လည်း ပြန်တွေးမိသည်။ ဟုတ်သည်။ ခရမ်းရောင်ဆိုတာ ဘာလဲ၊ ဘာသဘောလဲ။ အို . . . ခရမ်းရောင် ?



## အရောင်များအပေါ် အဓိပ္ပာယ်ဖွင့်ဆိုမှုများ

| | | |
|---|---|---|
| Pink | = | ပျော်ရွှင်မှု၊ စိတ်ချမ်းမြေ့စရာ |
| Rose | = | သနားကရုဏာ၊ ချစ်ခြင်းမေတ္တာ |
| Red | = | တဏှာရာဂ၊ ငမ်းငမ်းတတ်ခြင်းသဘော၊ သွေး၊ စစ်၊ အရှုံးအမှုးနှင့်မသေခင် ခံစားရသော ဝေဒနာကို ကိုယ်စားပြု |
| Dark Red | = | အမုန်း |
| Bright Orange | = | လူထူးလူဆန်း၊ သိချင်စိတ်ပြင်းပြမှု |
| Orange | = | ဆိုက်ကိုဆန်မှု |
| Brown | = | စိတ်မကျန်းမာခြင်း |
| Light Yellow | = | သတ္တိနည်းခြင်း |
| Yellow | = | နွေးထွေးမှု၊ ကြောက်ရွံ့မှု |
| Dark | = | ရဲရင့်မှု |
| Light Green | = | မနာလိုမှု |
| Green | = | နွေဦးပေါက်အရောင်၊ ပျိုမျစ်ခြင်း၊ လူငယ်ဆန်ခြင်း၏အရောင် |

...လင့်ခြင်းကို ကိုယ်စားပြုသည့် အရောင်ဟုလည်း အမေရိကန် နက္ခတ်...
...ာ (zolar) ကဖွင့်ဆိုထား)



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| Blue | = | ငြိမ်းချမ်းခြင်း၊ အစဉ်အလာကြီးမှု၊ နက်နဲမှု |
| Light Blue | = | ဝမ်းနည်းခြင်း၊ မပြောင်းလဲခြင်းသဘော၊ စွမ်းအား။ |
| Dark Blue | = | ဖိအားများခြင်း၊ စိတ်ဓာတ်ကျခြင်း။ |
| Lavender | = | စွဲလမ်းမှု။ |
| purple | = | ချမ်းသာကြွယ်ဝမှု၊ ဉာဏ်ပညာ။ |
| Violet | = | တော်ဝင်ခြင်း၊ သစ္စာတရား၊ မှော်ဆန်ခြင်း။ |
| White | = | စင်ကြယ်မှု၊ ကြည်လင်တောက်ပမှု၊ အပြစ်မဲ့ခြင်း။ |
| Grey | = | မရေရာမှု၊ ထဲထဲဝင်ဝင်ဖြစ်မှု။ |
| Black | = | ငြိမ်သက်ခိုင်မြဲခြင်း၊ စွမ်းအားရှိမှု။ |
| Gold | = | ရစ်ပတ်နှောင်တွယ်တတ်၊ ကြွယ်ဝမှု။ |
| Silver | = | ဂမ္ဘီရဆန်ခြင်း၊ လျှို့ဝှက်ခြင်း။ |

'တစ်ကြောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း' သည့် သဘော အရ မျိုးကွဲသော အခြားဖွင့်ဆိုမှုများလည်း ရှိပါသေး၏။ တွေ့လည်း တွေ့ဖူးကြပါလိမ့်မည်။



(၄)

နံနက် ကိုးနာရီခန့်အချိန်ဖြစ်၍ စာသင်ရန်ကောင်းသောအချိန် သည်။ ကျောင်းသားကျောင်းသူများက ငြိမ်သက်ဝင်စားစွာ နားထောင် ကြသည်။ ဆရာကလည်း ဈာန်ပါပါ သင်ကြားပို့ချနေသည်။

ဆရာ့စကားထဲတွင် စိတ်ပညာရှင်များအနက် ကျော်ကြားကြ ော ဆစ်ဂမန်ဖရိုက်၊ အယ်လဖရက်အက်ဒလာနှင့် စီဂျေယွန်းတို့ ည်များလည်း ခေါက်တုံ့ခေါက်ပြန် ပါဝင်နေလေသည်။

စိတ်ခွဲပညာအကြောင်း၊ သိစိတ် မသိစိတ်အကြောင်းနှင့်တကွ ်းကိုယ်ကိုယ်သတ်သေသူများ အကြောင်းတို့ကိုလည်း ရောလုံးယှက် င် ပို့ချနေသည်။ တရားသဘောနှင့်ယှဉ်ကာ ဝိဘဝတဏှာကြောင့် ော့ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ကြကြောင်းလည်း ခန့်မှန်းပြောဆို းသည်။

မည်သို့မည်ပုံ စကားရောက်သွားသည်မသိ၊ ဆရာက မေးခွန်း ခဲ့ မေးလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"လူတွေက ဒေါသထွက်ရင် နီးနီးလေးရှိလျက်နဲ့ပဲ အော်ဟစ်ပြောဆိုလာတတ်ကြတယ်နော်။ အဲဒါ ဘာဖြစ်လို့လဲ"

မည်သူမျှ ချက်ချင်း ထဖြေဆိုလာခြင်း မရှိပေ။

"စိတ်ပညာသဘောတရားနဲ့ ဘယ်သူ ချက်ကျလက်ကျ ပြောနိုင်မလဲဟေ့"

ဆရာက ဒုတိယအကြိမ် ထပ်မေးသည်။

ထိုအခါမှ ကျောင်းသားတွေ တစ်ယောက်ပြီးတစ်ယောက်ထဖြေကြတော့သည်။ လေးငါးခြောက်ယောက် ထဖြေပြီးသည်အထိ စိတ်ကျေနပ်ရလောက်အောင် လက်ခံနိုင်သည့် အဖြေကို မရပေ။ သမားရိုးကျ အပေါ်ယံအဖြေများသာ များနေသည်။

ဖြေမည့်သူ ထပ်ပေါ်မလာတော့ အားလုံး၏မျက်လုံးက အခန်းထောင့်ဆီ ရောက်သွားသည်။ ဆရာကလည်း ပြုံးလျက် ကျောင်းသားတွေကြည့်သည့်နေရာအတိုင်း လိုက်ကြည့်လိုက်ပြီး . . .

"ကဲ . . . လင်းဆောင့်ရေ . . . ထုံးစံအတိုင်း မင်း ဘာဖြေမလဲ သိချင်နေကြပြီ"

ဒီတော့မှ လင်းဆောင်က ထိုင်ရာမှထလိုက်သည်။ သူက အ တိုင်းလည်း ဖြေမည့်သူမရှိတော့မှ ထဖြေတတ်သည်။

ဆရာက မေးခွန်းကို နောက်တစ်ခါမေးသည်။

"ဒေါသထွက်လာတဲ့အခါ လူတွေဟာ နီးနီးလေးရှိပါလျက် ဘာလို့ အော်ဟစ်ပြောဆိုကြတာလဲ"

တစ်ခန်းလုံး ငြိမ်နေသည်။ သူ့ကို ကြည့်နေသည်။ သူက လေသံ ငြိမ်ငြိမ်နှင့်ပင် . . .

"အဲဒါ စိတ်ရဲ့အကွာအဝေးကြောင့်ပါ ဆရာ"

ဆရာ့မျက်နှာ ဝင်းခနဲ လင်းသွားသည်။

"ဆက်ပြောပါဦး"



"ဟုတ်ကဲ့ပါ . . . ဆရာ။ လူနှစ်ယောက် စိတ်ဆိုးဒေါသထွက်နေတဲ့အချိန်မှာ သူတို့စိတ်ဟာ အရမ်းကွာဝေးနေတယ်။ အဲ့ဒီ ဝေးနေတဲ့ အကွာအဝေးကြောင့် အော်ဟစ်ပြောမှ ကြားနိုင်လိမ့်မယ်ထင်ပြီး အော်ပြောကြတာပါ။ အော်လေ ဒေါသထွက်လေ။ ဒေါသထွက်လေ၊ စိတ်က ပိုဝေးလေ၊ စိတ်တွေဝေးလေ ပိုအော်လေနဲ့ အဲ့ဒါ သံသရာလည်နေတတ်ပါတယ်"

သူ တံတွေးမျိုချပြီး ဆက်ပြောသည်။

"အဲ့ဒီအတွက် မြင်သာတဲ့ နောက်ဥပမာတစ်ခုရှိပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သင့်မြတ်နေတဲ့အချိန် . . . အင်း . . . သမီးရည်းစားနှစ်ယောက်ပဲ ထားပါတော့။ သူတို့ ကြည်နူးနေချိန်တွေမှာဆို စကားလေးတွေကို တိုးတိုးလေးပြောတတ်ကြတယ်။ အဲ့ဒါဘာလို့လဲဆိုတော့စိတ်ချင်း နီးကပ်နေလို့ပဲ။

တစ်ခါတလေကျ စကားနဲ့တောင် ပြောစရာမလိုတော့ဘူး။ မျက်လုံးကလေးတွေ အမူအရာလေးတွေနဲ့တင် တစ်ယောက်ပြောမဲ့စကားကို တစ်ယောက် ကြားနေကြပြီ။ အဲ့ဒီအခါမှာတော့ စိတ်ဟာ နီးလွန်းရုံအင်မကဘူး။ ထပ်တူတောင်ကျနေပြီလို့ ပြောလို့ရပါတယ်။ ဒါကြောင့် စိတ်ရဲ့အကွာအဝေးတွေကြောင့်လို့ ပြောရတာပါဆရာ"

ဆရာက ဦးဆောင်တာမဟုတ်ပါ။ ကျောင်းသားများက သူ့ဘာသာသူ လက်ခုပ်တီးကြခြင်းဖြစ်သည်။ သူတို့မဂျာ သူတို့အတန်းမှာကျတော့ လင်းဆောင်လောက်ကောင်းသော ကျောင်းသား ရှိလိမ့်မည်မဟုတ်ပေ။

ခဏနေကျတော့ အတန်းဆင်းသည်။

လင်းဆောင်ကို ဆရာက ပခုံးပုတ်အားပေးသည်။ အတန်းဖော်တော်များများကလည်း လင်းဆောင်၏ထူးချွန်မှုကို ဂုဏ်ယူသည့်အနေဖြင့် လှမ်းပြုံးပြ နှုတ်ဆက်ကြသည်။ လင်းဆောင်ကို တစ်ခန်းလုံးက အားကျကြ၊ ချစ်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

လူရှင်းသွားမှ လင်းဆောင်နှင့်ဖေယျ အခန်းမှ ထွက်ခဲ့ကြသည်

အခန်းဝတွင် ဆရာဝန်ငပျင်း (အားရှိဆေးခန်းပိတ်နေ... မျိုးလတ်ဦးက ရောက်နှင့်နေသည်။ သူကပဲ ပြုံးစစနှင့် . . .

“ဟော့ကောင် . . . လင်းဆောင် မင်းအတွက် လက်ခုပ်သံ... က ရက်ရက်ရောရော ပေါများသားကွ”

လင်းဆောင် ပခုံးတစ်ချက် တွန့်ပြလိုက်ပြီး . . .

“ငါက အများအကျိုးဆောင်တာကိုးကွ”

တကယ်လည်း လင်းဆောင်က အများအကျိုး ထမ်းပိုးနေ... တစ်ယောက် ဖြစ်ပေသည်။

ကင်န်တင်းရောက်တော့ ဝမ်မေးကို တွေ့သည်။ ဝမ်မေး... အတန်းလစ်ပြီး ကင်န်တင်းအရင်ရောက်နေခြင်းဖြစ်သည်။ ဝမ်မေး၏... မှာ အငွေ့တထောင်းထောင်းထနေသော ခေါက်ဆွဲကြော်ပန်းကန်ကြီး... တစ်လုပ်မှ စားရသေးပုံမပေါ်။ လင်းဆောင်တို့ကိုလည်း မြင်ရော ... ခေါက်ဆွဲကြော်ပန်းကန်ကြီးကို ရင်အုံနှင့်အုပ်ကာ ဝပ်လိုက်သည်။

ဒါကို လင်းဆောင်တို့ကလည်း သိပ်မြင်ပါသည်။ လင်းဆော... တို့ ခုံတွေအသီးသီးဆွဲထိုင်ပြီး သုံးယောက်သား တစ်ယောက်မျက်... တစ်ယောက် ကြည့်လိုက်ကြသည်။ ဘာစကားမှတော့မပြော။ (ပြောစ... မလိုအောင်ပင် စိတ်တွေက ထပ်တူကျနေပြီမဟုတ်လား) သူတို့ဘာလု... ရမည်ကို သူတို့သိနေပြီလေ။

ဝမ်မေးက ခေါက်ဆွဲကြော်ကို ခရင်းနှင့်ကော်ကာ တဖူးဖူးမှု... ၍ အားရပါးရစားရန် ပါးစပ်နားတေ့တုန်း . . .

“ချီးထဲက ‘လောက်’ ချီးထဲ ပျော်တာပဲ”

“ဟာ . . .”

မျိုးလတ်ဦးစကားကြောင့် ဝမ်မေး ပါးစပ်ထဲသွင်းမည့်ခေါက်... မသွင်းဖြစ်ဘဲ တန်းလန်းကြီး ရပ်သွားသည်။



“ဒါမျိုးက ‘ဉီဖွ . . . အီးတုံးကလေးရေ . . . မတ်တတ်ထ’ ဆိုပြီး ပြောလို့ရတာမဟုတ်ဘူး”

“ငါပြောတာလည်း အဲ့ဒါပဲ။ ဒီကောင်ကိုက ချွေးအန့်ဖတ်ကို ဆန်ပြုတ်မှတ်နေတာ”

“အေးလေ . . . တီကောင်ပါဆို တွန့်တွန့်လေးလားမေးလို့။ ထို . . .”

“အာ . . .”

ဝမ်မေး ခရင်းကို ပြန်ချရသည်။ ပါးစပ်ထဲ သူတို့စကားတွေ နှင့်ပင် တံတွေးပွလာချေပြီ။

“မင်း . . . မင်း . . . တို့ ဘာအကြောင်း ဆွေးနွေးနေတာ လဲ”

“ဘာမှမဟုတ်ပါဘူးကွာ”

“အေး . . . အေး . . . မဟုတ်ရင်လည်း ပြီးရော . . . ပြီး ရော . . .”

ပြီးရောပြီးရောဆိုပြီး ဝမ်မေး ဘာမှမတွေးမိအောင် ကြိုးစားရင်း ခေါက်ဆွဲကို ဆက်စားဖို့ ကြံပါသည်။ ဒါပေမဲ့ မပြီးသေးပါ။

“မစင်ပုံ တုတ်နဲ့ထိုးလို့ ကိုယ်ကျိုးနည်းမှာပေါ့ကွ”

“ချေးယိုခါနီးမှ ချေးခံတွင်းပေါက် ရှာတာပါကွာ”

“အာ . . . ဟော့ကောင် ငါစားနေတယ်ကွ”

“စားပါလား မင်းဘာသာမင်း”

“မင်းတို့က ဟိုအတုံးတွေ၊ အကောင်ပျော့ပျော့ကြီးတွေကို စကားထဲ ထည့်ပြောမနေနဲ့လေကွာ”

“စကားထဲ ထည့်မပြောလို့ မင်းပါးစပ်ထဲ လှမ်းထည့်ရမှာလား”

“အား . . . ထွီ . . . ဖွီ . . .”

အစားပုတ်သော်လည်း အကြီးအကျယ်ရွံတတ်သော ဝမ်မေး ဘယ်လိုမှ သည်းမခံနိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

"မစားဘူးကွာ မစားဘူး။ မစားကို မစားတော့ဘူး"

အကြီးအကျယ် စိတ်နာသွားသည့်အသံနှင့် အော်ပြောကာ ဝမ်းမှေး ထထွက်သွားပါတော့သည်။ ဒီတော့မှ သူတို့သုံးကောင်က ဝမ်းမှေး တစ်လုတ်မှ မစားလိုက်ရသည့် ခေါက်ဆွဲကြော်ကို ဝါးလိုက်ကြတော့သည်။

စားပြီးဝါးပြီးမှ ဖေယျက သူ့ကွန်ပျူတာလေးကို ဖွင့်သည်။ လင်း ဆောင်ကလည်း စာရင်းဇယားတချို့ထုတ်ကာ အလုပ်ကိစ္စအတွက် ပြင် ဆင်ရသည်။

"ဒီတစ်ပတ်ဆန်းဒေး ဘယ်ကိုအလှည့်ပေးထားလဲ ဖေယျ"

မျိုးလတ်ဦးက မေးတာပါ။ ဖေယျက . . .

"အဘိုးထွန်းတို့၊ အဘွားမွှေးတို့ဆီကွာ"

"အင်း . . . အင်း . . ."

မျိုးလတ်ဦးက ခေါင်းညိတ်သည်။ ဖေယျက လင်းဆောင်က လှမ်းကြည့်ပြီး . . .

"ဘယ်လိုလဲ လင်းဆောင် သွားမှာမို့လား"

"ဟင် . . . အေး . . . သွားမယ်လေ။ အဲ့ဒီဘက် အလှည့် မပေးတာ တောင်ကြာနေပြီ။ အင်း . . . သန်ဘက်ခါကျရင်တော့ ဦးလေးငြိမ်ဆီ သွားဦးမယ်"

"အေး . . . အေး . . . ဒီမှာလာကြည့်ဦး။ ဒါ အဖွဲ့ခွဲ (၈) က လှမ်းပို့လိုက်တဲ့ ရန်ပုံငွေစာရင်း"

ဖေယျ ကွန်ပျူတာရှိရာသို့ လင်းဆောင် သွားရွှေ့ထိုင်လိုက် သည်။

အများအကျိုး ထမ်းရွက်နေသော လူငယ်ကလေးများက တကယ်ပင် ရှိနေပါသည်။

✻ ✻ ✻



ခြံဝန်းထဲ သူဝင်ခဲ့တော့ မဲတူနှင့်ဖိုးထွေးက စိုက်ခင်းရေလောင်း နေရာကနေ သူ့ကို အပြေးလာကြိုသည်။

"ဟာ . . . ကိုလင်း"

မဲတူက သူ့လက်ထဲကအိတ်တွေ သယ်စရာတွေကို သယ်ပေး လေသည်။ ဖိုးထွေးကတော့ သူ့ကားပေါ်က ပစ္စည်းတွေကို သွားချပေး သည်။

"ဦးလေးငြိမ်ကော"

"အိမ်နောက်ဖေးက ချောင်းအနားမှာ ရှိပါတယ်"

လင်းဆောင် ခြံဝန်းအလယ်မှ အိမ်လေးဆီ လျှောက်လာခဲ့သည်။

ရေနံဆီ အနည်းငယ်သုတ်ထားသော အိမ်ကလေးထဲ လင်း ဆောင် ဝင်ခဲ့သည်။

အိမ်ထဲတွင် မျက်နှာကြက်မှ ကြိုးနှင့်သီ၍ တွဲလောင်းစိုက်ချ ထားသော စက္ကူရုပ်ကလေးများစွာကို ရှုပ်ထွေးလုပစွာ မြင်ရသည်။ နံရံ တွေမှာ ကဗျာစာရွက်များစွာကိုလည်း ကပ်ထားသည်။ ဦးလေးငြိမ်က ကဗျာတွေလည်း ရေးသည်ပဲ။ စားပွဲပေါ်မှ ပန်းအိုးထဲတွင် ရောင်စုံပန်းပွင့် များကိုလည်း မျက်စိပနံ့ရအောင် ထိုးစိုက်ထားသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

စာအုပ်စင်နှင့် အပေါ်ဆုံးထပ်တွင် သစ်သားပန်းပုရုပ်ကလေးများကို တွေ့ရသေးသည်။ ဒါလည်း ဦးလေးငြိမ်၏ လက်ရာများပင်။ သေချာခံစားကြည့်တော့ အိမ်ကလေးထဲ အနုပညာဓာတ်များနှင့် ပြည့်နှက်နေတော့သည်။

အိမ်ကလေးပြတင်းပေါက်မှ လှမ်းကြည့်လိုက်တော့ ချောင်းစပ်မှာ သူ့ကိုကျောပေးလျက် ထိုင်နေသော ဦးလေးငြိမ်ကို တွေ့လိုက်ရသည်။

သူ ဦးလေးငြိမ်နှင့် စတင်တွေ့ခဲ့ပုံကို ပြန်တွေးကြည့်မိသည်။

လူသူနည်းပါးသည့် ပလက်ဖောင်းတစ်ခုမှာ ဦးလေးငြိမ်ကို သူစတွေ့ခဲ့တာပါ။ မျက်နှာက ပကတိငြိမ်သက်နေပေမဲ့ မကြည်လင်လှပါ။ တောင်စွယ်အသွယ်သွယ်ကို ဖြတ်ကျော်ခဲ့ရသူလို အားပြတ်အင်ပြတ်ဖြစ်နေသည့်ပုံပင်။ ခြေလှမ်းတွေက ယိမ်းယိုင်နေသည်။

မကြာပါ။ နောက်သုံးလေးလှမ်းလောက် လျှောက်ပြီး ပြိုခနဲကျသွားတော့သည်။

"ဟာ . . . ဦးလေး . . . ဦးလေး . . . "

သူ အပြေးထူလိုက်ပေမဲ့ မမီပါ။ ဦးလေးငြိမ် တစ်ကိုယ်လုံးပျော့ခွေပုံကျသွားသည်။ သူ အားပြတ်လဲကျသွားပေမဲ့ သူ့လက်ထဲတွင်တော့ တစ်စုံတစ်ရာကို ကျစ်ကျစ်ဆုပ်ကိုင်လျက်ပင်။ ထိုတစ်စုံတစ်ရာကတော့ ခေါင်းလေးတစ်လုံးပေါ့။

လင်းဆောင် ယခုရောက်ရှိနေသော မြို့စွန်က ခြံဝန်းကလေးတွင် ဦးလေးငြိမ်ကိုထားကာ ဆေးကုပေးခဲ့သည်။ ဦးလေးငြိမ် ထူထူထောင်ထောင်ဖြစ်တော့လည်း ဤအိမ်ကလေးတွင်ပင် နေစေခဲ့ပါသည်။ ဦးလေးငြိမ်ကို စောင့်ရှောက်ရန် ဖိုးထွေးနှင့် မဲတူတို့လည်း ဤခြံကလေးတွင် အတူရှိနေပါသည်။

ဦးလေးငြိမ်၏ အမည်ရင်းကို လင်းဆောင်မသိပါ။ ငြိမ်သက်တွေးမောနေတတ်လွန်း၍ ဦးလေးငြိမ်ဟုသာ နာမည်ပေးလိုက်ခြင်းဖြစ်



ပါသည်။ ဦးလေးငြိမ်၏ မျက်လုံးများက ဆွေးရိပ်ဆွေးရောင်ဖြင့် အမြဲသို့နေသည်။ နှုတ်ခမ်းတွေက ပိရိသပ်ရပ်နေပြီး ငယ်စဉ်က ရုပ်ခံကောင်းမည့် ယောကျ်ားသားတစ်ဦးဖြစ်သည်။

အချိန်တိုင်း စက္ကူရုပ်ချိုးနေချိုး၊ သစ်သားတုံးလေးတွေကို ထွင်းရင်ထွင်း၊ ကဗျာတစ်ပုဒ် ရေးချင်ရေး၊ ဒါမှမဟုတ် အိမ်နောက်ဖေးမှ မြောင်းငယ်လေးတွင် အခုလိုမျိုး ထိုင်နေတတ်သည်။

ယခု ဦးလေးငြိမ်ကရေမြောင်းလေးအစပ်တွင် ထိုင်နေရုံသာမက သစ်သားချောင်းလေးတွေ၊ ဝါးခြမ်းပြားလေးတွေကို ချိုး၍ ချောင်းစပ်ခုံမြေပျော့ပျော့မှာ ထိုးဆိုက်ကာ အိမ်ကလေးတွေ ဆောက်နေသည်။ ဦးလေးငြိမ်၏ပါရမီကြောင့် အိမ်ကလေးတွေမှာ အတော်ပင် လက်ရာမြောက်နေသည်။

ဦးလေးငြိမ်၏နံဘေး ကပ်ထိုင်ရင်း လင်းဆောင်က . . .

"အိမ်ကလေးတွေက လှလိုက်တာ"

ဟု ပြောလိုက်သည်။ ဦးလေးငြိမ်က သဲ့သဲ့ပဲ ပြုံးလိုက်သည်။

"ဦးလေးငြိမ်ရဲ့အိမ်ကကော ဒီအိမ်လေးတွေလိုပဲ လှလား"

ဒီတစ်ခါ လင်းဆောင်မေးခွန်းမှာတော့ ဦးလေးငြိမ် ကျောက်ရုပ်တစ်ရုပ်လို ရုပ်တန့်သွားပါသည်။

တစ်ခုခုကို တွေးမိသွား၍ ငြိမ်သွားခြင်းမျိုးဖြစ်သည်။ အရိပ်အခြေကိုနားလည်သော လင်းဆောင်က ဘာမှဆက်မမေးတော့ပါ။

သို့သော် ခပ်လှမ်းလှမ်းက ကိုယ်ရောင်လာလာပြနေသော မဲတူကိုတော့ ဂရုစိုက်မိသည်။ လင်းဆောင်လှည့်ကြည့်လိုက်တော့ မဲတူက ဟီးခနဲ ရယ်ပြသည်။ သွားပဲ မြင်ရသည်။

"လာပါ . . . လာ . . . လာ . . . ဘာကြွားချင်လို့လဲ"

မျက်နှာဖတ်တော်သည့် လင်းဆောင်နှင့်မှ လာတိုးရသည်။

"အဟဲ . . . ကိုလင်း . . . ကျွန်တော်လေ . . ."

"အေး . . . ပြော"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် ရည်းစားရနေပြီ"

"အဟား . . . မင်း . . ."

'မင်းအသားအရေနဲ့ ရည်းစားရတယ်။ ဟုတ်လား . . . ' ဟု လှောင်ခနဲ ပြောမိတော့မလို့မှ ပြန်ထိန်းကာ နေလိုက်သည်။ သူတစ်ပါး အားနည်းချက်ဟူသည့်အသိက လင်းဆောင်စိတ်မှာ ကိန်းဝပ်နေပါ သည်။

"မင်း တော်သားပဲ"

"အဟီး . . ."

မဲတူပျော်နေသည်။

"ကဲ . . . ရည်းစားရတာ ငါ့မုန့်ကျွေးလေကွာ။ မင်းကလည်း"

"အာ . . . ကိုလင်းကိုကျွေးရမှာ မဟုတ်ဘူးဗျ"

"အောင်မာ . . ."

"ကျွန်တော်ကျွေးရမှာက ဦးလေးငြိမ်ကိုဗျ"

"ဟင် . . . ဘာလို့လဲ"

လင်းဆောင် စိတ်ဝင်စားသွားသည်။

"ကျွန်တော်က ကျွန်တော့်ကောင်မလေးကို ဦးလေးငြိမ်ရဲ့ကဗျာ တွေ ပေးပေးပြီး လိုက်ခဲ့တာဗျ။ အခုလည်း ဦးလေးငြိမ်ရဲ့ကဗျာတစ်ပုဒ် ကို ကူးပြီး ပေးလိုက်တာ အဖြေတောင်ရခဲ့ပြီဗျ"

လင်းဆောင် သဘောကျမိသည်။ ဦးလေးငြိမ်ကိုကြည့်တော့ ဦးလေးငြိမ်က သဲ့သဲ့လေးတော့ ပြုံးသည်။

"ဒီမှာ ဓာတ်ပုံ"

မဲတူက ဓာတ်ပုံပါထုတ်ပြီး ကြွားတော့သည်။ လင်းဆောင်ကြည့် ပေးရသည်ပေါ့။ ကောင်မလေး ဖြူဖြူလေးရယ်။ မဲတူနှင့်တော့ မလိုက် ဟု ပြောတော့မပြောချင်။ ဖူးစာက ခက်သည်။ ဆန်းသည်မဟုတ်လား။ လင်းဆောင် ဓာတ်ပုံကိုကြည့်ရင်း ရယ်ချင်သွားသည်။

"ဘာရယ်တာလဲဗျ"



"မင်းရည်းစားက ဖြူဖြူလေးဆိုတော့ ကြည့်ကောင်းပါတယ်"

"အဟဲ . . ."

"ဒါပေမဲ့ နှုတ်ခမ်းမွေး ကားကားကြီးနဲ့ကတော့ မမိုက်ပါဘူး"

"ဗျာ . . . ဘာ . . . ဘာ"

မဲတူ သူ့ရည်းစားဓာတ်ပုံကို ပြန်ယူကြည့်သည်။ ဓာတ်ပုံမှာ ကောင်မလေးပုံကို ခဲတံနှင့်ခြစ်ကာ နှုတ်ခမ်းမွေးတပ်၍ လက်စွမ်းပြထား သည်။ ဘယ်ကောင် လုပ်ထားတာလဲ။ အော်မေးစရာပင် မလို။

ဖိုးထွေးက ကြိုထွက်ပြေးနှင့်ပြီ။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

တနင်္ဂနွေနေ့သည် မေမေ့မွေးနေ့ပင်ဖြစ်သည်။ မေမေ့မွေးနေ့အတွက် မိုးပြာစီစဉ်ထားတာ အများကြီးရှိသည်။ သို့သော် မေမေက လိုက်လျောပေးပါ့မလား။ မေမေက အပြင်ထွက် မသွားလာချင်။ လူစိမ်းများနှင့် မဆက်ဆံချင်။ အခန်းကျဉ်းလေးထဲမှာပင် ဘဝတစ်ခုလုပ်ကာ ငြိမ်းငွေ့ဖွယ်ကောင်းစွာ အသက်ရှင်နေချင်သည်။

မေမေသွားတတ်တာဆို၍ အလွန်ဆုံး လမ်းဟိုဘက်က စေတီငယ်ကလေးပင်ရှိမည်။ တစ်ခါတလေ မေမေက ထိုစေတီလေးသို့သွားကာ ဥပုသ်စောင့်နေတတ်သည်။ ဒါတောင် မိုးပြာဖြစ်ဖြစ်၊ သူနာပြုဆရာမလေးဖြစ်ဖြစ်၊ မိကျော့ဖြစ်ဖြစ် အကူလိုက်သွားရသည်။

ယခု မိုးပြာ အခန်းထဲဝင်လိုက်တော့ မေမေက အံဆွဲလေးကို အမြန်ပိတ်ပြီး သော့ခတ်လိုက်သည်။ ပြီးမှ သူမကို လှည့်ကြည့်သည်။ မိုးပြာလည်း အကဲခတ်လိုက်သည်။ ဒီအံဆွဲလေးကို မသက်မှုနှင့် သတိထားမိတာကြာပြီ။ မေမေကိုယ်တိုင် ဖွင့်ဟမပြောဘဲနှင့် ဘာလျှို့ဝှက်ချက်ကိုမှ မိုးပြာဖော်ထုတ်ပြီး မသိချင်ပါ။



သို့သော် ယခုတော့ အဲ့ဒါတွေ ထားလိုက်ပါဦးလေ။

"မေမေရယ် . . ."

မိုးပြာ မေမေ့ပခုံးကို ဖေးဖက်ကာ မေမေ့ခုတင်ပေါ် ထိုင်လိုက်ပြီး . . .

"သမီးနဲ့ အတူလိုက်ခဲ့ပါ။ ဝါဝါကလည်း သူ့အစ်မကို ပြောပြီးပြီ။ အားလုံး စီစဉ်ပြီးပြီ။ ရိပ်သာကလည်း မြို့ပြင်ဘက်မှာ နားအေးပါးအေးရှိပါတယ် မေမေရဲ့"

မေမေက ခေါင်းခါသည်။

တနင်္ဂနွေနေ့ မေမေ့မွေးနေ့ကျရင် ဝါဝါ့အစ်မ မနီနီ တာဝန်ယူဆောင်သည့် ဘိုးဘွားရိပ်သာလေးသို့သွားကာ အလှူအတန်းပြုရန် မိုးပြာက စိတ်ကူးထားခြင်းဖြစ်သည်။ မေမေက မလိုက်ချင်ဟု ဖွတ်ငြင်းနေတော့ ခက်ချေပြီ။

"မေမေ့မွေးနေ့မှာ မေမေမှ မလိုက်ရင် ဘယ်လိုလုပ် အဓိပ္ပာယ်ရှိမှာလဲ"

"မေမေ့ကို ရည်စူးပြီးလှူပေါ့ သမီးရယ်။ မေမေလည်း အိမ်ကနေ ဥပုသ်ဆောက်တည်နေမှာပဲကို"

"ဟာ . . . မေမေကကွာ။ သမီးစကားဆို နားကိုမထောင်ဘူး။ မေမေသာ ကလေးလေးဆိုရင် သမီး မေမေ့တင်ပါးကို သုံးချက်လောက် ခပ်ဆတ်ဆတ်ရိုက်ပြီးပြီ"

မိုးပြာ ကရုဏာဒေါသောဖြင့် ပြောတော့ မေမေ ပြုံးရှာပါသည်။

"စကားနားမထောင်တာ မဟုတ်ပါဘူးကွယ်"

"ဟုတ်ပါတယ်"

သည်လို မိုးပြာ ပြိုင်ငြင်းတော့လည်း မေမေက တစ်ထစ်လျှော့ပေးပါသည်။ မိခင်စိတ်နှင့်ဆိုတော့ မိုးပြာကိုတော့ စိတ်ချမ်းသာစေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကဲ . . . သမီးရယ်၊ သမီး တခြားဟာ ပြောကြည့်။ မေမေ လိုက်လျောပေးနိုင်မလား နားထောင်ကြည့်မယ်"

"တကယ်လား"

မေမေ ငြိမ်သွားပြန်ပါသည်။

မိုးပြာ၏ 'တကယ်လား' မှာ ဘယ်လောက်အထိ အကျယ်အဝန်းပါကြောင်း မေမေသိနေပါသည်။

မြို့ပြင်က ရိပ်သာလေးသို့ပင်မလိုက်ချင်သော မေမေက ဖေဖေ့အကြောင်းကို ဘယ်ပြောပြပါ့မလဲ။ မိုးပြာ၏ 'တကယ်လား' မှာ ဖေဖေ့အကြောင်း မေးရန်ဖြစ်သည်။

မေမေ ငြိမ်လျက် အဝေးကို ငေးလို့ပေါ့။

ဒီလိုမြင်ရတော့လည်း မိုးပြာရင်ထဲမှာ ဆို့နင့်ရပါသည်။ ဖေဖေ့အကြောင်းကို သူမသိရဖို့ မေမေ့ထံမှလွဲ၍ တခြားမေးရန်လည်း မရှိပါ။ ခပ်နောက်နောက်ပြောရလျှင် ဖေဖေသည် ယောကျ်ားကြီးတစ်ယောက်ဖြစ်သည်ဟူ၍ကလွဲရင် မိုးပြာ ဘာမှမသိရ။

မေမေ့ကို မိုးပြာ ချစ်ပါသည်။ သို့သော် ဖေဖေ့ကိုလည်း လူသားဆန်စွာ တောင့်တမိပါသည်။

မိုးပြာ မေမေ့ကို ထွေးဖက်လိုက်တော့ မေမေ့မျက်ရည်တွေ အဆုံးမရှိနိုင်အောင် ကျတော့သည်။

တောင်းပန်ပါတယ် မေမေရယ်။



၁)

ကားဖြူကလေးသည် မြေညီလမ်းကလေးအတိုင်း လိမ့်ဆင်းသည်။ ကားပေါ်တွင် မိန်းကလေး လေးယောက် ပါလာသည်။ တို့မှာ ပုဏ္ဏရိပ်၊ ဝါဝါ၊ မိုးပြာနှင့် ရှင်းသန့်တို့ဖြစ်သည်။

အရဏ်ဦးမဟုတ်သော်လည်း ရာသီဥတုမှာ လွင့်ဖြူးသာယာသည်။ လမ်းနံဘေးမှ အမျိုးအမည်မသိသော သစ်ပင်ပုကလေးများ ကြည့်ရတာ အေးချမ်းလှသည်။

"ရေ့နားဆို ရောက်ပါပြီ"

ဟု ဝါဝါကပြောသည်။

တကယ်လည်း ရှေ့အနည်းငယ်သွားပြီးသောအခါ ကားကလေး ရပ်တန့်သွားခဲ့ပြီ ဖြစ်သည်။ ခြံကြီးတစ်ခြံရှေ့တွင် ဖြစ်သည်။ ခြံဝန်းမှ အင်္ဂလိပ်ခေတ်ကျန် အဆောက်အဦအနီရောင်ကြီးကို လှမ်းမြင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကားပေါ်ကဆင်းတော့ ခြံဝန်းအဝင်က ဆိုင်းဘုတ်ကြီးကို
သူမတို့ မော့ဖတ်လိုက်ကြသည်။

လာဗင်ဒါ ဘိုးဘွားရိပ်သာ

နှုတ်မှ အသီးသီး ရွတ်ဖတ်မိကြသည်။

“လာဗင်ဒါဆိုတာ ဘာလဲဟ”

ပုဏ္ဏရိပ်က အမေးပြုသည်။ မိုးပြာက . . .

“ပန်းပင်တစ်ပင်ရဲ့ အမည်ဆိုလည်း ဟုတ်တယ်။ ခရမ်းနုရော
ကို ပြောချင်တာလည်း ဟုတ်တယ်။ ငါတော့ ဒီလောက်ပဲသိတယ်”

ပုဏ္ဏရိပ် စိတ်ကူးထဲတွင် လာဗင်ဒါ ပန်းကလေးများကို မြင်
ယောင်ကြည့်နေမိသည်။

ထိုအချိန်ပဲ ရှေ့မှ ခြံဝန်းတံခါးလေးပွင့်ကာ အမျိုးသမီးတစ်ဦး
ထွက်လာသည်။ အမျိုးသမီးက သူမတို့ကို မြင်သောအခါ ရွှင်ပျသွား
သော မျက်နှာနှင့် . . .

“လာ . . . ဝါဝါတို့၊ ကားသံကြားလို့ ထွက်ကြည့်လိုက်တာ
ထင်တဲ့အတိုင်းပဲ”

ဝါဝါက ထိုအမျိုးသမီးကို လက်ဆွဲကိုင်ပြီး သူမတို့ဘက်လှည့်
ကာ . . .

“နင်တို့ မှတ်ထားနော်။ ဒါ ငါ့အစ်မဝမ်းကွဲ မနီနီတဲ့။ မနီ အ
သမီးသူငယ်ချင်းတွေ။ ဒါက ပုဏ္ဏရိပ်၊ ဒါက မိုးပြာလေ။ ဟို ညစ်တီ
ညစ်ပတ်မိန်းမကတော့ ရှင်းသန့်တဲ့”

ရွှတ်နောက်နောက် မိတ်ဆက်ပေးသည်။ မနီနီက တစ်ချက်
ရယ်ပြီး . . .

“ကဲ . . . အားလုံး အထဲဝင်ကြလာ”



ဒီနေ့ မိုးပြာမိခင်၏ မွေးနေ့ပေါ့။ ထိုကြောင့် မိုးပြာ အလှူ
တန်းလေး လုပ်ချင်သည်။ ဝါဝါက သူ့အစ်မ ဝန်ထမ်းလုပ်နေသည့်
ဘိုးဘွားရိပ်သာလေးကို လှူရန် အကြံပေးသည်နှင့် ယခု ထိုရိပ်သာလေး
သို့ ရောက်လာခြင်းဖြစ်သည်။

ခြံဝမှ ရိပ်သာအဆောက်အဦးလေးသို့ နည်းနည်း အလှမ်းဝေး
လျှောက်ရဦးမည်ဖြစ်သည်။

ခြံဝန်းထဲ လျှောက်လာရင်းက မနီနီက . . .

“ညီမလေးတို့ အချိန်ကောင်းနဲ့ ကြုံကြိုက်တာလို့ပဲ ပြောရမယ်”

“ဘာလို့လဲ”

ဝါဝါက ပြန်မေးခြင်းဖြစ်သည်။

“ဒီနေ့ ခရမ်းရောင်အဖွဲ့လည်း ရောက်နေတယ်ကွယ့်”

“ခရမ်းရောင်အဖွဲ့”

“ခရမ်းရောင်အဖွဲ့”

သူမတို့ အသီးသီး ရေရွတ်မိသွားကြသည်။ မနီနီက သူမတို့
ကို ခပ်စောင်းစောင်းကြည့်ကာ . . .

“ခရမ်းရောင်အဖွဲ့ကို မသိဘူးလား”

“ဟင့်အင်း . . . ”

“ဟင့်အင်း . . . မသိပါဘူး။ ဖိနပ်ခိုးတဲ့ အဖွဲ့လား”

ဝါဝါက ရွှတ်နောက်နောက်ထောက်တော့ မနီက ‘ကွယ် . . .
ကောင်မလေး’ ဆိုပြီး ဗီဒီယိုတွေထဲက အက်တင်အတိုင်း လက်နှင့်
ယ်သေးသည်။ ပြီးမှ . . .

“တကယ်မသိသေးဘူးလား”

ဟု ထပ်မေးသည်။ သူမတို့ကလည်း တကယ်ပင်မသိကြောင်း
ခါင်းခါပြသည်။ ‘ဒါလေးတောင် မသိဘူးလား’ ဟူသည့်သဘောနှင့်
က ကြည့်သေးသည်။ နောက်မှ ရှင်းပြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆိုက်ကိုမေဂျာ ကျောင်းသားလေးတစ်ယောက် စတင်ဖွဲ့စည်းခဲ့တဲ့ အဖွဲ့အစည်းပေါ့။ ပြောရိုးပြောစဉ်အတိုင်း ပြောရရင်တော့ ပရဟိတလူမှုရေးအသင်းလေးပေါ့။ သူတို့က ကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ လုပ်ငန်းတွေကို လုပ်တယ်။

အထီးကျန်သူတွေ၊ စိတ်ဓာတ်ကျ၊ စိတ်ညစ်တဲ့သူတွေကို လိုက်လံအားပေးစောင့်ရှောက်ကြတယ်။ မသန်မစွမ်းကျောင်းတွေ၊ မိဘမဲ့ကျောင်း၊ မျက်မမြင်ကျောင်း၊ ဆွံ့အနားမကြားကျောင်းတွေလည်း မကြာခဏ လှူဒါန်းတယ်။ ဖျော်ဖြေမှုတွေ ပြုလုပ်ပေးတယ်။

ဘိုးဘွားရိပ်သာတွေကိုလည်း သွားကြတယ်။ အဘိုး၊ အဘွားတွေဆိုတာ အထီးကျန်စိတ် ရှိတယ်မို့လား။ ဒီနေ့ သူတို့အဖွဲ့ကိုယ်တိုင်လာပြီး ဒီက အဘိုးအဘွားတွေကို အဖော်လုပ်ပေးကြတယ်ပေါ့။ အဘိုးအဘွားတွေကလည်း သူတို့အဖွဲ့လာရင် အရမ်းပျော်ကြတာ။ အခု ခန်းမထဲမှာဆိုရင်တောင် ပြဇာတ်တောင် ကနေပြီ"

မနီက တက်တက်ကြွကြွ တရစပ် ပြောသွားတော့သည်။ သူမတို့လည်း ကြားရတာ ကျက်သရေရှိလှသည်။

"ဪ . . . ရည်ရွယ်ချက်ကောင်းတဲ့ အဖွဲ့လေးပဲ"

"လုပ်ဆောင်ချက်တွေလည်း ကောင်းတယ်ကွဲ့။ လမ်းလျှောက်ရင်း တွေ့လိမ့်မယ် . . . ညီမတို့ရေ။ သူတို့ အဘိုးအဘွားတွေကို အဖော်လုပ်နေပုံကို ကြည့်ကြည့်ကြပေါ့"

ခြံဝန်းထဲလျှောက်လာရင်းနှင့်ပင် သူမတို့ တွေ့လာရသည်။

သူမတို့အရွယ် လူငယ်လေးတွေ အဘိုးအဘွားတွေကို အဖော်ပြုပေးနေကြတာ။ တချို့တွေက စားဖို့သောက်ဖို့ကို ပြင်ဆင်ချက်ပြုတ်နေကြသည်။ သိုက်သိုက်ဝန်းဝန်းနှင့်မို့ ပျော်စရာကောင်းလှသည်။ တချို့က လက်သည်းညှပ်ပေး၊ ခြေလက်ဆေးပေး၊ ခေါင်းလျှော်သန့်ရှင်းပေးနေသည်။ လူငယ်လေးသုံးယောက်က ဂစ်တာလေးတစ်လက်နှင့် သီချင်း



ဆိုပြနေတာကိုလည်း တွေ့ရသည်။ အဘိုးနှင့် အဘွားတို့ကလည်း လက်ခုပ်တီး စည်းချက်လိုက်ကာ ပျော်ရွှင်နေကြသည်။

ပန်းပင်လေးနားက ခုံတန်းမှာတော့ ကောင်မလေးတစ်ယောက်က အဘွားနှစ်ယောက်ကို စာဖတ်ပြနေသည်။ အဘွားနှစ်ယောက်ကလည်း ငြိမ်နားထောင်လို့ပေါ့။ ခြံဝန်းထောင့်မှာတော့ အဘိုးသုံးလေးယောက်နှင့် ကောင်လေးငါးယောက်လောက် သစ်ပင်ကလေးတွေ စိုက်နေကြသည်။ ခြံဝန်းအလယ်က ကျောက်စားပွဲဝိုင်းလေးတွင်တော့ အဘွားတစ်ယောက်က ပြောပြနေပြီး ကောင်မလေးတချို့က နားထောင်ပေးနေကြသည်။ ဂျပန်ခေတ်ကအကြောင်းတွေကို သိမီခဲ့သမျှ ပြောပြနေတာလည်း ဖြစ်ချင်ဖြစ်မည်ပေါ့။

"အဲ့ဒီလူငယ်လေးတွေ အကုန်လုံးက ခရမ်းရောင်အဖွဲ့ကလား"

မိုးပြာက မေးခြင်းဖြစ်သည်။ မနီနီက . . .

"ဟုတ်တယ်ကွယ့်။ ကြည့်ပါလား . . . အဘိုးအဘွားတွေက သူတို့တွေနဲ့ဆို သိပ်ပနံသင့်ပြီး ပျော်ရွှင်နေကြတယ်လေ"

မြင်ကွင်းလေးက ကြည်နူးပြီး မင်္ဂလာရှိလှသည်။ ဒီလိုသတ္တုဆန်လှသည့် ခေတ်ထဲမှာ ပွင့်ဖတ်ဆန်လှသည့် နွေးထွေးမှုမေတ္တာပုံရိပ်လေးကို 'ထွင်း'ပြီးမြင်ရတာ ရင်မှာ အေးချမ်းသာယာလှသည်။

ရိပ်သာ အဆောက်အဦထဲဝင်တော့ မနီနီက အခန်းတစ်ခုကို ညွှန်ပြပြီး . . .

"အဲ့ဒီအခန်းမှာတော့ အဘိုးအဘွားကျန်းမာရေး စစ်ဆေးပေးနေတယ်လေ"

"ဪ . . . အဲ့ဒီအဖွဲ့ထဲမှာ ဆရာဝန်လည်း ပါတယ်ပေါ့"

မနီနီက ခပ်သဲ့သဲ့ပြုံးရင်း . . .

"ဆရာဝန်တွေကော၊ အင်ဂျင်နီယာတွေကော၊ လုပ်ငန်းရှင်တွေကော အလွှာစုံပဲ။ ဒီလိုလက်ဆုပ်ကိုင် လုပ်အားပေးတာကတော့ လူငယ်တွေများတာပေါ့လေ"



www.burmeseclassic.com

www.burmeseclassic.com

"သြော် . . ."

ထိုအဖွဲ့အစည်းလေးအကြောင်း နားထောင်ရင်းနှင့်ပင် သူမတို့ ရင်၌ လေးစားစိတ်များ တဖွားဖွား ဖြစ်ပေါ်လာမိသည်။

"ကဲ . . . လာ။ ခန်းမထဲမှာ ပြဇာတ်ကပြနေတယ်။ အဘိုး အဘွားတွေအများစု အဲဒီထဲရောက်နေတယ်"

သူမတို့ ခန်းမထဲဝင်ခဲ့ကြသည်။ ခန်းမ၏ နောက်ဆုံးနံရံနား မှာ ရပ်ရင်း သူမတို့ပြဇာတ်ကို ကြည့်ကြသည်။

အဘိုးအဘွားတွေကလည်း ပြဇာတ်ကို စိတ်ပါဝင်စားစွာ ကြည့် နေကြသည်။ ခရမ်းရောင်အဖွဲ့က လူများကလည်း ဇာတ်စင်ပေါ်မှာ သရု ဆောင်နေကြသည်။ အနောက်တိုင်း ဝတ္ထုလေးတစ်ပုဒ်ကို ပြဇာတ်လု ကနေခြင်းဖြစ်သည်။

"ဝါဝါတို့က ဒီမှာ ပြဇာတ်ကြည့်ရင်း နေရင်နေခဲ့လေ။ မိုးပြ ကိုလှူဖို့တန်းဖို့ မမက ရိပ်သာမှူးဆီ ခေါ်ထွက်သွားလိုက်မယ်"

"အင်း . . . အဲ့ဒီလို လုပ်လိုက်လေ"

"အင်း . . . အင်း . . ."

သို့နှင့် မနီနီက မိုးပြာကို ရိပ်သာမှူးထံခေါ်သွားလေသည် ရှင်းသန့်၊ ပုဏ္ဏရိပ်နှင့် ဝါဝါတို့က ပြဇာတ်ကြည့်ရင်း ကျန်ရစ်ခဲ့ရာသည်

ရိပ်သာမှူး၏အခန်းက အပေါ်ထပ်တွင် ဖြစ်သည်။ ရိပ်သာမှူး က အသက် (၇၀) ခန့်ရှိသည့် ကျောင်းဆရာမဟောင်းတစ်ဦးဖြစ်သည်

"ဆရာမ ဒီမှာ အလှူရှင်ရောက်နေပါပြီ"

မနီနီက အခန်းဝမှရပ်ရင်း လှမ်းအသိပေးလိုက်တာပါ။ ဆရာ ကြီးက သူ့ရှေ့မှ လူငယ်တစ်ယောက်နှင့် စကားပြောနေရာက ခေါ တိမ်း၍ ကြည့်လိုက်ပြီး . . .

"လာ . . . ခေါ်ခဲ့လိုက်လေကွယ်"

မနီနီက မိုးပြာကို အခန်းထဲဝင်စေလိုက်သည်။ မနီနီကတော တခြားလုပ်စရာရှိတာများ သွားလုပ်ရန် ထွက်သွားတော့သည်။



"လာ . . . သမီးထိုင်"

"ဟုတ်ကဲ့ရှင့်"

မိုးပြာ ဆရာမစားပွဲရှေ့မှထိုင်နေသော လူတစ်ယောက်၏ နံဘေး မှ ထိုင်ခုံအလွတ်တွင် ဝင်ထိုင်လိုက်သည်။ ထိုအချိန်အထိ ဘေးကလူကို သူမ မကြည့်မိသေး။

"သမီးက မိုးပြာဟုတ်လား။ ကျောင်းသူပဲပေါ့"

"ဟုတ်ကဲ့ရှင့် . . . ။ သင်္ချာနောက်ဆုံးနှစ်ပါရှင့်"

"သြော် . . . နောက်ဆုံးနှစ်၊ . . . နောက်ဆုံးနှစ် . . . ဒါဆို ဘေးကလူကိုကော မျက်မှန်းမတန်းမိဘူးလား"

ဆရာမကြီးက မိုးပြာဘေးကလူကို ညွှန်ပြပြီးပြောသည်။ ဒီတော့ မိုးပြာလည်း ဘေးကလူကို မဝံ့မရဲကြည့်လိုက်ရာ . . .

"ဟင် . . ."

မိုးပြာ အံ့ဩရသလောက် ထိုလူက ပြုံးစေ့စေ့သာ ပြန်ကြည့် သည်။

"နင် . . . နင်လင်းဆောင်"

လင်းဆောင်က ခေါင်းညိတ်ပြသည်။ ဆရာမကြီးကလည်း မျက် မှန်ကို တစ်ဝက်ချွတ်လိုက်ပြီး . . .

"သြော် . . . သိနေကြတာလား"

"အဟင်း . . . ဟင်း . . . "

နှစ်ဦးသား ရယ်ကျဲကျဲ ခေါင်းညိတ်မိကြသည်။ ဆရာမကြီး လည်း ဘာကိုမှန်းမသိ သဘောပေါက်သလို ပြုံးသည်။

နောက်တော့ မိုးပြာက အလှူငွေသုံးသိန်း လှူဒါန်းသည်။ စကား များစွာ ပြောဖြစ်ကြသေးသည်။ စကားတွေထဲမှာပင် လင်းဆောင် ည် ခရမ်းရောင်အဖွဲ့ကို တည်ထောင်ခဲ့သူဆိုတာ မိုးပြာ အံ့အားသင့် သိခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီလို လူငယ်စရိုက်အပြည့်ရှိသည့် လူငယ်ကလေးက ဒီလိုမျ မြတ်သည့် အလုပ်တွေကို ရှုပ်ရှုပ်ချွံချွံ ဦးစီးဦးဆောင်လုပ်နေခြင်းက အံ့သြစရာပင် မဟုတ်ပါလား။ မိုးပြာ သူ့ကို စေ့စေ့ကြည့်နေမိတေ သည်။

ခဏနေတော့ ထိုအခန်းထဲမှ မိုးပြာထွက်ခဲ့သည်။ လင်းဆော ပါ နံဘေးက ကပ်လိုက်လာခဲ့သည်။ သူ့ဘေးမှာရှိနေခြင်းက အရှိန်အ တစ်ခုက လွှမ်းမိုးထားသလို သူမ ခံစားနေရသည်။

"ခရမ်းရောင်အဖွဲ့က တကယ်ပဲ နင့်အဖွဲ့လား"

လင်းဆောင်က မဲ့ပြုံးနှင့် ခေါင်းညိတ်မည်ပြုပြီးမှ မညိတ်သ

"ငါ့အဖွဲ့ မဟုတ်ပါဘူး။ လူသားအားလုံးကို ပျော်ရွှင်သာယ အောင် လုပ်ပေးချင်တဲ့ အပြည့်ပြည့်ဆိုင်ရာ နှလုံးသားအဖွဲ့လေးပါ"

အရေးထဲ ကိုယ်တော်ချောက စာဖွဲ့နေသေးသည်။

"နင် စိတ်ဝင်စားလို့လား"

မိုးပြာ မငြင်းမိပါ။

"ကဲ . . . ဒါဆို လိုက်ခဲ့။ ပိုပြီး စိတ်ဝင်စားစရာ တွေ့လိ မယ်"

'ဘယ်ကိုလဲ' ဟု မိုးပြာ မမေးမိတော့။ စိတ်ဝင်စားစရာ တွေ လိမ့်မည်ဆိုတော့ မိုးပြာလည်း စိတ်ဝင်စား၍ သူ့နောက်လိုက်ခဲ့သည လင်းဆောင်ကလည်း သူမကို ဘယ်ချောင်ချိုချောင်ကြားမှ ခေါ်သွားခြ မဟုတ်ပါ။ အခန်းတစ်ခုရှေ့ရောက်တော့ . . .

"မိုးပြာ . . . "

"ဟင် . . . "

"ဒီအခန်းထဲမှာ အဘိုးတစ်ယောက်ရှိတယ်။ ငါကတော့ ကို အဘိုးထွန်းလို့ ခေါ်တယ်။ သူက သင်္ချာဆရာတစ်ယောက် ဖြစ်ခဲ့ တယ်။ သားထောက်သမီးခံမရှိလို့ ဒီရောက်နေတာ"



"ဟုတ်လား"

"အင်း . . . ဒီအခန်းထဲဝင်ပြီး သူနဲ့အဖော်လုပ်ပြီး စကားပြောရမယ်။ လာ . . . နင်လည်း လိုက်ခဲ့"

"အင်း . . . "

သူမတို့ အခန်းထဲဝင်တော့ ခုတင်တစ်လုံးပေါ်တွင် အဘိုးတစ်ယောက်ကို တွေ့လိုက်ရသည်။ အဘိုးအိုက သူ့ကိုတွေ့တော့ . . .

"ဟား . . . ဟား . . . လာ . . . လောင်ဆင်း . . . လာ"

အဘိုးကြီးက လင်းဆောင်ကိုတွေ့သည်နှင့် ပုရွက်ဆိတ်က ထန်းလျက်ကိုတွေ့လိုက်သလို ပုံစံမျိုး ဖြစ်သွားသည်။

အဘိုး၏ ခုတင်ပေါ်မှာပဲ လင်းဆောင်နှင့်အတူ မိုးပြာ ဝင်ထိုင်ဖြစ်သည်။

"ဘယ်လိုလဲ လောင်ဆင်း။ ငါ့အတွက် မေးခွန်းတွေပါလား"

"ပါပါတယ်ဗျာ . . . ပါပါတယ်"

"အေး . . . ငါကလည်း မင်းကိုမေးဖို့ မေးခွန်းတွေ လုပ်ထားတယ်။ ခဏနေဦး . . . ငါသွားယူဦးမယ်"

အဘိုးထွန်းက အခန်းထောင့်ဗီရိုဆီသွားသည်။ ဒီအချိန်အတွင်း လင်းဆောင်က မိုးပြာကို တီးတိုးပြောရသေးသည်။

"ငါ့ကိုမေးဖို့ သင်္ချာမေးခွန်းတွေ သွားယူနေတာလေ။ နင်လည်း ဖြေနိုင်ရင် သူ့မေးခွန်းတွေကို ဝင်ဖြေကြည့်။ အဲ့ဒီလိုဖြေနိုင်ရင် အဘိုးထွန်းက နင့်ကို သိပ်ခင်သွားလိမ့်မယ်"

"ဟုတ်လား . . . ။ အင်း . . . ဒါဆို ငါလည်း ဖြေကြည့်မယ်"

"အေး . . . ငါ လျှို့ဝှက်ချက်တစ်ခု ပြောပြမယ်။ ငါလေ သင်္ချာအရမ်းညံ့တာ သိလား"

"နင်က . . . "



www.burmeseclassic.com

www.burmeseclassic.com

"အင်း . . ."

"အဟင်း . . . ဟင်း . . . "

မိုးပြာ ရယ်ပါသည်။ လင်းဆောင်က နားမလည်ပေ။

"ဘာကိုရယ်တာလဲဟ"

"ဩော် . . . နင့်မှာလည်း ညံ့တဲ့အားနည်းချက်တော့ ရှိသေး သားပဲလို့ တွေးမိလို့ပါ"

အဘိုးထွန်းက ပြန်ရောက်လာပြီ။ ခုတင်ပေါ် တက်ထိုင်သည်။ ပြီးတော့ စမေးသည်။

"ဖြေစမ်း . . . လောင်ဆင်း၊ တစ်မိုင်မှာ ဘယ်နှလက်ဖဝါး ရှိလဲ"

"အင် . . . "

(၁)မိုင်မှာ (၈) ဖာလုံ၊ (၁၇၆၀) ကိုက်တို့၊ (၅၂၈၀) ပေတို့ ကြားဖူးခဲ့သည်။ အခု တစ်မိုင် ဘယ်နှလက်ဖဝါးလဲဆိုတော့ . . .

လင်းဆောင် ခေါင်းပြင့်ပြင်းကုတ်ရပြီ။ မိုးပြာကိုလည်း အားကိုးကြည့် ကြည့်လိုက်သည်။ ဒီတော့မှ မိုးပြာက . . .

"အဘိုး . . . သမီးဝင်ဖြေလို့ ရမလား"

"အေး . . . ဖြေစမ်းကွာ။ သမီးဖြေနိုင်ရင် မဖြေနိုင်တဲ့ လောင်ဆင်းကို နားရွက်ဆွဲခိုင်းမယ်"

"အာ . . . အဘိုးကလည်း"

"ဘာ . . . အဖိုးကလည်းလဲ။ မင်းမရရင် ဆွဲခိုင်းမှာပဲ"

လင်းဆောင်ကို နားရွက်ဆွဲရမည်ဆိုတော့ ဘာကြောင့်မှန်းမသိ မိုးပြာ အရမ်းပျော်သွားသည်။ ဒါကြောင့်လည်း ဝင်ဖြေလိုက်တာပေါ့။

"တစ်မိုင်မှာ (၁၅၈၄၀) လက်ဖဝါးရှိပါတယ် အဘိုး"

"အိုး . . . မှန်တယ်။ တော်တယ်။ ဆွဲ . . . ဆွဲ . . . လောင်ဆင်းနားရွက်ကိုဆွဲ"



"ဟာ . . . မိုးပြာ . . . နင် မလုပ်နဲ့နော်"

လင်းဆောင်မှာ ကိုယ့်လူက သူ့လူဖြစ်နေရပြီ။ အဘိုးထွန်းအမိန့်နှင့် လင်းဆောင်နားရွက်ကို နှစ်ရစ်လောက် မိုးပြာလိမ်ဆွဲပစ်လိုက်သည်။

အဘိုးထွန်းက နောက်ထပ်မေးခွန်းတစ်ခု ထပ်မေးပြန်သည်။

"မေးခွန်းကို သေချာနားထောင်နော်။ နှစ်ခါမပြောဘူး"

"ဟုတ်ကဲ့ပါဗျ"

မေးခွန်းက ထိုသို့ဖြစ်သည်။

"(၁၀) ပေရှိတဲ့ သစ်ပင်တစ်ပင်ရှိတယ်။ အဲ့ဒီသစ်ပင်က ဝါးပင်မဟုတ်ဘူးနော်။ အဲ့ဒီသစ်ပင်ကို မြေပြင်ကနေ လေးပေအကွာမှာ သံတစ်ချောင်းရိုက်ထားတယ်။ အဲ့ဒီ သစ်ပင်ဟာ တစ်နှစ်ကို (၃) ပေမြင့်တယ် တဲ့။ (၅) နှစ်ကြာရင် အဲ့ဒီသံမှိုရိုက်ထားတဲ့ နေရာဟာ မြေပြင်ကနေ ဘယ်နှပေအကွာမှာ ရှိနေမလဲ"

'လာပြန်ပြီ' ဟုသာ လင်းဆောင် ညည်းမိတော့သည်။ ဘာတွေမှန်းလဲမသိ။ သံမှိုရိုက်တာတွေကော၊ ငါးနှစ်ကြာတာတွေကော။

"ကြာတယ်ကွာ . . . မင်းစဉ်းစားတာ"

"အာ . . . အဘိုးကလည်း နည်းနည်းတော့ စဉ်းစားမှာပေါ့"

"ကဲ . . . မင်း မရရင်နေ။ သမီးဖြေ။ ဖြေနိုင်ရင် ခုနကလိုပဲ နားရွက်ဆွဲ"

"ဟုတ်ကဲ့ အဘိုး"

မိုးပြာကလည်း ပျော်ပျော်ရွှင်ရွှင် သွက်သွက်လက်လက် ဖြေလိုက်သည်ပေါ့။

"ဟား . . . ဟား . . . ဒါ သင်္ချာမေးခွန်းမဟုတ်ဘူး"

အဘိုးထွန်းက ပြုံးနေသည်။ လင်းဆောင်က မဲ့နေသည်။

"ဒါ သဘာဝမေးခွန်းပဲ။ ဝါးပင်မဟုတ်တဲ့ သစ်ပင်တစ်ပင်ကို မြေပြင်ကနေ လေးပေအကွာမှာ သံရိုက်ထားရင် အဲ့ဒီသစ်ပင်ဟာ ဘယ်



www.burmeseclassic.com

www.burmeseclassic.com

လောက်ပဲ မြင့်တက်မြင့်တက် သံချောင်းကတော့ အဲ့ဒီနေရာမှာ ရှိ
လိမ့်မယ်"

အဘိုးထွန်းက ရယ်သည်။ ပြီးမှ . . .

"မှန်တယ်ဟေ့" တဲ့။

သွားပြန်ပြီ။ သူတို့က မှန်တယ်ဆိုတော့ လင်းဆောင် အ
ပေါ့။ ခုနကလိုပဲ နားရွက်ဆွဲခံပြန်သည်။

"ဒီတစ်ခါ ကျွန်တော် မေးတော့မယ်ဗျာ"

"အေး . . . မေးစမ်းကွာ"

"ချောကလက်တစ်ခုကို (၁) ကျပ် ပေးရတယ်တဲ့။ ချောကလ
ခွံ (၃) ခုကို ချောကလက် (၁)ခု ပြန်ရတယ်တဲ့။ (၁၅) ကျပ်ဖိုးဝယ်
စုစုပေါင်း အဘိုး ချောကလက် ဘယ်နှခုစားရမလဲ။ ကဲ . . . ပြော .

အဘိုးထွန်းက တစ်ချက်ပြုံးပြီး . . .

"ငါမှ ချောကလက် မကြိုက်ဘဲ"

"ဟာ . . . အဘိုးထွန်း မညစ်နဲ့ဗျာ။ ကျွန်တော့်အလှည့်
တော့ နားရွက်ဆွဲပြီး"

ဘေးက မိုးပြာကတော့ ရယ်နေသည်။ အဘိုးထွန်းက ခဏလေ
ပဲ တွက်ပြီး . . .

"စုစုပေါင်း (၂၂) ခု စားရမယ်ကွာ။ ဘယ်လိုလဲ"

လင်းဆောင် ဒီနေ့ ကံမကောင်းပါ။ အဖြေမှန်ရသွားတော့ နား
ရွက်ဆွဲခံရပြန်သည်။

(ခုနက ပုစ္ဆာကိုရှင်းရလျှင် ပထမ (၁၅) ကျပ်ဖိုး ချောကလက်
ဝယ်သောအခါ ချောကလက် (၁၅) ခုရမည်။ ထို (၁၅) ခုစားပြီး ရသည့်
ချောကလက် အခွံ (၁၅) ခုနှင့် ချောကလက် (၅)ခု သွားလဲနိုင်မည်။ ထို
ငါးခုကို စားပြီးသောအခါ အခွံသုံးခုနှင့် နောက်ထပ်တစ်ခု သွားလဲနိုင်
မည်။ ထိုချောကလက် အခွံတစ်ခုနှင့် ခုနကကျန်သည့် ချောကလက်ခွံ



နှစ်ခုကို ပေါင်းကာ ချောကလက်တစ်ခု သွားထပ်လဲ၍ စားနိုင်သည်။
ထို့ကြောင့် စုစုပေါင်း (၂၂) ခု စားနိုင်မည်ဖြစ်သည်။ )

ခဏနေတော့ အဘိုးထွန်းအခန်းထဲမှ သူတို့ ထွက်ခဲ့သည်။
နောက်တစ်ခန်းသို့ ထွက်ခဲ့ကြသည်။ ထိုအခန်းကတော့ အဘွားမွှေး၏
အခန်း။

"အဘွားမွှေးက အင်္ဂလိပ်စာဆရာမ ဖြစ်ခဲ့ဖူးတယ်ဟ"

"ဟာ . . . ဒါဆို သူလည်း စာမေးဦးမှာပေါ့"

"အင်း . . . မေးမှာပေါ့။ ဒါပေမဲ့ နင် ဝင်မဖြေနဲ့နော်။ ငါ
နားရွက်ဆွဲခံရဦးမယ်"

မိုးပြာ ရယ်သည်။ လင်းဆောင်က လိုက်မရယ်ပါ။ သို့နှင့် အခန်း
ထဲဝင်ခဲ့ကြသည်။ အဘွားမွှေးက ဝမ်းသာအားရ ခုတင်ပေါ်က ဆင်း
လာပြီး . . .

"လာ . . . လာ . . . လင်းဆောင် . . . နင့်ကို မျှော်နေတာ။
ဘယ်လိုလဲ . . . ။ ငါမေးမဲ့စာတွေ ရပြီလား"

ဆရာမဟောင်းကြီးဆိုသည့်အတိုင်း ဆရာမအသံကတော့
အပြည့်။ လက်ထဲမှာလည်း ကြိမ်လုံးမရှိသဖြင့် ဘီးကုတ်ကြီး ကိုင်ထား
သည်။ ဘီးကုတ်ကြီးနှင့်တော့ လင်းဆောင်က မကြောက်။

"ရပါပြီ အဘွားမွှေးရဲ့။ ကြိုက်တာမေး"

"အေး . . . ဒါဆိုမေးပြီ။ (A)နဲ့ (J)ပေါင်း ဘာလဲ"

"ထီးကလေးတစ်ချောင်းပါ"

"(E)နဲ့ (F)ပေါင်းတော့"

"ဘီးကလေးတစ်ချောင်းပေါ့"

သူ့ဟာနှင့်သူတော့ ဟုတ်နေသည်။ မိုးပြာကတော့ ဘာတွေ
ပေါင်းနေလို့ ဘာတွေပြောနေမှန်း နားမလည်။

"(P)ရယ်၊ (A)ရယ်၊ (O)ရယ်ပေါင်းလိုက်ရင်"

"ဂျိုကာ ဦးထုပ်လေးကို မြင်"



www.burmeseclassic.com

www.burmeseclassic.com

“အင်း . . . တော်တယ်။ စာတွေ ကျက်ခဲ့သားပဲ”

အဘွားမွေးက ချီးကျူးသည်။ အခုတစ်ခါ အတိုကောက်စာလုံးတွေ မေးပြန်သည်။

“(P. O. W)က ဘာလဲ”

“စစ်သုံ့ပန်းပါ အဘွား (Prinsoner of War)ပေါ့”

“အင်း . . . ဒါဆို (s . o .b)ကကော”

“ဟာ . . . အဘွားမွေးကတော့ ဆဲပြီ”

လင်းဆောင် သိပါသည်။ (s . o . b)ဆိုတာ . . .

“ခွေးမသားလို့ ဆဲတာမို့လား။ (son of a bitch)ကို ပြောတာကြီး”

အဘွားမွေးက ပြုံးသည်။ ပြုံးမှာပေါ့ ဆဲရတာကိုး။ အဘွားမွေးက ဆက်မေးသည်။

“ကဲ . . . ကောင်လေးတစ်ယောက်က ကောင်မလေးတစ်ယောက်ကို အတင်းလိုက်စကားပြောလို့ ကောင်မလေးက မကြည်မဖြူ ပြန်ပြောတဲ့ပုံစံ ပြောပြမယ်။ သေချာနားထောင်ထား”

“ဟုတ် . . . ”

လင်းဆောင်ကော မိုးပြာပါ သေချာနားထောင်လိုက်ကြသည်။ အဘွားမွေး ဘယ်ထောင့်က မေးမလဲလို့ပေါ့။

“ဝေးဝေးမှာ အေးဆေးသွားနှပ်နေစမ်းပါရှင်။ ကျွန်မကိုလာပြီး ဖွန်ကြောင်မနေပါနဲ့တဲ့”

အဘွားမွေးက သူတို့နှစ်ယောက်ကို အကဲခတ်သလိုကြည့်ပြီး ဆက်ပြောသည်။

“ကဲ . . . ခုနက ငါပြောလိုက်တဲ့ စကားထဲမှာ မွေးစားစာလုံးလို့ ထင်ရတာ ဘယ်နှလုံးပါလဲ”

နံဘေးကစဉ်းစားနေသည့် မိုးပြာကတော့ မွေးစားစာလုံးဆိုတာကို ရှာမတွေ့။ လင်းဆောင်ကတော့ ပြုံးနေသည်။



“ဝေးဝေးမှာ သွားနှပ်နေစမ်းပါဆိုတဲ့ အထဲက ‘နှပ်’ရယ်၊ ဖွန်ကြောင်ဆိုတဲ့ စာလုံးထဲက ‘ဖွန်’ ရယ်ဟာ အင်္ဂလိပ်စာလုံးကနေ မွေးစားထားတာ ဖြစ်နိုင်ပါတယ်”

“ရှင်းစမ်းပါဦး”

မိုးပြာလည်း လိုက်မှတ်သားရန် ပြင်သည်။ ဖွန်ကြောင်တာက အင်္ဂလိပ်စာလုံးတဲ့။ အို . . . အသစ်တွေချည်းပဲ ကြားနေရသည်။

“ ‘နှပ်’ဆိုတာ အင်္ဂလိပ်လို (nap)ဆိုတဲ့ စာလုံးကို မွေးစားပြီး သုံးတာ ဖြစ်ပါလိမ့်မယ်။ (nap)ဆိုတာ မြန်မာလို တစ်မှေးအိပ်သည်တဲ့။ အသာနေစမ်းပါ။ တစ်မှေးသွားအိပ်လိုက်ဦးဆိုတဲ့ ပုံစံမျိုးနဲ့ သုံးလို့ရတယ်”

“ဟုတ်ပါပြီ။ ဖွန်ကြောင်ကကော”

“ ‘ဖွန်’ ဆိုတာ (Foehn)ဆိုတဲ့ စာလုံးက ဆင်းသက်လာတာ ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ (Foehn) ဆိုတာ ဥရောပတိုက်၊ အယ်လ်(ပ) တောင်တန်းရဲ့မြောက်ဘက် ဆွစ်တောင်ကြားတွေမှာ တောင်ဆောင်းတစ်လျှောက် တိုက်ခတ်ဆင်းလာတဲ့လေပါ

အဲ့ဒီလေဟာ နွေးပြီး ခြောက်သွေ့ပါတယ်။ အဲ့ဒီလေကြောင့် လူတွေဟာ စိတ်တွေကမောက်ကမနဲ့ ကြောင်တောင်တောင် ဖြစ်တတ်ပါတယ်။ အဲ့ဒါကြောင့် ‘ဖွန်ကြောင်’ တယ်ဆိုတာ (Foehn)ဆိုတဲ့ လေကြောင့် ‘ကြောင်’ရတဲ့သဘောမို့ မွေးစားစာလုံးလို့ ထင်ရပါတယ်”

အဘွားမွေးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြုံးရှာသည်။

[တစ်ခါက လူသတ်မှုတစ်ခုတွင် လူသတ်တရားခံက (Foehn)ဖွန်လေကြောင့် သူ့စိတ်များလှုပ်ရှားပြီး လူသတ်မှုကျူးလွန်ရသည်ဟု လျှောက်လဲသဖြင့် ပြစ်ဒဏ်လျှော့ပေါ့၍ ချမှတ်ခံခဲ့ရဖူးသည်ဟု မှတ်သားဖူးပါသည်။ (စကား ချပ်)]

“ဒါလေးက ဘယ်သူလဲ”

www.burmeseclassic.com

"ကြည်လင်မိုးပြာတဲ့ အဘွားရဲ့"

အဘွားက တဲ့မေးသေးသည်။ ဘယ်တုန်းက မေးချင်နေမှန်းလည်းမသိ။

"ရည်းစားလား"

"အာ . . . မဖြစ်သေးပါဘူး၊ အဘွားမွေးကလည်း"

ဟင် . . . မဖြစ်သေးပါဘူးတဲ့။ စကားကြီးကလည်း မိုးပြာမှဖြင့် လှစ်ခနဲ မျက်လုံးကလေး ဝိုင်းသွားရသည်။ သူကတော့ မျက်နှာတည်ကြီးနှင့် လှည့်ပြုံးပြသေးသည်။

အဘွားမွေးအခန်းထဲက ထွက်ခဲ့တော့ သူက ပြုံးစစနှင့်။ မိုးပြာကတော့ ဘာမှမသိတတ်သည့် ကလေးလေးလို ဖြစ်နေရသည်။

"လာ . . . လိုက်ခဲ့"

ဆိုပြီး ဘယ်နေရာမှန်းမသိ မိုးပြာကို ခေါ်သွားပြန်သည်။ သချာဆရာအဘိုးရယ်၊ အင်္ဂလိပ်စာဆရာမ အဘွားရယ်နှင့်တော့ တွေ့ပြီးပြီ။ အခု သမိုင်းဆရာတွေ ဘာတွေနှင့် တွေ့ရဦးမည်လား။ မိုးပြာ တွေးမိသည်ပေါ့။

သို့သော် လင်းဆောင်ခေါ်လာသည်က လဲ့ဗင်ဒါဘိုးဘွားရိပ်သာ၏ အနောက်ဘက်ရှိ ကုန်းကမူလေးတစ်ခုဆီကိုပါ။

ကုန်းကမူက ပြေပြေကလေး မြင့်တက်သွားပြီး ပြေပြေကလေးပဲ ဆင်းနေသည်။ မွေးကာစ တောင်ကုန်းကလေးနှင့်ပင် တူနေသေး၏။ ကုန်းကမူလေး၏အစွန်းမှာတော့ စိမ်းစိုသည့် သစ်ပင်ဖျိုတစ်ပင်က ပင်စည်နက်နက်နှင့် ရပ်၍နေသည်။ ထိုသစ်ပင်၏ အခြေတွင် ခုံတန်းလျားလေး တစ်ခု။ ဆေးရောင်စုံ သုတ်လိမ်းထားခြင်းမရှိဘဲ သဘာဝသစ်သားအရောင်အတိုင်းသာ။ မြင်ရုံနှင့် ထိုင်ချင်စရာ ကောင်းလှသည်။

"ထိုင်လေ . . . ။ ဒီမှာ ထိုင်ဖို့ခေါ်လာတာ"

သူတို့နှစ်ယောက် ခုံတန်းလျားလေးပေါ်မှာ ခပ်ခွာခွာ ထိုင်ဖြစ်ကြသည်။



ခပ်ဝေးဝေးကို ငေးသောအခါတွင်လည်း ဝါလင်းသောကောင်းကင်မှာ အခါခပ်သိမ်း စင်ကြယ်သူတစ်ယောက်လို တည်ကြည်နေသည်။ ကားနည်းသော တိမ်ဖြူတို့က နေမြဲအတိုင်း လှပနေလေသည်။ စိုးစိစိ ပျံသန်းနေသော ငှက်ကလေးတွေကတော့ ကမ္ဘာမြေကို တစ်ခုခုပြောချင်နေပုံပဲ။

"ရှုခင်းလေးက အေးချမ်းတယ်နော်"

အသံ အေးအေးလေးနှင့် ပြောလာသည့် သူ့စကားကို မိုးပြာခေါင်းညိတ်ပြမိသည်။ တစ်ခုခုကိုဆက်ပြောရန် သူ စကားခင်းနေတာမှန်းတော့ မိုးပြာမသိခဲ့ပါ။

"လောကရှုခင်းကတော့ မလှပသေးဘူး မိုးပြာရယ်။ လူအဖြစ်ရင်သန်ရတာ သိပ်ပင်ပန်းတယ်။ ကြမ်းတမ်းတဲ့လမ်းမကြီးမှာ လျှောက်နေသူလို ခဏခဏ ခလုတ်တိုက်လို့ လဲကျနေကြရတယ်။ တချို့တွေက ချောက်နက်ထဲအထိအောင် ပြုတ်ကျသွားကြတယ်"

" . . . . . "

"အထီးကျန်နေသူတွေ၊ အားပေးဖော်မဲ့သူတွေ၊ အားငယ်ပြီး ဘာကိုမှ မယုံကြည်ချင်တော့တဲ့လူတွေ ကမ္ဘာမှာ သိပ်များလာပြီ။ နေ့စဉ်ပဲ ပတ်တွေ သေသေနေကြတယ်။ တချို့တွေရူးသွပ်သွားကြတယ်။ တချို့တွေ ကိုယ့်ကိုယ်ကိုယ် သတ်သေကြတယ်"

"တချို့တွေက အကြောင်းမဲ့ အဝေးကို ထွက်သွားတတ်ကြတယ်"

မိုးပြာက စကားထောက်တာပါ။ လင်းဆောင် မိုးပြာကို ကြည့်သည်။ မိုးပြာမျက်နှာက ငြိမ်သက်၏။

"အင်း . . . ဟုတ်တယ်"

လင်းဆောင်က ခေါင်းတညိတ်ညိတ် လုပ်သည်။ ဆက်ပြီးသည်း . . .



www.burmeseclassic.com

www.burmeseclassic.com

"ဒီလိုနဲ့ ကြာရင် ငါတို့ လူ့အဖွဲ့အစည်းမှာ နွေးထွေးပျော်ရွှင်မှု တွေ ပျောက်ပျက်သွားနိုင်တယ်။ ကိုယ့်ဘဝနဲ့ ကိုယ်ပဲဆိုပြီး နှလုံးသား သီးခြားစနစ်နဲ့ ဆက်နေရလောက်အောင် မမိုက်မဲသင့်တော့ဘူး။ တစ်ဦး နဲ့တစ်ဦး ခြေထိုးတွန်းလှဲကြမဲ့အစား လက်ကမ်းဆွဲထူသင့်ပြီ"

သူ ဒီအရွယ်လေးနှင့် ဘာလို့ မွန်မြတ်နေရတာလဲ။ ဒီလောက် တော်နေရတာလဲ။ ဘာကြောင့် ဒီလောက် စိတ်ဓာတ်ကောင်းတွေ ရှိနေရ တာလဲ။ မိုးပြာ သူ့ကို လေးစားလာမိသည်။ သူ့စကားတွေကို နားထောင် ခြင်းဖြင့်လည်း အဓိပ္ပာယ်များစွာကို လင်းလင်းထင်းထင်း တွေ့လာသလို သူမ ခံစားရသည်။

"အချင်းချင်း နွေးထွေးဖို့သာ အလိုအပ်ဆုံးပေါ့။ လဲနေတဲ့ နှလုံး သားတွေကို ထူသင့်ပြီ"

ဒါ သူ နောက်ဆုံးပြောတဲ့စကားပါ။

မိုးပြာ ဆက်နားစွင့်နေသော်လည်း သူ ဆက်မပြောတော့ပါ။

တစ်အောင့်လောက်ကြာတော့ လင်းဆောင်က အဓိပ္ပာယ်ပါပါ ပြုံးမိသွားသည်။

"ဘာပြုံးတာလဲ"

"သြော် . . . နင်နဲ့ငါ နင်'တွေ ငါ့တွေနဲ့ ပြောဖြစ်နေတာ ကြာ ပြီလို့"

"ရွယ်တူတွေပဲ၊ သူငယ်ချင်းပေါ့ဟာ"

မိုးပြာ ထိုသို့ ခွန်းတုံ့ပြောတော့ လင်းဆောင်စိတ်ထဲမှာ ခေါင်း မိသည်။ သူက သူငယ်ချင်းအဖြစ်နဲ့ ရပ်တည်ဖို့ အစီအစဉ်မရှိဘူးလေ

ချက်ချင်းပဲ လင်းဆောင်က စာရွက်ခေါက်လေးတစ်ခုကို ထုတ် ပေးလိုက်သည်။

"ရော . . . "

"ဟင် . . ."



မျက်လုံးကလေးဝိုင်းသွားသည့် မိုးပြာကို လင်းဆောင် ရယ်ပါ သည်။

"အဟား . . . ရည်းစားစာလို့ ထင်နေတာလား"

"မဟုတ်ပါဘူး"

"အေး . . . တကယ်လည်း မဟုတ်ပါဘူးဟာ။ ခုနက ငါ့ကို ကွားမွှေးမေးတဲ့ အက္ခရာဆက် ရုပ်ပုံဆွဲနည်းလေးတွေပါ။ သူ မူကြို န်းက သင်တဲ့ဟာတဲ့"

"သြော် . . . "

မိုးပြာ စာရွက်ခေါက်လေးကို ဖွင့်ကြည့်လိုက်တော့ ပေါက်ပေါက် ရှာပင်။ အက္ခရာစာလုံးလေးများနှင့် ဆက်စပ်ဆွဲထားသော ပုံလေးတွေ တွေ့လိုက်ရလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

## အက္ခရာဆက်၍ဆွဲသော ပုံကလေးများ

A+J =  (ထီးကလေး)

O+I =  (လူတစ်ယောက်)

E+F =  (ခေါင်းဖြီးကလေး)

O+X+Y =  (ရေခဲမုန့်)

M+T =  (နှင်းဆီပန်း)

Y+O =  (ဝိုင်ခွက်ကလေး)



P+A+O =  (ဂျိုကာဦးထုပ်)

r+r+r+r =  (ငှက်ကလေးတွေ)

m+Q =  (ကြောင်ကလေးကို နောက်ဖက်မှ မြင်ရပုံ)

C+c =  (လခြမ်းကလေး)

H+H+H =  (လှေကား)

A+A+A+I =  (ထင်းရှူးပင်)

ထိုသို့ပင် တခြားပုံကလေးများ များစွာရှိပါသေးသည်။ မိမိဘာသာ ရှာဖွေတီထွင် စမ်းသပ်ကြည့်၍လည်း ရပါသည်။ ထိုသို့ ချစ်စဖွယ် ပုံကလေးများအား အက္ခရာများနှင့် ဆက်ဆွဲရခြင်းကိုကလေးများက အထူး သဘောကျကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com

## (၇)

"ရှော . . . ဒါတွေအကုန်လုံး ခရမ်းရောင်အဖွဲ့နဲ့ ပတ်သက်
တွေပဲ"

ဝါဝါက လက်ထဲက စာရွက်စာတမ်းတစ်ထပ်ကို မိုးပြာရှေ့
ပေးလိုက်သည်။

ဝါဝါက သူ စုံစမ်းရသမျှကိုလည်း ပြောပြသည်။

"ခရမ်းရောင်အဖွဲ့ဝင်တွေက နေရာအနှံ့မှာ ရှိတယ်ဟ။ အင်
နက်မှာလည်း Website တစ်ခု ဖွင့်ထားတယ်။ အဲ့ဒီကနေ အသင်
ချင်ရင်လည်း ရတယ်။ အသင်းဝင်ပေါင်း ထောင်ချီတယ်။ လူငယ်
များတယ်"

"ဒီလိုကတော့လည်း ငါတို့မြန်မာလူငယ်တွေက အများအ
အတွက်ဆို စိတ်အားထက်သန်ကြသားပဲ"

"မြန်မာဆိုတာ တကယ်တမ်းကျတော့ စိတ်ရင်းကောင်းပြီး
ပါ"



"ခရမ်းအရောင်အဖွဲ့တွေ သွားရောက်လှူဒါန်းအားပေးကြတာ
ည်တွင်းတင်မကဘူး။ ပြည်ပအထိပါ တစ်ခါတလေ သွားကြသေးတာ

"အဲ့ဒီအတွက် ဘတ်ဂျက်ကကော"

"ရန်ပုံငွေအနေနဲ့ ထောက်ပံ့လှူဒါန်းပေးသူတွေကလည်း
တကယ့် ဂရိတ်တွေ၊ ကြွယ်ဝတဲ့ သူတွေချည်းပဲ။ ခရမ်းရောင်အဖွဲ့က
ည်း တကယ်စိတ်ပါဝင်စားစွာလုပ်တော့ သူတို့အဖွဲ့ကို သဘောကျသူ၊
ညီအားပေးသူတွေ များတာပေါ့ဟာ"

"ဩော် . . . ဩော် . . . "

တော်တော်စနစ်ကျပြီး ကြီးမားသည့် အဖွဲ့တစ်ခုမှန်း မိုးပြာသိ
လာရသည်။

"ဒါနဲ့ ဒီလောက်ကြီးမားတဲ့ အဖွဲ့ကြီးကို ဦးဆောင်တဲ့သူက
လင်းဆောင်ဆိုတာ အမှန်ပဲလား"

ဝါဝါက ခေါင်းကို ဖြည်းဖြည်းညိတ်ရင်း . . .

"အမှန်ပဲ မိုးပြာ။ လင်းဆောင်အဖေကလည်း နယ်နယ်ရရ
ဟုတ်ဘူး။ စီးပွားရေးလောကမှာ ထင်ရှားတဲ့ သူဌေးကြီးတစ်ယောက်
ပဲ၊ အခု သူငှားနေနေတဲ့ နင်တို့တိုက်ခန်းရှေ့ကတိုက်ခန်းက သူ့ရဲ့ရှုံး
ခန်းသဘောမျိုးပေါ့ဟာ။ သူ့ဆီ အနယ်နယ်အရပ်ရပ်က အဖွဲ့ဝင်တေ
ရဲ့ အစီရင်ခံစာတွေလာတယ်။ သူက အတည်ပြုပေးရတယ်။ တစ်ခါ
တလေ သူကိုယ်တိုင်လည်း နယ်တွေဘာတွေဆင်းပြီး လုပ်အားပေးတတ်
တယ်"

မိုးပြာကတော့ သူ့ကို လေးစားလွန်းမက လေးစားလာမိသည်။
ဝါဝါက ဆက်ပြောဆဲ။

"အခုနောက်ပိုင်း ပရဟိတအသင်းတွေထဲမှာ သူတို့အဖွဲ့က
အထင်ရှားဆုံးဖြစ်နေပြီ။ အစက စိတ်ပညာကျောင်းသားတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တူထောင်တဲ့အဖွဲ့ဆိုပြီး နာမည်ကြီးတာ။ အခုတော့ ခရမ်းရောင်အဖွဲ့ ပြီး ဟိုးဟိုးကျော်နေပြီ။ ငါတို့က မျက်စိပိတ်၊ နားပိတ်နဲ့ ပြိတ္တာမ လို နေနေကြလို့ ဒါတွေမသိတာ"

"ဟင် . . . ခေတ်ကို ရှယ်နောက်ကျနေခဲ့ပြီပဲ"

ရှင်းသန့်က ညည်းညူလိုက်သည်။ မိုးပြာက လက်ဖျောက် သည်။

"စိတ်ဝင်စားသွားပြီဟာ"

"လင်းဆောင်ကိုလား"

အားလုံးက တစ်ပြိုင်တည်း အသံတူကြီးမေးကြတော့ မိုး ပါးကလေးကို ဝှစ်ခနဲ ဖောင်းသွား မျက်လုံးကလေးဆို ဝိုင်းခနဲ ဖြစ်သွ ရသည်။ ဘယ့်နှယ်တော် သူများကို သူနဲ့ပဲ လာစနေကြတာ။

"မဟုတ်ပါဘူး၊ ခရမ်းရောင်အဖွဲ့ကိုပါ"

"ဒါဆို လင်းဆောင်ကိုကော စိတ်မဝင်စားဘူးလား"

ဒီလိုထပ်မေးနေတော့လည်း မိုးပြာ ရှက်မိပါသည်။ သို့သေ ရင်ခွင်က သူနဲ့ကျမှ ကြာကြာမရှက်ချင်တာလည်း ခက်သည်။

"ဟဲ . . . ဟဲ . . . သူ့ကိုက ဖြည်းဖြည်းမှပေါ့"

မိုးပြာ ဒီလိုမဝံ့မရဲလေး ဖြေမိတော့လည်း မိန်းမတွေက မဲ့ ရွဲ့ကြသည်။

"ဟင်း . . . အမဲရိုးနဲ့ ဟင်းအိုးမှ အားမနာ"

"အေးလေ . . . အနူလက်နဲ့ ရွှေခွက်နှိုက်ချင်လို့"

မိန်းမတွေက ပိုးစိုးပက်စက်ပြောတော့ မိုးပြာ ဓွေ့ဓွေ့ခုန် ပေါ့။

"အံမယ် . . . အံမယ် . . . လင်းဆောင်ဘက်ကများ ဈေး တက်ပေးနေလိုက်ကြတာ"

မိန်းမတွေ ပြိုင်တူရယ်ကြသည်။ မိုးပြာပုံလေးကိုကြည့်ပြီး မရ ဘဲ မနေနိုင်တော့တာပါ။



"စတာပါ . . . ချစ်ဖရန့်လေးရဲ့။ နင့်လို ချစ်စရာကောင်းတဲ့ ကောင်မလေးမှ လင်းဆောင်နဲ့ လိုက်မှာပေါ့ဟဲ့"

သိုင်းဝတ္ထုတွေဖတ်တတ်သည့် ရှင်းသန့်ကလည်း . . .

"ဟို တရုတ်သိုင်းကားထဲကလို ပြောရရင်တော့ သူရဲကောင်း နဲ့ မြင်းကောင်းနဲ့မှ လိုက်ဖက်တာပေါ့ဟာ"

ဟွန်း . . . သူ့ဥပမာကလည်း မိုးပြာမှာ မြင်းမဖြစ်ရဦးမည်။

ဘာပဲဖြစ်ဖြစ် မိုးပြာကတော့ ခရမ်းရောင်အဖွဲ့ထဲဝင်ရန် ကြိုးစား တော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းဆောင်၏အခန်းက ရာမဇာတ်တော်ထဲက ဦးရီးတော် မာရစ္ဆနှင့် တူနေပါသည်။ ဦးရီးတော် မာရစ္ဆလက်တစ်ဖက်က ဆင်ရိုင်းကြီးကိုတောင် နားရင်းရိုက်၍ သတ်နိုင်လောက်အောင် ကြမ်းတမ်းပြီး ကျန်သည့်လက်တစ်ဖက်က ကြာငုံလေးကိုတောင် ပွတ်သပ်ရုံနှင့် ပွင့်လာအောင် နူးညံ့သည်ဟု ဆိုထားသည် မဟုတ်လား။

ယခု လင်းဆောင်အခန်းကလည်း တစ်ဖက်တွင် ဘောင်းဘီတို လောင်းအကျီတွဲလောင်းနှင့် ရှုပ်ပွနေသည်။ ထိုရှုပ်ပွနေသည့်ဘက်ကို လိုက်ကာတား၍ အခန်းကန့်လိုက်သည်။ သည်တစ်ဖက်ခန်းကတော့ ရုံးခန်းဆန်အောင် ထားရှိရသဖြင့် သပ်ရပ်နေသည်။ ကွန်ပျူတာများ၊ ဖိုင်တွဲများနှင့်။

ယခု ထိုသပ်ရပ်သောအခန်း၏ စားပွဲရှေ့တွင် မိုးပြာတို့ ထိုင်ကြပါသည်။

"အရောင်ဗေဒမှာ ခရမ်းရောင်ကို တော်ဝင်ခြင်း၊ သစ္စာတရားကို ကိုယ်စားပြုခြင်း၊ မှော်ဆန်ခြင်း၊ သဘာဝပတ်ဝန်းကျင်မှာ ရှားပါးပေမဲ့ သဘာဝအဆန်ဆုံး အရောင်အဖြစ် ဖွင့်ဆိုကြတယ်။



ကျွန်တော်ကတော့ အဲ့ဒီဖွင့်ဆိုမှုတွေထဲက သစ္စာတရားကို ကိုယ်စားပြုတယ်ဆိုတဲ့ အဓိပ္ပာယ်ကို အကြိုက်ဆုံးပဲ။ သစ္စာဆိုတာ အမှန်တရား၊ ညီမျှမှုနှင့် မေတ္တာတရားဟာလည်း အမှန်တရားထဲမှာပဲ ရှိပါတယ်။ ဒါကြောင့် အားလုံးကို ခြုံငုံမိနိုင်တဲ့ အရောင်ဟာ ခရမ်းရောင်လို့ ယူဆဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့အဖွဲ့ကို ခရမ်းရောင်အဖွဲ့လို့ အမည်တွင်စေခဲ့တာပဲ"

သူ့အသံက လေးနက်တည်ကြည်နေပါသည်။

"ဒီအဖွဲ့ထဲဝင်ရင် (၁) တကယ်စိတ်ပါမှု ရှိရမယ်၊ (၂) ကိုယ့်အတွက် ပီတိကလွဲရင် ဘာမှ အကျိုးခံစားရဖို့ မမျှော်လင့်နဲ့။ (၃) လူအများကို ပျော်ရွှင်စေဖို့ ကိုယ်ကလည်း ဗဟုသုတတွေ၊ ပညာတွေ စုဆောင်းရမယ်၊ ကြိုးစားရမယ်ပေါ့။ အဲ့ဒီသုံးချက်ကတော့ အခြေခံအနေနဲ့ လိုအပ်တယ်"

"ဟုတ်ကဲ့ရှင့်"

လုပ်ငန်းသဘောမျိုးနှင့်မို့ တရိတသေ မိုးပြာက ပြန်ဖြေရသည်။ လင်းဆောင်ကလည်း တရိတသေ ရှင်းပြနေသည် မဟုတ်လား။

"ကဲ . . . ဇေယျ သူ့ကို ဖောင်ဖြည့်ခိုင်းလိုက်တော့"

ဇေယျက သူ့ကွန်ပျူတာလေးကို တတောက်တောက်နှိပ်ကာ ဖောင်စာရွက်တစ်ရွက်ကို Print ထုတ်လိုက်သည်။ ဖောင်က C . V form ပါပဲ။

မိုးပြာ ဖောင်ဖြည့်နေစဉ် ဝါဝါ၊ ရှင်းသန့်၊ ပုဏ္ဏရိပ်တို့ကလည်း မိုးပြာဖြည့်သည့် ဖောင်ကို လိုက်ကြည့်နေသည်။ သူမတို့လည်း မကြာခင် ခရမ်းရောင်အဖွဲ့ထဲဝင်နိုင်ရန် ကြိုးစားမည်ဟု စိတ်ထဲ တွေးနေကြသည်။ ဖောင်ဖြည့်ပြီးမှ လင်းဆောင်က ဆက်ပြောသည်။

"လုပ်ငန်းသဘောကတော့ အားလုံးသိတဲ့ အတိုင်းပါပဲ။ ပရဟိတလုပ်ငန်းတွေအပြင် အပြုသဘောဆန်ပြီး လုပ်ပိုင်ခွင့်ရှိတဲ့ လူမှုရေးကိစ္



www.burmeseclassic.com

www.burmeseclassic.com

မှန်သမျှကို ခရမ်းရောင်က ကြိုးစားလုပ်ဆောင်မှာပဲ။ အဓိကကတော့ လူ 'အများ' အတွက်ပေါ့"

အများဟူသည့် နေရာတွင် လင်းဆောင်က အသံကို ဖိပြောပါသည်။ ခရမ်းရောင်အဖွဲ့ဝင်ရန် နောက်ဆုံးစစ်ဆေးချက်ကိုသာ ပြောဖို့လိုတော့သည်။

"ကျွန်တော် ခဏခဏ ပြောသလိုပါပဲ။ ကျွန်တော်တို့အဖွဲ့ဟာ လူတွေကို ပျော်ရွှင်စေချင်တယ်။ ဒါ့ကြောင့် အဖွဲ့ထဲဝင်လာမဲ့သူကိုလည်း လူတွေအတွက် ပျော်ရွှင်အောင် ဘယ်လောက်စွမ်းဆောင်နိုင်သလဲဆိုတာလည်း စစ်ဆေးရမယ်ဗျ။ ဒါကြောင့် မိုးပြာအနေနဲ့လည်း လူစိမ်းသုံးယောက်လောက်ကို ပျော်ရွှင်အောင် လုပ်ပြနိုင်ရမယ်"

"ရှင် . . . "

"ဟုတ်တယ် . . . ။ သူတို့ဆီက မိုးပြာကြောင့် ကျွန်တော်၊ ကျွန်မတို့ ပျော်ရွှင်ရပါတယ်ဆိုတဲ့ ဝန်ခံလွှာပါရအောင် ယူနိုင်ရမယ်။ အဲ့ဒီတာဝန်ခံလွှာသုံးစောင်နဲ့ မနက်ဖြန် ဒီကို ပြန်လာခဲ့ပေါ့။ အဲ့ဒါဆိုရင်တော့ မိုးပြာဟာ ခရမ်းရောင်အဖွဲ့ဝင် ဖြစ်ပါပြီ"

". . . . ."

မိုးပြာ ငြိမ်နေသေးသည်။ လူစိမ်းသုံးယောက်ကို ပျော်အောင်လုပ်ပေးရမည်။ ပြီးလျှင် သူတို့ဆီက ပျော်ရွှင်ကြောင်းကို ဝန်ခံလွှာပါရအောင်ယူရဦးမည်။ အိုး . . . တော်တော်တော့ လွယ်မည့်အလုပ်မဟုတ်။ သူမ ခပ်ဖြုံဖြုံတော့ တွေးမိသေးသည်။ သို့သော် ထိုအတွေးက ခရမ်းရောင်အဖွဲ့ထဲ ဝင်ချင်သည့်စိတ်ကို မတွန်းလှန်နိုင်ပါ။

"ကောင်းပြီ။ ကျွန်မ မနက်ဖြန် အဲ့ဒီပျော်ရွှင်ကြောင်း ဝန်ခံလွှာသုံးစောင်နဲ့ ပြန်လာခဲ့ပါ့မယ်"



## (၈)

ထိုနေ့ . . .

မိုးပြာ နံနက်ကတည်းက ကျောင်းစောစောရောက်လာခဲ့သည်။ အတန်းစောစောတက်ခြင်းတော့ မဟုတ်ပါ။

ယခု (9 : 30) AM ရှိပါပြီ။

ကျောင်းပတ်ရတာ ဘယ်နပတ်မှန်းမသိ။ ခြေသလုံးတွေပင်တောင့်လာပြီ။ ထို့ကြောင့် ငုတ်တုတ်ကလေး ထိုင်နားနေလိုက်သည်။

ကော်ရစ်တာကွေ့တစ်ခုမှ လျှောက်လာသော ပုဏ္ဏရိပ်တို့က သူမကို လှမ်းတွေ့လိုက်ရသည်။

"ဟော့ . . . မိုးပြာ"

အော်ဟစ်လက်ပြပြီး ပြေးလာကြသည်။ မိုးပြာကတော့ ပြန်အော်ဟစ်နိုင်၊ လက်မပြနိုင်အောင် ညောင်းညာနေပါပြီ။ သူမ အနားထိုရောက်တော့ ဝါဝါက . . .

"ဘယ်လိုတုံး . . . ။ အခြေအနေ ဘယ်လိုတုံး"



www.burmeseclassic.com

www.burmeseclassic.com

မိုးပြာက လေပူတစ်ချက်မှုတ်ထုတ်ပြီး . . .

"အေး . . . ဈေးဦးတော့ ပေါက်ပြီးပါပြီ"

မိုးပြာ ဒီနေ့ လူသုံးယောက်ကို ပျော်ရွှင်အောင်လုပ်ရမည်။ ပြီးလျှင် ပျော်ရွှင်ကြောင်း ဝန်ခံလွှာကလည်း တောင်းရဦးမည်လေ။ ခုနကတော့ ဈေးဦးပေါက်လိုက်ပြီ။ သမိုင်းကျောင်းသားလေးတစ်ယောက်ထံမှ ဝန်ခံလွှာရခဲ့ပြီလေ။

"ဒါနဲ့ နင်တို့က ဘယ်သွားမလို့လဲ"

"နင်သွားတဲ့နောက် လိုက်မလို့လေ"

မိုးပြာ ကျောင်းထဲလည်း မလျှောက်ချင်တော့ဘူး။

ထို့ကြောင့် ကျောင်းအနီးက ဘုရားတစ်ဆူထံသွားရန် ဆုံးဖြတ်လိုက်တော့သည်။ ဘုရားပေါ်ရောက်တော့ ဘုရားကန်တော့ပြီး အရိပ်အေးအေးတစ်ခု၌ စကားထိုင်ပြောကြသည်။

"နံနက်ပိုင်းတစ်ခုတော့ ကုန်တော့မယ်။ မိုးပြာ နင် လူတစ်ယောက်ကိုပဲ ပျော်ရွှင်အောင် လုပ်ပေးနိုင်သေးတယ်နော်"

"အေးဟယ် . . . ဘယ်လိုလုပ်ရမှန်း မသိတော့ပါဘူး"

မိုးပြာက ညည်းတွားသည်။ ပုဏ္ဏာရိပ်က အသံသဲ့သဲ့နှင့် . . .

"ခရမ်းရောင်အဖွဲ့ဝင်မဖြစ်လို့ကတော့ လင်းဆောင်နဲ့ လွဲတော့မှာပါလေ . . . ဒန် . . . ဒန် . . . ဒန်"

သိုင်းဝတ္ထုကြိုက်သည့် ရှင်းသန့်ကလည်း . . .

"သူရဲကောင်းနဲ့ မြင်းကောင်းနဲ့တော့ လွဲတော့မယ်"

"နင်တို့ ငါ့ကိုပဲ လိုက်စနေကြတာ။ အပျိုကြီးဖြစ်မဲ့ မိန်းမတွေ"

ထိုအချိန် သူမတို့ ကြားလိုက်ရသည်။

ဘုရားရှေ့မှ လူကြီးတစ်ယောက် ဆုတောင်းနေသံကိုပါ။ ဘုရားရှိခိုးတုန်းကတော့ တိုးတိုးနှင့် မြန်မြန်။ ဆုတောင်းကျတော့ ကျယ်ကျယ်နှင့် အကြာကြီး။

"ဘုန်းတော်ကြီးမား မြတ်ဘုရားအား ဝပ်တွားပူဇော် . . ."



အစချီပြီး ဆုတောင်းလိုက်တာ တိုက်တွေ၊ ကားတွေ၊ မာစီဒီးတွေ၊ လန်း(င်ဒ်)ခရူဆာတွေကော ဘုရားရှင်ခေတ်က မပေါ်သေးသည့်အရာတွေပါ ထည့်သွင်းတောင်းဆိုနေတော့သည်။

မိုးပြာတို့က တအံ့တဩနှင့် သူ ဆုတောင်းကြမ်းကြမ်းကြီးကို နားထောင်မိကြသည်။ ဆုတောင်းပြီးသောအခါ ထိုလူသည် ဦးသုံးကြိမ်ထပ်ရှိခိုး၍ မအီမသာ မျက်နှာကြီးနှင့် ဘုရားရှေ့မှ ထွက်ခဲ့သည်။ မြင်ရသူအပေါင်း တော်တော် စိတ်ညစ်စရာကောင်းမည့် မျက်နှာကြီးဖြစ်သည်။ သူမတို့ရှေ့မှ ထိုလူဖြတ်သွားသောအခါ မိုးပြာက အပြေးလိုက်သွားသည်။ နောက်မှလည်း ခေါ်သည်။

"ဦးလေး . . . ဦးလေး . . . "

ထိုလူက လှည့်ကြည့်သည်။ မိုးပြာကိုတွေ့တော့ မအီမသာ မျက်နှာကြီးမှာ မကြည်မသာ အမူအရာက ကွင်းခနဲ ပေါ်လာသည်။

"ဘာတုံး . . . နင့်ကို ငါ မသိပါဘူး"

"သမီးလည်း ဦးလေးကို မသိပါဘူး"

"ဒါနဲ့များ ဘာလို့လာခေါ်လဲ"

အဲ့ဒီလိုလည်းပြော မိုးပြာကိုလည်း မသင်္ကာသလိုကြည့်၊ သူ့ဗိုက်ဆံအိတ်ပွပွကြီးကိုလည်း ကျစ်ကျစ်ဆုပ်ကိုင်လိုက်သည်။ သြော် . . အတ္တ . . . အတ္တ။ စိတ်ထဲက ထိုမျှလောက်သာ ရေရွတ်လိုက်သည်။

"ဦးလေးကြည့်ရတာ စိတ်ညစ်နေသလိုပဲ"

"အေး . . . ဟုတ်တယ်။ အဲ့ဒါတော့ ဟုတ်တယ်"

"ပြောပြပါလား။ ဦးလေး ဘာလို့ စိတ်ညစ်နေတာလဲဆိုတာ သမီး တတ်နိုင်တာမျိုးရှိရင် ကူညီနှစ်သိမ့်ပေးမှာပါ"

ဟွန်းခနဲ ထိုလူကြီးက သက်ပြင်းချလိုက်သည်။ ထိုလူကြီးကို ဦးဆုတောင်းကြမ်းဟု ယာယီ စိတ်ထဲမှ မှည့်ခေါ်ထားသည်။

ဦးဆုတောင်းကြမ်း ဘုရားရင်ပြင်တစ်နေရာမှာပဲ ထိုင်ချလိုက်သည်။ မိုးပြာကလည်း လိုက်ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးဆုတောင်းကြမ်းက စကားစသည်။

"ဦးလေးဆုတောင်းတွေ မပြည့်လို့ကွ။ ဒီလောက် နှစ်တွေရှည် ရှည်လျားလျား ဆုတောင်းခဲ့တာတောင် လိုအင်ဆန္ဒတွေ တစ်ခုမှ မပြည့် ဘူးကွ"

မိုးပြာက ချက်ကျလက်ကျပြောရန် ပြင်ထိုင်လိုက်ပြီး . . .

"ဒီလိုရှိတယ် . . . ဦးလေးရ၊ ဆုတောင်းပြည့်ဖို့ဆိုတာ အဓိက နှစ်ချက်လိုတယ်။ (၁) ယုံကြည်မှု၊ တကယ့်ကို ယုံကြည်သက်ဝင်ပြီး ဆုတောင်းနိုင်ရမယ်။ (၂) အဲ့ဒီဆုတောင်းပြည့်ဖို့ ကိုယ့်ဘက်အားထုတ်မှု နဲ့ အခြေအနေလည်းရှိရမယ်။

ဥပမာ–ကိုယ်က ထိမထိုးဘဲ ထီပေါက်ဖို့ ဆုတောင်းတာမျိုး ဆိုရင်တော့ ဘယ်လိုမှ ဖြစ်နိုင်မှာမဟုတ်ဘူး။ ဒါကြောင့် ဆုတောင်း ပြည့်ဖို့ ယုံကြည်မှုနဲ့ ကိုယ့်ဘက်က အားထုတ်မှုလည်း လိုသေးတယ်လို့ ပြောတာ"

"အင်း . . ."

ဦးဆုတောင်းကြမ်းကြီးက သေချာတွေးပြီး နားလည်သလို ငြိမ် နေသည်။ မိုးပြာက . . .

"အဲ့ဒီဆုတောင်းတာနဲ့ ပတ်သက်ပြီး ပုံပြင်ကောင်းတစ်ပုဒ် ရှိ သေးတယ် ဦးလေးရဲ့"

"ဟေ . . . လုပ်စမ်းပါဦး။ ပြောပြစမ်းပါဦး"

မိုးပြာက ပုံပြင်ကို စသည်။

"လယ်သမားကြီးတစ်ယောက်ပေါ့။ အခုတလော ညတွေမှာ မိုးပြင်း၊ လေပြင်းတွေ ကျရောက်လို့ သူ့လယ်ယာစိုက်ခင်းတွေ ပျက်စီး ရတယ်။ အဲ့ဒါနဲ့ သူ့မှာ စားဖို့သောက်ဖို့ကအစ အဆင်မပြေဖြစ်လာ တယ်။ သူ့ဇနီးကလည်း မိန်းမပီပီ သူ့ကို ပြောတာပေါ့။

'ရှင် ထိုင်နေတော့မှာလား၊ မကြာခင် စားရမဲ့သောက်ရမဲ့ ဖြစ် တော့မဲ့အရေးကို ရှင် တွေးပူပါဦး'။ လယ်သမားကြီးကတော့ မပူပင်ပါ



ဘူး။ လေလေးတချွန်ချွန်နဲ့ပဲ။ သူ့မှာ နည်းလမ်းကောင်းကြီးတစ်ခု ရှိနေ သလိုပဲတဲ့။ 'စိတ်မပူပါနဲ့ မိန်းမရယ်၊ ငါ ဒီည စီစဉ်လိုက်ပါ့မယ်'လို့ သူ့ မိန်းမကို ပြန်ပြောလိုက်တယ်တဲ့။

ညရောက်တော့ လယ်သမားကြီးဟာ စာတစ်စောင်ရေးတယ် တဲ့။ စာရွက်ထိပ်မှာ 'သို့' လို့ရေးလိုက်ပြီး အဲ့ဒီအောက် ခပ်ခွာခွာမှာ 'ဘုရားသခင်' လို့ ရေးလိုက်တယ်။ သူ ဘုရားသခင်ဆီ စာရေးတော့မှာ လေ။

သူလိုချင်တဲ့ ငွေပမာဏကို ဘုရားသခင်ဆီစာရေးပြီး သူတောင်း လိုက်တာပေါ့။ နံနက်ကျတော့ အဲဒီစာကို စာတိုက်ပုံးထဲ သွားထည့်သတဲ့။ နေကျတော့ စာပို့သမားက စာတွေလာသိမ်းတယ်။ ဘုရားသခင်ဆိုတဲ့ လိပ်စာလည်းတွေ့ရော သူ အံ့သြသွားတယ်။ ဘယ်ပို့ရမှန်း မသိတာနဲ့ ကို ပြန်ယူလာပြီး စာတိုက်မှူးကြီးရဲ့စားပွဲမှာ တင်ထားလိုက်တယ်။

စာတိုက်မှူးကြီးလည်း ဒီစာလည်းတွေ့ရော ရယ်တာပေါ့။ ဘုရား ခင်ကိုတောင် စာပို့ပြီး ပိုက်ဆံတောင်းတယ်။ ဟား . . . ဟား . . . ပြီး တခြားသူတွေကိုလည်း ခေါ်ပြပြီး ဟားတာပေါ့။ သတိရတိုင်း တ်ထုတ်ကြည့်ပြီး ရယ်တယ်လေ"

"ဟေး . . . ဟေး . . ."

ဆိုပြီး ဦးဆုတောင်းကြမ်းကြီးကလည်း လိုက်ရယ်သေးသည်။

"ဒါပေမဲ့ ရယ်ရင်းတန်းလန်းနဲ့ပဲ စာတိုက်မှူးကြီးမျက်နှာက တစ် ဖြစ်သွားတယ်။ လေးနက်သွားတာပါ။ ဘုရားသခင်ကို ဒီလောက် ောင် ယုံကြည်ရသလားဆိုပြီး လယ်သမားကြီးအပေါ် အံ့သြစိတ်တွေ ်သွားတာလေ။ ချက်ချင်းပဲ စာတိုက်မှူးကြီးဟာ သူကိုယ်တိုင်လည်း က်ဆံထုတ်၊ တခြားဝန်ထမ်းတွေဆီကလည်း စေတနာရှိသလောက် ငွေ ကောက်ခံတာပေါ့။ ပြီးတော့ ရသမျှငွေတွေကို လယ်သမားကြီးဆီ လှမ်း လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

လယ်သမားကြီးကတော့ သူ့ဆီ ငွေရောက်လာလို့ အားရဝမ်း ဖြစ်မသွားပါဘူး။ ပုံမှန်ပါဘဲ။ မထူးဆန်းတဲ့ ကိစ္စတစ်ခုလို အေးအေး ဘဲ့၊ ဘုရားသခင်က သူ့ဆီကို ငွေပြန်ပို့မှာလို့ ကျိန်းသေလုံးဝကို သူ ယုံထားတာပဲလေ။

စာအိတ်လေးကို ဖွင့်၊ အထဲက ငွေတွေကို ရေတွက်ကြည့် လယ်သမားကြီး ဒေါသတွေ ချောင်းချောင်းထွက်တော့တာပဲ။ စာတို ကပေးလိုက်တဲ့ငွေက သူ ဘုရားသခင်ကို တောင်းလိုက်တဲ့ငွေလော မရှိဘူးလေ။ ငွေက လိုနေတာပေါ့။ ဒါကြောင့် သူစိတ်တိုတာလေ။ ဘု သခင်ကို စိတ်တိုတာတော့ ဘယ်ဟုတ်မလဲ။ စာတိုက်ကို စိတ်တို ပါ"

"ဘာလို့လဲ"

"စာတိုက်က သူ့ဆီ ဘုရားသခင်ပို့တဲ့ ငွေတွေထဲက တချို့ အလစ်သုတ်ထားတယ်လို့ ထင်လို့ပေါ့။ သူ ချက်ချင်းပဲ စာတစ်စော ကောက်ရေးတယ်။

သို့ ဘုရားသခင်၊ ဒီတစ်ခါ တပည့်တော်ဆီငွေပို့ရင် စာတို က မပို့ပါနဲ့။ စာတိုက်ကလူတွေဟာ လူလိမ်လူညာ အကြံသမား ပါဘုရားဆိုပြီး ရေးပြီးပို့လိုက်ရောတဲ့။ အဲ့ဒီစာကို စာတိုက်မှူးကြီး ဖ ရရင်တော့ ဘယ်လောက် အသည်းနာလိုက်မလဲရှင် . . . ဟား . ဟား"

ပုံပြင်က ဒီမှာပဲဆုံးပါသည်။ ဦးဆုတောင်းကြမ်းက ပုံပြင် သဘောကျစွာ တဟားဟား ထရယ်သည်။ တကယ်တော့ ဒါ ပုံပြ မဟုတ်ပါ။ အနောက်တိုင်းက ဝတ္ထုတိုလေးတစ်ပုဒ်ပါ။ မိုးပြာက မှတ် သလို ပြန်ပြောပြခြင်းဖြစ်သည်။

ဦးဆုတောင်းကြမ်းကြီးက ဟက်ဟက်ပက်ပက်ရယ်ရင်း . .

"ဟား . . . ဟား . . . အခုမှပဲ ရယ်ရတော့တယ်။ ဟား ဟား . . . မင်းနဲ့တွေ့မှပဲ ပျော်ရတော့တယ်ကွာ"



ဦးဆုတောင်းကြမ်းကြီးက ပျော်တယ်ဆိုတော့ မိုးပြာလည်း ပျော် သည်။

"ဦးလေး . . . တကယ် သမီးကြောင့် ပျော်ရတယ်ပေါ့"

"အေး . . . ပျော်ပါတယ်ကွယ်၊ ပျော်ပါတယ်"

"ဟေး . . . ဒါဆို ဦးလေး လက်မှတ်ထိုးပေးတော့"

"ဟင် . . . ဘာ . . . ဘာထိုးရမှာ"

ဦးဆုတောင်းကြမ်း နားမလည်ဖြစ်သွားသည်။ မိုးပြာကလည်း အားပြောလေသွားတာကိုး။ မိုးပြာ သေချာပြန်ရှင်းပြလိုက်ရသည်။ သူမ တွက် ပျော်ရွှင်ကြောင်း ဝန်ခံလွှာရရန် အရေးကြီးနေကြောင်းကိုပေါ့။

"အေး . . . ရတာက ရပါတယ်။ ဒါပေမဲ့ ငါ့မှာ ဆယ်နှစ်သား န်းက မှတ်ပုံတင်ပဲရှိတာဟ"

"ရတယ်။ ရှိတဲ့မှတ်ပုံတင်နံပါတ်သာ ရေးလိုက်"

မိုးပြာ တောင်းဆိုချက်အတိုင်း ဦးဆုတောင်းကြမ်းကြီးက ထို ရေးပေးလိုက်ပါတော့သည်။

ကျွန်တော် ဦးလူဝ၊ /. . . (နိုင်) . . . . .
ကိုင်ဆောင်သူသည် ယနေ့ ၁၈.၆.၂၀ . . တွင် မကြည်
လင်မိုးပြာဆိုသော ကောင်မလေး၏အစွမ်းကြောင့်
ပျော်ရွှင်ခဲ့ရပါသည်။

လက်မှတ် (     )

ဘာပဲပြောပြော ညနေ သုံးနာရီတိတိမှာတော့ မိုးပြာ ပျော်ရွှင် င်းဝန်ခံလွှာ သုံးစောင်တိတိ ရရှိခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးတစ်စောင်ကို အတန်းထဲမှ ပိုက်ဆံအလွန်ချေးတ
သော (ချေးပြီးလျှင်လည်း ပြန်ပေးဖို့ မေ့ချင်ယောင်ဆောင်တတ်သေ
အေးစာခြည်တင့်ကလျာသိန်းထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ မိုးပြာက ငွေ
ထောင်ထုတ်ချေးလိုက်သည်နှင့် 'ပျော်တယ် . . . ပျော်တယ်' ဟု ထ
တာ ပျော်ရွှင်ကြောင်းဝန်ခံလွှာကို ပျော်ပျော်ကြီး ရေးပေးခဲ့ခြင်းဖြစ်သည်

ပျော်ရွှင်ခြင်းဝန်ခံလွှာ သုံးစောင်တိတိ လက်ဝယ်ရသောအ
မိုးပြာ အလွန်ပျော်ရွှင်နေပါတော့သည်။

"ဟေး . . . ခရမ်းရောင်အဖွဲ့သား ဖြစ်တော့မယ်ကွ"

"ဟေး . . . လင်းဆောင်ကြီးနဲ့ . . . ဒန် . . . ဒန့် . . .
တော့မယ်ကွ"

"သူရဲကောင်းလည်း မြင်းကောင်းစီးရတော့မယ်ကွ"

နောက်ကလိုက်အော်နောက်သည့် ပုဏ္ဏရိပ်နှင့် ရှင်းသန့်
မိုးပြာ မျက်စောင်းထိုးပစ်လိုက်ပါသည်။

"နင်တို့ဘာသာ မြင်းစီး။ နင်တို့ဘာသာ ဒန်ဒန့်ဒန်ဟော့"

ဟုသာ ပြန်အော်လိုက်တော့သည်။ သူ့ကိုပဲလာစနေတာ။ ဟု
တယ်။

## (၉)

ပျော်ရွှင်ကြောင်း ဝန်ခံလွှာစာရွက်လေးသုံးစောင်ကို ခပ်ပြုံးပြုံး
နှင့် လင်းဆောင် ကြည့်နေသည်။

"ဘယ်လိုလဲ ငါ ခရမ်းရောင်အဖွဲ့ဝင်ဖြစ်ဖို့ အရည်အချင်းမီပြီ
လား"

မိုးပြာက ဂုဏ်ယူဝံ့ကြွားစွာပြောသည်။

သူ ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"အင်း . . . နင် အခုချိန်ကစပြီး ခရမ်းရောင်အဖွဲ့ဝင် ဖြစ်သွား
ပါပြီ"

ဟေးခနဲမအော်မိသော်လည်း မိုးပြာ အရမ်းပျော်သွားပါသည်။ ခရမ်းရောင်အဖွဲ့ဝင်ဖြစ်ရတာကို ဂုဏ်ယူစရာဟု သူမယုံကြည်ခဲ့ပြီးတာ ကြာပြီဖြစ်သည်။ လင်းဆောင်က စားပွဲအံဆွဲထဲမှာ ကတ်လေးတစ်က
ကို ထုတ်ပေး၏။

www.burmeseclassic.com

"ရော့ . . . ဒါ . . . အသင်းဝင်ကတ်"

ခရမ်းရောင်အသင်းဝင်ကတ်လေးကလည်း ခရမ်းရောင်လေး ဖြစ်သည်။ အဖွဲ့၏တံဆိပ်မှာ ကမ္ဘာလုံးထဲတွင် လက်တစ်စုံတွဲနေသည့် ပုံဖြစ်သည်။ အဓိပ္ပာယ်ရှိသော ပုံလေးဖြစ်သည်။

မိုးပြာအသင်းဝင်ကတ်ကလေးကို ရင်ဘတ်မှာ ချိတ်ကြည့် ရင်း

"ရော့ . . . "

လင်းဆောင်က စာအိတ်လေးတစ်ခု ထုတ်ပေးခြင်းပါ။ ဘာ စာလေးပါလိမ့်။

"ရည်းစားစာလို့ ထင်လို့လား"

"အဟင်း . . . မထင်ပါဘူးဟဲ့"

"မရဘူး"

"ဟင် . . . "

"မထင်လို့မရဘူး။ ဒါ ရည်းစားစာပဲ"

". . . . ."

မိုးပြာ အံ့သြကာ သူ့ကို မော့ကြည့်မိသည်။ သူက မိုးပြာ မျက်ဝန်းအစုံကို စိုက်ကြည့်လျက်သား ဖြစ်နေသည်။

အံ့သြမှုနှင့် ဝိုင်းဝန်းသော မိုးပြာနှုတ်ခမ်းလေးကြောင့် သူ့မှာ ပြောဖို့စကားက နှေးကွေးသွားသည်။

အယဉ်ကျေးဆုံးအသံနှင့် သူ ဖွင့်ချလိုက်ပါသည်။

"ငါ နင့်ကို သိပ် . . ."

"ဟိုး . . . ဟိုး . . . ဟိုးထား . . ."

မိုးပြာ မကြားရဲလို့ပါ။



လူသည် ကိုယ်အမျှော်လင့်ဆုံးအရာ ရရှိမည့်အချိန်တွင် အမည် သိသော ကြောက်လန့်မှုတစ်ခုကြောင့် ငြင်းဆန်ပစ်လိုက်မိတတ်သည် ု စိတ်ပညာရှင်တစ်ယောက်ပြောတာ ကြားဖူးသည်။ သူမကကော သူ ်ပြောမည့်အချိန်မှ ဘာကြောင့်ငြင်းဆန်ပြီး နားမထောင်လိုက်မိတာလဲ။ က်သားကွယ်။

ငါ နင့်ကို သိပ် . . . တဲ့။ ကြည့်စမ်း . . . ။ ဆက်နားမထောင် က်ရမှာ။ ယခု သူပေးသည့်စာကို ဖတ်ရဦးမည်။ စာထဲမှာ ဘာတွေ မလဲမသိ။ စာအိတ်ကို ဖွင့်ကြည့်လိုက်တော့ . . . .

သို့/-

မိုးပြာ

*ငါ အခု ဖွင့်ပြောပြီးပြီဆိုတော့ မိုးပြာဘက်က စဉ်းစားဖို့ လိုလာပြီပေါ့။ စဉ်းစားတယ်ဆိုတာ ကိုယ့်စိတ်နဲ့ကိုယ် အမေးအဖြေ လုပ်ခြင်းမျိုးပေါ့။ အခု မိုးပြာစိတ်ကို မေးကြည့်ပေါ့။ ငါ့ကို ချစ်လား၊ မချစ်ဘူးလား ဆိုတာကိုလေ။ ဒါပေမဲ့ တစ်ခါတလေ စိတ်ကလိမ်ညာပြီး ဖြေတတ်လို့ အဖြေမှန်နဲ့*



www.burmeseclassic.com


www.burmeseclassic.com

လည်း ဆေးတတ်တယ် မိုးပြာရဲ့။

ဒါကြောင့် အဖြေမှန်ရအောင် ငါကပဲ လမ်းကြောင်း ပေးလိုက်ချင်တယ်။ စိတ်ပညာရပ်မှာ ဒွိသဘောဆန်းတဲ့ ရုပ် လေးတွေနဲ့ စမ်းသပ်တာမျိုးကို အသုံးများတယ်။ အခု ငါလည်း အဲ့ဒီနည်းလေးကို သုံးထားတယ်။ အောက်မှာ ပုံသဏ္ဌာန်ထေ တဲ့ ရုပ်ပုံလေးတွေကို ဆွဲပြထားတယ်။ မိုးပြာက စိတ်ထဲကထင်တဲ့ ပုံကို အမှန်ခြစ်ပြီး မှတ်ထားပေါ့။ နောက်တစ်မျက်နှာမှာ အဲ့ ပုံလေးတွေနဲ့ပတ်သက်တဲ့ အဓိပ္ပာယ်ကို ဖော်ပြထားပေးတယ် (အမှန်မခြစ်ရသေးဘဲ နောက်တစ်မျက်နှာကို လှန်မကြည့် နော်)။


အရေးအကြီးဆုံးတစ်ခု မှာထားရဦးမယ်။ မိုးပြာက ငါ့ကို ချစ်မချစ် ကိုယ့်စိတ်ကို ကိုယ်မေးမြန်းမှာမို့ ငါ့ပုံလေးက တော့ စိတ်ထဲမှာ အမြဲမြင်ယောင်နေရမယ်နော်။ ကဲ . . . အောက် မှာ ပုံလေးတွေ။

Figure (a)



၁။ ကျောက်တုံး
၂။ အသည်းပုံ
၃။ ဖိနပ်


Figure(b)



၁။ စာရွက်
၂။ ပေါင်မုန့်တစ်ချပ်
၃။ ကျောက်ပြား



Figure (c)



၁။ ဖယောင်းတိုင်
၂။ ခဲတံ
၃။ ရဲတိုက်ကလေး

မိုးပြာ ပုံကလေးတွေကို သေချာကြည့်လိုက်သည်။ စိတ်၏တစ်ထောင့်၌လည်း သူ့ကို (လင်းဆောင်ကို) အာရုံပြုထားလိုက်သည်။ ပေးထားချက်များအရတော့ ပုံ (a)ကို မိုးပြာက 'အသည်းပုံ' ဟုထင်သည်။

ထို့ကြောင့် 'အသည်းပုံ' ကို အမှန်ခြစ်လိုက်သည်။ ပုံ (b)ကိုတော့ မိုးပြာက 'ပေါင်မုန့်တစ်ချပ်'ဟုသာ မြင်မိသည်။ ထို့ကြောင့် 'ပေါင်မုန့်'ကို အမှန်ခြစ်လိုက်သည်။ ပုံ (c)အတွက်တော့ 'ရဲတိုက်ကလေး' ကို အမှန်ခြစ်လိုက်သည်။

အမှန်တွေတော့ ခြစ်ပြီးပြီ။ နောက်တစ်ရွက်လှန်ပြီး ပုံကလေးတွေရဲ့ အဓိပ္ပာယ်ကို ဖော်ကြည့်ရတော့မည်။

Figure (a)

- ၁ ။ကျောက်တုံး = လုံးဝအာရုံမလာဘူး။
- ၂။ အသည်းပုံ = ငါ သူ့ကို ရင်ခုန်တယ်။
- ၃။ ဖိနပ် = သူဟာ အစိတ်အပိုင်းလောက်ပဲ အသုံးဝင်မှာပါ။

Figure(b)

- ၁။ စာရွက် = သူနဲ့ ငါ မဖြစ်နိုင်ပါဘူး။
- ၂။ ပေါင်မုန့်တစ်ချပ် = သူဟာ အရာရာမှာ အားကိုးရမဲ့လူပဲ။
- ၃။ ကျောက်ပြား = သူ့ကို ဘယ်နည်းနဲ့မှမပဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

Figure (c)
- ၁။ ဖယောင်းတိုင် = အချိန်တွေယူပြီး ထပ်စဉ်းစား ချင်သေးတယ်။
- ၂။ ခဲတံ = ခပ်တန်းတန်းပဲကောင်းပါ တယ်။
- ၃။ ရဲတိုက်ကလေး = သူနဲ့ ရာသက်ပန် ပျော်ရွှင်စွာ နေသွားချင်တယ်။

"အို . . ."

ပုံကလေးတွေရဲ့အဖြေကို ဖတ်ပြီးတော့ မိုးပြာ အံ့ဩသွားတယ် တစ်ယောက်တည်းရှိနေလျက်နဲ့ ရှက်စိတ်တို့က ရေတံခွန်တွေလို ဖြာ နေတော့သည်။ မိုးပြာအမှန်ခြစ်ထားတာတွေကို ပြန်ကြည့်လိုက်သည် အသည်းပုံ၊ ပေါင်မုန့်နဲ့ ရဲတိုက်ကလေးဆိုတော့ 'သူ့ကို ရင်ခုန်တယ် ပေါ့'၊ 'သူ့ကို အားကိုးချင်တယ်ပေါ့'။ 'သူနဲ့ ရာသက်ပန်နေချင်တယ်ပေါ့'

"အို . . ."

ကိုယ့်စိတ်ကို ပြန်မေးကြည့်တော့ အဲ့ဒီလိုဖြေသတဲ့။

တကယ်လည်း မိုးပြာ့စိတ်ထဲတွင် သူနှင့် ပတ်သက်ပြီ ထိုသို့ ခံစားမှုများ ဖြစ်နေပြီးသားဖြစ်သည်။ အခုလို သူ့နည်းလမ်းလေးနဲ့ ကိုယ့် စိတ်ကို ကိုယ်အမေးအဖြေ ပြုကြည့်တော့လည်း အံ့ဩလောက်အောင် ထပ်တူကျနေမိပြီ။

သူမ နူးညံ့စွာပြုံးရင်း . . .

"ငါလည်း နင့်ကို သိပ် . . ."



သို့နှင့် သိပ်မကြာခင် နာရီစက္ကန့်နေ့ရက်များအတွင်းတွင် သူ နှင့် သူမတို့သည် ချစ်သူများအဖြစ်သို့ ရောက်ရှိသွားပါသည်။

သူတို့ သမီးရည်းစားဘဝက ပျော်ရွှင်ဖွယ်ကောင်း၏။

ရေခဲမြစ်ကလေးထဲမှာ ဝှက်မျှောထားသည့် ပန်းသီးနီကလေးတွေကို လိုက်ဆယ်ရသလို ရင်ခုန်ကြည်နူးစရာ။

သူ အဖြေရသည့်နေ့က အကြောင်းကို ပြောပြပါဦးမည်။

ထိုနေ့က . . .



www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

လင်းဆောင် သန်းမြမေဂျာဘက်ကို ချောင်းပေါက်ရုံမက ပင်လယ်
ထွန်းလောက်အောင် လျှောက်ခဲ့ပါသည်။ သို့သော် မိုးပြာကို မတွေ့
ရည်းစားစာပေးပြီးကတည်းက သူ့ကို မိုးပြာရှောင်နေတာ။

မိုးပြာသူငယ်ချင်းများဖြစ်သော ပုဏ္ဏရိပ်ရှင်းသန့်နှင့် ဝါဝါတို့
ကို တွေ့တော့ လင်းဆောင် အပြေးလိုက်မေးရသည်။

"မိုးပြာ . . . ဘယ်ဘက်သွားလဲဟ"

"ဟိုဘက်က"

"ဒီဘက်လေ"

ဟင်း . . . ဇာတ်က ကြိုမတိုက်ထားဘူး။ ရှင်းသန့်က တောင်
ဘက်လက်ညှိုးထိုးပြပြီး ပုဏ္ဏရိပ်က မြောက်ဘက်ညွှန်ပြသည်။ ဝါဝါ
က အရှေ့ဘက်ထိုးပြရန် ပြင်ထားသော လက်ညှိုးလေးကို ပြန်ကွေး
ကာ . . .

"ဟီး ဟီး . . ."

ဟု ရယ်ပြသည်။



"နင်တို့ကပါ ဝိုင်းဖုံးထား၊ ဖုက်ထားကြတာပေါ့လေ"

"တာဝန်အရပါ . . . ဟဲ . . . ဟဲ . . . "

"သူ့သဘောအရပါ . . . ဟီး . . . ဟီး . . . "

"အခြေအနေအရပေါ့ . . . ဟေး . . . ဟေး . . . "

လာ ရုပ်ပြောင်နေကြသေးသည်။ ကျွတ်ခနဲ စုတ်သပ်ကာ လှည့်ထွက်ခဲ့သည်။

လမ်းမှာ ဝမ်မေ့းနှင့် ဒုတိယ တစ်ခါထပ်တွေ့သည်။ ပထမ တစ်ခါတွေ့တုန်းက ခေါက်ဆွဲကြော်ဝယ်ကျွေးပြီး မိုးပြာကို ရှာခိုင်းထားသည်။

"ဘယ်လိုလဲ . . . မိုးပြာကို တွေ့ပြီလား"

ဝမ်မေ့းက ခေါင်းခါ ပခုံးတွန့်ပြသည်။

"ဆောရီးကွာ . . .။ ငါက ခရမ်းရောင်အဖွဲ့ဝင်ဆိုတော့ လူ တစ်ယောက် စိတ်မချမ်းမသာဖြစ်နေတာကို မကြည့်ရက်ဘူးကွ။ ဒါပေမဲ့ သည်း တရားနဲ့ဖြေပါကွာ။ မိုးပြာနဲ့ မင်းက ဘဝခြားနေပါပြီ"

"ဟာ . . . ဘာတွေပြောနေတာလဲကွာ။ ချိုး . . ."

ဒီကောင်ကလည်း လာနှောက်နေသဖြင့် လင်းဆောင် ဆက် ထွက်ခဲ့သည်။ ကားပါကင်တွေဘက် သွားတော့လည်း မိုးပြာကားကို မတွေ့။ စိတ်ညစ်ညစ်နှင့် လိုင်းကားဂိတ် သွားထိုင်နေလိုက်သည်။ ဒီတော့မှ ကံကောင်းသွားသည်။

ဘတ်စ်ကားပေါ်တက်သွားသည့် မိုးပြာကို သူ တွေ့လိုက်ရသည် လေ။ လင်းဆောင်ပါ ထိုဘတ်စ်ကားပေါ် အပြေးလိုက်တတ်သည်။ ကား ပေါ်ရောက်တော့ မိုးပြာဘေးမှ သွားရပ်နေလိုက်သည်။

မိုးပြာက ဖွဖွလေးပြုံးပြပြီ ဘာသိဘာသာ ဆက်နေနေသည်။ ဘတ်စ်ကား လူအများကြားမို့ လင်းဆောင် အဖြေတောင်းရခက်နေတော့ သည်။ ဆင်းရမည့်မှတ်တိုင်မရောက်ခင် တစ်မှတ်တိုင်ကြို၌ မိုးပြာက



www.burmeseclassic.com

www.burmeseclassic.com

ဆင်းသည်။ လင်းဆောင်ကပါ လိုက်ဆင်း၍ သူ့နောက်က ကပ်လျှောက်
ရသည်။

လင်းဆောင် လမ်းတစ်လျှောက် အဖြေချည်းတောင်းလာသည်။
မိုးပြာကလည်း ပြုံးပြုံးကလေးနှင့်ပင် သူ့စကားတွေကို မကြားချင်ယောင်
ဆောင်လာခဲ့သည်။ တစ်ခါတလေ ပြန်ပြောသည့် စကားကျတော့လည်း
လင်းဆောင်လိုချင်သည့်အဖြေနှင့် ဟက်တက်တလွဲတွေ။

"လင်းဆောင် . . . ကြည့်ပါဦး၊ သစ်ရွက်တွေကလည်း စိမ်း
လို့"

"ဟင် . . ."

"အို . . . ဟိုး . . . တိမ်တွေကလည်း ဖြူနေတာပဲ"

"ဟာကွာ . . . "

"တိုက်နေတဲ့လေတွေက အရောင်လည်း မပါဘူး"

"ဟာ . . . လေပါဆို အရောင်ဘယ်ရှိမလဲ"

"အဟင်း . . . ဟင်း . . . ခစ် . . . "

ကလေးလေးတစ်ယောက်လို သူ့စကားတွေကို မိုးပြာ ဥပေက္ခာ
ပြုနိုင်ခဲ့သည်။

ရှေ့နားက ဈေးကလေးထဲရောက်တော့ လင်းဆောင်က အိမ်
အတွက် ဆားဝယ်ရသေးသည်။ မိုးပြာကတော့ နှင်းဆီပန်းလေးတစ်ပွင့်
ဝယ်ခဲ့ပါသည်။

အပြန်မှာလည်း လင်းဆောင်က ဆက်ဂျီကျလာခဲ့သည်။

"ပြောပါ . . . မိုးပြာရယ်၊ ငါ့အပေါ် ဘယ်လိုသဘာထားလဲ"

" . . . . . "

"ငါ ငါ့ရင်ထဲမှာရှိသမျှကို ဖွင့်ပြောထားတာပဲ မိုးပြာရယ်"

တွတ်တီးတွတ်တာ ပြောနေရှာသည်။ လင်းဆောင်ကို ကလေး
လေးတစ်ယောက်လို မိုးပြာ မြင်နေမိသည်။



"နင် ငါ့ကို ပါးစပ်ကမပြောပါဘူး။ စာပဲပေးတာပါ"

"ဟာ . . . ငါပြောမယ်လုပ်တော့ . . . နင်ပဲ . . . ဟိုး . . .
ဆိုးထားလို့ တားပြီးတော့။ ကဲ . . . ဒါဆို အခု ပြန်ပြောမယ်ကွာ"

တံတွေးတစ်ချက်မျိုချ၊ မိုးပြာ၏ မျက်ဝန်းများဆီကြည့်ကာ . .

"မိုးပြာကို ချစ်တယ်"

နူးနူးညံ့ညံ့လေးပြောပေမဲ့ . . .

"ဟမ်း . . . ဟမ်း . . . သွား . . . ရှက်လည်းမရှက်ဘူး"

ပြောပြီးမိုးပြာက ပြုံးစစနှင့် ဆက်လျှောက်သွားသည်။ လင်း
ဆောင်က နံဘေးဆီ ပြေးလိုက်ကပ်ပြီး . . .

"ဟော . . . ချစ်တာကို ချစ်တယ်လို့ပဲ ပြောရမှာပေါ့။ ဒါ ရှက်
စရာမှမဟုတ်တာပဲ။ တခြားစကားလုံးလည်း မရှိမှမရှိတာကို"

မိုးပြာက ပြန်မပြောပါ။ လက်ထဲက နှင်းဆီပန်းကလေးကိုသာ
လှည့်လိုမ့်ပြီး ဆော့နေသည်။

တဖြည်းဖြည်းနှင့် သူတို့တိုက်ခန်းတွေဘက်သို့ ရောက်တော့
မည်။ မိုးပြာကလည်း ထူးခြားသည့် အဖြေမပေးသေး။

"မိုးပြာကကွာ လုပ်ပါ။ ငါ နေရခက်လို့ သေတော့မယ်"

ဟုတ်ပါသည်။ လင်းဆောင်ရင်ထဲမှာ မလင်းမမှိန်ကြီးကို ဖြစ်
လို့။ လက်ထဲက ဆားထုပ်ကြီးကိုပဲ ပါးစပ်ထဲလောင်းထည့်ပြီး သေပစ်
ရမလို ဖြစ်နေသည်။ တရုတ်မှာ ဆားကိုစားပြီး အဆုံးစီရင်ကြောင်း ကြား
ဖူးသည်။

"မိုးပြာလို့"

မိုးပြာ ခြေလှမ်းတွေကို ရပ်လိုက်သည်။ မိုးပြာရပ်တော့ လင်း
ဆောင်ကပါ ရပ်ရသည်။

"ကဲ . . . ကဲ . . . ဒီလောက်ဖြစ်နေမှတော့ အဖြေပေးလိုက်
ပါ့မယ်"

"အို . . . ပေး . . . ပေး . . . "



www.burmeseclassic.com

www.burmeseclassic.com

ဆားထုပ်ကြီး ချိုင်းကြားညှပ်လို့ လက်ဖဝါးနှစ်ဖက်ပွတ်ကာ လင်းဆောင် ပျော်သွားသည်။

"ဇွတ်ပျော်မနေနဲ့ဦး။ အဖြေက ဘာဖြစ်မယ်မှန်း မသိသေးဘူး"

"ဟင် . . ."

မိုးပြာက အဖြေကို ရိုးရိုးမပေးဘဲ ဆန်းဆန်းပြားပြားပေးတော့မည်မှန်း သူသိနေသည်။

"ဟိုရှေ့က ဓာတ်တိုင်ကို တွေ့လား"

"အင်း . . . တွေ့တယ်"

ခုနက ခွေးတစ်ကောင်တောင် ကားယားလေး ဟိုဟာပြုသွားသေးသည်။

"အဲ့ဒီဓာတ်တိုင်ကို ငါ ဒီကနေ ခဲနဲ့လှမ်းထုမယ်"

"အင်း . . . "

"အဲ့ဒီ . . . ဓာတ်တိုင်ကိုထိရင် နင် လိုချင်တဲ့အဖြေရမယ်။ မထိရင်တော့ . . ."

မိုးပြာ ဆက်မပြောဘဲ ပုခုံးလေး တွန့်ပြလိုက်သည်။ 'မတတ်နိုင်ဘူး' ဆိုတဲ့ သဘောလေးပေါ့။

"ဟာ . . . မိုးပြာကကွာ"

လင်းဆောင် ခေါင်းကုတ်သွားသည်။ ဒီလို အဖြေပေးနည်းဆန်းဆန်းကြီးကိုတော့ သူ မကြိုက်ချင်ပါ။

"မိုးပြာကလည်း ကလေးကလားကြီးကွာ။ မိုးပြာက ထိအောင်မပေါက်ရင် ဘယ့်နှယ်လုပ်မလဲ"

"ဒါဆိုလည်း မတတ်နိုင်ဘူးလေ။ အဖြေမပေးရုံပေါ့"

"အာ . . . ကျွတ် . . . "

လင်းဆောင် မတတ်နိုင်သည့်အဆုံး ခွင့်ပြုလိုက်ရသည်။ သို့သော် ဓာတ်တိုင်ကိုမထိဘဲ လွဲသွားရင်လည်း နောက်ထပ်အဖြေ ထပ်တောင်းမှာပဲဟု စိတ်ထဲမှ တေးထားလိုက်သည်။



"ကဲ . . . ကဲ . . . ဒါဆိုလည်းပစ်။ ထိအောင်တော့ ကြိုးစားသေး"

နောက် မိုးပြာက ဓာတ်တိုင်လှမ်းပစ်ဖို့ ခဲလုံးကို ရှာသည်။ ...ှယ်ကောင်းသည့် ခဲလုံးလေးတွေ တွေ့တော့ ပြေးကောက်သည်။ ...ာက်ခင် လက်ထဲက နှင်းဆီပန်းလေးကို 'ရော့ . . . ခဏကိုင်ထား' ...ု လင်းဆောင်ဆီ ပေးထားလိုက်သည်။

ပြီးတော့ ခဲလုံးလေးကို ခပ်ဆဆ မြှောက်ကြည့်ပြီး . . .

"လင်းဆောင် . . . ငါ လှမ်းပစ်လိုက်တော့မယ်နော်"

လင်းဆောင် ရင်တွေမငြိမ်ပါ။ မိုးပြာက ရှေ့ဓာတ်တိုင်ဆီကို ...ချိန်ရွယ်စိုက်လိုက်ပါသည်။ ပြီးတော့ လှမ်းပစ်တော့သည်။

ခဲလုံး . . . ဓာတ်တိုင် . . . လွဲ . . .

"ဟာကွာ . . . တောက်"

မိုးပြာက မကျေနပ်သံလေးကို သူကြားအောင် ထွက်ပေးလိုက်...သည်။ ခဲလုံးက ဓာတ်တိုင်ရဲ့ခပ်နီးနီးက ကပ်လွဲသွားတာလေ။

လင်းဆောင်က ခေါင်းငိုက်စိုက်လို့ပေါ့။ ဘာစကားမှ မပြော...တော့ဘဲ ငြိမ်သွားသည်။ ပြီးမှ . . .

"မိုးပြာရယ် ငါ့ကို တကယ်မချစ်ဘူးလား"

မိုးပြာ ပါးပါးနပ်နပ်လေး ပြုံးဖြေလိုက်ပါသည်။

"ဓာတ်တိုင်နဲ့ ကပ်လွဲသွားတာဟ။ တကယ့်ကို ကပ်သီလေး"

လင်းဆောင် ထပ်ငြိမ်သွားပြန်သည်။ ဒီတော့မှ မိုးပြာက နှိုးပြုံး...င်း . . .

"လင်းဆောင် . . . အရောင်တွေထဲမှာ ချစ်ခြင်းတရားကို ကိုယ်...ပြုတာ ဘာအရောင်လဲ"

မဖြေချင့်ဖြေချင်အသံနဲ့ လင်းဆောင်က . . .

"နှင်းဆီရောင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြန်ဖြေသည်။ မိုးပြာက သူ့ဘက်သို့ကြည့်ပြီး . . .

"လင်းဆောင်ရယ် . . . ငါ နင့်လက်ထဲကို နှင်းဆီပန်းလေး တစ်ပွင့်လုံးပေးပြီးသားပဲဟာ"

ပြောပြီး မိုးပြာ ရှေ့ပြေးထွက်သွားတော့သည်။

လင်းဆောင် ကြောင်ပြီး ရပ်နေမိတုန်း။

ပြီးမှ သူ့လက်ထဲက နှင်းဆီပန်းလေးကို ငုံ့ကြည့်မိပြီး . . .

"ဟာ . . . နှင်းဆီ . . . နှင်းဆီရောင်။ ဒါဆို ငါ့ကို မိုးပြာ က . . . "

ခုနက ခဲလုံးကောက်တုန်းက မိုးပြာက လင်းဆောင်လက်ထဲ သို့ နှင်းဆီပန်းလေး ထည့်ပေးခဲ့သည်လေ။

"ရေး . . . "

သူ ပျော်နေတော့သည်။

ထိုနံနက်ခင်းပေါ့။ မိုးပြာပြောသလိုပဲ သစ်ရွက်တွေက စိမ်းလဲ့ တိမ်တွေကလည်း ဖြူလို့။ သို့ပေမဲ့ အရောင်မဲ့သည့် လေပြည်ထဲမှာတော့ နှင်းဆီရောင်တချို့ ဆွတ်ပျံ့အေးမြနေသည်ကို သူ တွေ့လိုက်ရလေသည်။

* * *



# (၁၁)

ရှေ့ခပ်လှမ်းလှမ်းရှိ ခြံဝန်းထဲမှ အိမ်ကလေးကို သူတို့ လှမ်းမြင်နေရပြီဖြစ်သည်။

"အဲ့ဒါ ဘယ်သူ့အိမ်လဲ"

"ငါ့အဖေပိုင်တဲ့ အိမ်ပဲဆိုပါတော့။ အခုတော့ ဒီအိမ်မှာ လေလွင့်လူကြီးတစ်ယောက်ကို ငါ စောင့်ရှောက်ထားတယ်။ သူ့နာမည်က ဦးလေးငြိမ်တဲ့"

"ဦးလေးငြိမ်"

လင်းဆောင်စကားကို မိုးပြာ သံယောင်လိုက်မိသေးသည်။

ကားကလေးသည် ခြံဝန်းထဲ တိုးဝင်လာခဲ့သည်။ ကားပေါ်တွင် ဝါဝါ၏စကားသံတဖောင်ဖောင်နှင့် ဇေယျာ၏ ကွန်ပျူတာခေါက်သံ တတက်တက်ကလည်း ဆူညံနေသည်။ သူတို့သူငယ်ချင်းတွေ စုံစုံလင်လင်ကို ချီတက်လာခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ကားရပ်တော့ ဖိုးထွေးနှင့် မဲတူတို့က ပြေးကြိုကြသည်။ ပေါ်က စားစရာတွေကို ထုတ်သယ်ကြသည်။

"ဦးလေးငြိမ်ကော"

"ထုံးစံအတိုင်း အိမ်နောက်ဖေးက ချောင်းနားမှာပေါ့ ကို ရယ်"

ထို့နောက် သူတို့အိမ်ကလေးရှိရာသို့ သွားကြသည်။ စိုက် စိမ်းစိမ်းလေးတွေကြားမှ ဖြတ်သန်း၍ လျှောက်လှမ်းရခြင်းကို သူ တစ်မျိုးလေးခံစားရကာ သဘောကျနေမိသည်။ လတ်ဆတ်သော ညွှန့်လေဦးလေးများကလည်း သူမတို့မျက်နှာပြင်ကို တိုးညင်းဖွဖွ ခတ်နေလေသည်။

အိမ်ကလေးထဲဝင်တော့ သူမတို့ အံ့သြရလေသည်။ အိမ် တွင် ဟိုတွဲလွဲသည်တွဲလွဲ ချိတ်ဆွဲထားသည့် စက္ကူရုပ်လုလုလေးများ တွေ့လိုက်ရသောကြောင့် ဖြစ်သည်။ စာအုပ်စင်ပေါ်က သစ်သားပန်းပု သေးသေးလေးများ။ ပြီးတော့ နံရံပေါ်မှာကပ်ထားသည့် ကဗျာစာ တွေကိုလည်း တွေ့ရသည်။

မျိုးလတ်ဦးက . . .

"ဒီအခန်းလေးထဲမှာ အနုပညာရနံ့ ရတယ်မို့လား"

"အင်း . . . ရတယ်"

"ဒါ ဦးလေးငြိမ်လုပ်ထားတဲ့ လက်ရာတွေချည်းပဲပေါ့"

"သြော် . . ."

သူမတို့ လေးစားမိကြသည်။

"သူက ကဗျာတွေကို အရူးအမူးရေးတတ်တယ်။ ကဗျာတွေ ကို အဓိက အားသန်တယ်ပေါ့ဟာ။

"သြော် . . . အင်း . . ."

နောက် . . . အိမ်ကလေး၏ ပြတင်းပေါက်မှနေ၍ အပြင် ရှုခင်းများကို လှမ်းငေးကြသည်။



အင်္ဂလိပ်အက္ခရာ (S)ပုံစံကွေးညွှတ်သွားသော ချောင်းရိုးကလေး သူတို့တွေ့ရသည်။ ထိုအတူ ချောင်းရိုးလေး၏နံဘေးတွင် သူတို့ကို ကျောပေးကာ ထိုင်နေသော လူကြီးတစ်ယောက်ကိုလည်း တွေ့လိုက်ရသည်။ ထိုလူကြီးမှာ ကျောက်ဆစ်ရုပ်တစ်ခုလို မလှုပ်မယှက် ငြိမ်သက်သည်။

"အဲ့ဒါ ဦးလေးငြိမ်ဆိုတာပေါ့"

ဝမ်မေးက ပြောခြင်းပါ။ ဆက်ပြီးလည်း . . .

"အဲ့ဒီလို သူ့ဘာသာသူ ငြိမ်နေလွန်းလို့ ဦးလေးငြိမ်လို့ ငါတို့ ည့်ပေးထားတာပေါ့"

သူမတို့လည်း ဦးလေးငြိမ်ကို လှမ်း၍ကြည့်ကြသည်။ စေ့စေ့ ည့်ရင်းနှင့်ပင် ရှင်းသန့်က . . .

"သူ့လက်ထဲက ဘာလေးလဲဟ။ တစ်ခုခုကို လှုပ်ယမ်းနေသလို"

"ခေါင်းလောင်းကလေးတစ်ခုပါ။ သူက အဲ့ဒီလို့ပဲ ခေါင်းလောင်း းကို ယမ်းပြီး အဝေးကို ငေးနေရတာကို ဝါသနာပါတယ်။ လင်း တင် သူ့ကိုစတွေ့ကတည်းက သူ့လက်ထဲမှာ အဲ့ဒီခေါင်းလောင်း လေးနဲ့လေ"

"သြော် . . . ကဗျာဆရာဆိုတော့ ကဗျာဆန်တာပေါ့လေ"

ဟု ရှင်းသန့်က မတိုးမကျယ် ရေရွတ်သေးသည်။

မိုးပြာက လင်းဆောင်လက်မောင်းကို ကုတ်ရင်း . . .

"အဲ့ဒီ ဦးလေးငြိမ်ဆိုတာကကော လာဗင်ဒါဘိုးဘွားရိပ်သာက င် ငါ့ကိုခေါ်သွားတဲ့ အဘိုးအဘွားတွေလို စာတွေ မေးတတ်သေးလား"

"မမေးတတ်ပါဘူး။ စကားတောင် လူရွေးပြီးမှ တစ်ခွန်းစ နှစ် န်းစ ပြောတတ်တာ။ နင်နဲ့ဆိုရင် ပြောချင်မှပြောမှာဟ"

မိုးပြာ ထူးထူးဆန်းဆန်းမျက်နှာလေးနှင့် . . .

"ဟင် . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင်က ရုပ်ဆိုးတာကို"

"ဘာ . . . ဘာ . . . "

မိုးပြာကျောကုန်းကို တအုန်းအုန်းထုတော့ လင်းဆောင် တဟား

ဟားထရယ်သည်။ ပြီးမှ . . .

"လာ . . . စကားသွားပြောကြည့်မလား"

"အင်း . . . ပြောကြည့်ချင်တယ်"

ထို့နောက် သူတို့နှစ်ယောက် အိမ်ကလေးထဲမှထွက်၍ ဦးလေ

ခြံမ်ဆီ ထွက်လာခဲ့ကြလေသည်။

• • •

လင်းဆောင်ဘက်ကပါသော ဖေယျ၊ မျိုးလတ်ဦးနှင့် ဝမ်

တို့အပြင် မိုးပြာဘက်ကပါသော ဝါဝါ၊ ရှင်းသန့်၊ ပုဏ္ဏရိပ်တို့လည်း

ထိုင်နေကြသည်။ လင်းဆောင်နှင့် မိုးပြာတို့က သမီးရည်းစား ဖြစ်သွား

ကြသဖြင့် ကျန်သည့်သူငယ်ချင်းများကလည်း အလိုလိုပင် လူငယ်ဆ

စွာ ခင်ခင်မင်မင် ဖြစ်သွားကြပြီဖြစ်သည်။

စကားဝိုင်းအစမှာတော့ ဝါဝါ့အသံချည်းပင် ဒိုင်ခံကြားရ

သည်။

"နင့်နာမည်ကိုကြားရင် ပုဏ္ဏရိပ်ပန်းလေးတွေကို သွားမမြင်ဘူး

ပါးမှာ ထုံးဖြူတွေခြစ်၊ နဖူးမှာ အနီစက်ကြီးတို့ထားပြီး မုန်ဏီးကီးကြော

ပါဘုရားလို့ ပြောတတ်တဲ့ ပုဏ္ဏားကြီးက နင့်ခေါင်းပေါ်က ဆံပင်တွေ

ဂျုတ်နဲ့ အားရပါးရရိတ်နေတဲ့ပုံပဲ မြင်ပါတယ် ပုဏ္ဏရိပ်ရာ"

ဝါဝါက ရှည်ရှည်လျားလျားကြီး ပြောချလိုက်တော့ ပုဏ္ဏရိ

မျိုထားသည့် စတော်ဘယ်ရီဖျော်ရည်တောင် လည်ချောင်းဝမှာ ကန့်လ

ကြီး သွားတစ်နေတော့သည်။



"ဝါဝါ နင် တော်တော်ကို ပြောတတ်သားပဲ။ ချက်ချင်း ငါ့နာမည်

ကို အော်ဂလီဆန်အောင် ပြောနိုင်တယ်။ ဆလ်ပေးပါတယ်ဟယ်"

"ဟော . . . တွေ့လား။ ဆလ်တွေဘာတွေနဲ့ ကုလားသံ ပီလာ

ပြီဟော့"

အားလုံး ဝိုင်းရယ်ကြသည်။ ပုဏ္ဏရိပ်ပြောစရာစကားတွေလည်း

ဘက်ထဲ အကုန်ကျသွားရပေ့။

ပုဏ္ဏရိပ်ပြီးလျှင် သူ့ဘက်လှည့်လာမည်ကိုသိသော ရှင်းသန့်

မျက်နှာကို ဝှက်မလို့ရှိသေး ဝါဝါရဲ့အသံက လျင်စွာ ထွက်လာတော့

သည်။

"မိဘကျေးဇူး မြင့်မိုရ်ဦးဆိုတာ နားလည်ပါတယ်ဟာ။ ဒါပေမဲ့

ရှင်းသန့်နာမည်ကိုလည်း ကြည့်ဦး။ ရှင်းသန့်စိန်မောင်တဲ့။ ဒါကြီးက

တော့ မဝွတ်ပါဘူးဟာ"

ဦးစိန်မောင်၏သမီး ရှင်းသန့်၏ အမည်အပြည့်အစုံမှာ ရှင်းသန့်

စိန်မောင်ဖြစ်လေသည်။

"အဲ့ဒါ တရားသဘောအရကြည့်ရင် အတွပဲ။ ကိုယ့်သမီးလေး

တစ်သက်လုံး လှုလုပ်သွားရမဲ့နာမည်မှာ အဖေတွေက သူတို့နာမည်ကြီး

ကို ကန့်လန့်ကန့်လန့် လိုက်ထည့်ချင်နေကြတာ။ ရှင်းသန့်စိန်မောင်တဲ့။

ရှင် ဒီနာမည်နဲ့ ရည်းစားရတာ ကံကောင်းတယ်မှတ်"

မှတ်ပါသည်။ ရှင်းသန့် ဒီလိုပြောခံရသဖြင့် တော်တော်မှတ်

သွားပါသည်။

"ဒါ တော်သေးတယ် ဝါဝါရဲ့။ ငါ့အဖေနာမည်ပဲ ထည့်လို့

ပေါ့။ ငါ့အဘိုးနာမည်ထည့်ရင် ငါတော့ လုံးဝ ခေါ်မစွံဖြစ်တော့မှာ"

"နင့်အဘိုးနာမည်ထည့်ရင် ဘယ်လိုဖြစ်သွားမှာလဲ"

"ရှင်းသန့်တုတ်ကြီးဆိုပြီး ဖြစ်သွားမှာဟဲ့"

ဝါးခနဲ ဝါးလုံးကွဲ ထရယ်ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"လင်းဆောင်နာမည်ကျတော့ အဓိပ္ပာယ်ကောင်းတယ်နော်၊ အလင်းရောင်တွေကို ဆောင်ကြဉ်းလာတဲ့သူပေါ့"

ဒီတစ်ခါ ဝါဝါ့စကားကိုတော့ အားလုံးက ခေါင်းညိတ်ကြ သည်။ လင်းဆောင်ကတော့ သဲ့သဲ့သာပြုံးသည်။ နာမည်တွေအကြောင်း ပဲ စကားဆက်ဖြစ်ကြရင်း မိုးပြာအလှည့်လည်း ရောက်ရော . . .

"မိုးပြာ . . . နင့်အမည် ကြည်လင်မိုးပြာဆိုတာလည်း သိပ်လှ တယ်ဟ။ ဘယ်သူပေးထားတာလဲ"

ထိုအမေးကြောင့် မိုးပြာ သက်ပြင်းတစ်ခု အလိုလိုချမိသွား သည်။ ချက်ချင်း နွမ်းပါးသွားသော သူမ မျက်နှာလေးကို အားလုံးက သတိပြုမိကြသည်။ ပြီးမှ လေသံသိမ်သိမ်လေးနဲ့ . . .

"ဖေဖေ ပေးထားတာတဲ့"

'တဲ့' တဲ့။ တဲ့ဟူသည့် စကားလုံးက တစ်ဆင့်ခံပြီးမှ သိရသည် မရေရာမှု စကားလုံး။

"ဩော် . . ."

မိုးပြာအကြောင်းသိသည့် သူငယ်ချင်းတွေက အာမေဋိတ်သံတို တိုးလေးနှင့် ငြိမ်သွားကြသည်။ ဖေယျကလည်း ကွန်ပျူတာခလုတ်ဖေ ကို နှိပ်ရာမှရပ်ပြီး မိုးပြာဆီ လှမ်းကြည့်သည်။ တစ်ခုခုကို သဘောပေါ သလိုရှိသည့် လင်းဆောင်ကလည်း . . .

"ဩော် . . . မိုးပြာ၊ နင် ဟိုတစ်နေ့က ငါ့ကို ပြောတယ်ဆေ အရေးကြီးကိစ္စဆိုတာ ပြောလေ"

"အင်း . . . အကူအညီတောင်းချင်တာပါ"

"မကောင်းဘူး။ အဲ့ဒီ အကူအညီတောင်းတယ်ဆိုတဲ့ စကား လုံးက မသုံးသင့်တော့ဘူး။ နင်နဲ့ငါ ရည်းစားဖြစ်နေပြီပဲကို။ တစ်ယော ရဲ့ကိစ္စက နှစ်ယောက်စလုံးရဲ့ကိစ္စ ဖြစ်နေပြီ"

"အေးပါ . . . အေးပါ . . . "

မိုးပြာ ပြုံးရသေးသည်။

သို့သော် မျက်နှာလေးက ချက်ချင်း ပြန်အိုသွားရှာပါသည်။

"ငါ ငါ့မိသားစုအကြောင်း ပြောပြချင်လို့ပါ"

အားလုံး သိသိသာသာ ငြိမ်သက်သွားသည်။ သူမ စကားတွေ ကို ပိုမိုထင်ရှားစေရန် အားလုံးက သက်ငြိမ်ခြင်းဖြင့် ကူညီပေးလိုက်ကြ ခြင်းဖြစ်သည်။

"ငါတို့မိသားစုက သိပ်ပျော်စရာကောင်းခဲ့တာတဲ့။ မေမေနဲ့ ဖေဖေက သိပ်ကိုချစ်ကြတယ်။ ဆောင်းရာသီဆို အနွေးထည်ထူထူတွေ ဝတ်ပြီး အတူလမ်းလျှောက်ကြ၊ အရသာရှိတဲ့ ညစာတွေလည်း အတူစား ကြမှာပေါ့။ လသာညတွေမှာလည်း သမီးရည်းစားဘဝအကြောင်းတွေ ပြန်ပြောင်းအောက်မေ့ ပြောဖြစ်ကြမှာပေါ့။ သိပ်ကို ပျော်စရာကောင်းခဲ့ တာတဲ့"

"ညအိပ်ရင်လည်း မေမေ့ကို ဖေဖေက သီချင်းလေးညည်းပြပြီး ချော့သိပ်တတ်သေးတယ်တဲ့။ ဒါပေမဲ့ တစ်ည မေမေအိပ်နေတုန်းမှာတော့ ဖေဖေဟာ အိမ်ကနေ ရုတ်တရက် ထွက်သွားတော့တယ်"

"ဘယ်ကိုထွက်သွားတာလဲ"

ဝမ်မေး၏အမေးကို သူမ မဖြေနိုင်ပါ။ မည်သူမှလည်း ဖြေနိုင် မည်မဟုတ်ပါ။ သူမ ခေါင်းအသာယမ်းသည်။ အသာယမ်းနေရာမှ သွက် သွက်ခါအောင် ယမ်းလာတော့သည်။

"မိုးပြာ . . . သူငယ်ချင်း"

"မိုးပြာ . . . ရလား"

ပုဏ္ဏရိပ်နှင့် လင်းဆောင်က လှမ်းထိန်းသည်။ သူမက အဆင် ပြေကြောင်း ခေါင်းဆတ်ပြကာ ဆက်ပြောသည်။

"မသိဘူး။ ဖေဖေ ဘယ်ထွက်သွားလဲ မသိဘူး။ ဘယ်သူကမှ မသိဘူး။ ပြန်လည်း မလာတော့ဘူး။ ဘာကြောင့်ထွက်သွားတာလည်း မသိဘူး။ အကြောင်းပြချက်လည်း မရှိဘူး။ အဲ့ဒီတုန်းက ငါ နှစ်နှစ် အရွယ် သမီးလေးဆိုတော့ ငါ ဘာမှမမှတ်မိဘူး။ ဒါတွေတောင် ငါ့ အမေရဲ့အစ်မ ငါ့အဒေါ်မဆုံးခင် ပြောပြသွားလို့ ငါသိရတာ"

www.burmeseclassic.com

www.burmeseclassic.com

" . . . . . "

"မေမေဟာ အဖေ့ကို နေ့တိုင်း စောင့်နေခဲ့တာတဲ့။ ဘာလို့ ဖေဖေထွက်သွားရတာလဲ သူကိုယ်တိုင် မသိဘူးလေ။ နားမလည်ခြင်းတွေ၊ နာကြည်းခြင်းတွေ သူ့မှာ ရောထွေးခံစားနေခဲ့ရတယ်။ အခုဆို မေမေဟာ ဆရာဝန်ပေးတဲ့ စိတ်ငြိမ်ဆေးတွေ သောက်နေရတယ်။ ဘာမှလည်း စားချင်၊ မသောက်ချင်၊ ဘယ်သူနဲ့မှလည်း စကားမပြောချင်ဘူး။ အမြဲတမ်း ကြောင်တောင်တောင်နိုင်တဲ့ မျက်ဝန်းတွေနဲ့ အဝေးကို လှမ်းလှမ်းကြည့်နေရှာတယ်"

သူမစကားတွေ အဆုံးသတ်စ ပြုနေပါပြီ။ သူမပုံက သိပ်ကိုလည်း ပင်ပန်းသွားသည့်ပုံပင်။

"ငါ မေမေ့အတွက် ဘယ်လိုလုပ်ရမလဲဟင်။ အကြံပေးပါဦး လင်းဆောင်ရယ်။ ငါ မေမေ့ကို ပျော်ရွှင်စေချင်တယ်။ သွားသွားလာလာနဲ့ သာမန်လူလို မြင်ချင်တယ်။ ဒီလို စိတ္တဇမျက်နှာနဲ့ မေမေ့ကိုမြင်ရတာ ငါ အရမ်းစိတ်နာလှပြီ။ ငါ့ကိုကူညီပါ လင်းဆောင်ရယ်"

"မိုးပြာရယ် . . . အဟင်း . . . ငါ နည်းလမ်းရှာတွေ့မှာပါ။ ဘာမှ အရမ်းကြီး တင်းမတားပါနဲ့။ လျှော့လိုက်"

လင်းဆောင်က အားပေးသည်။ မိုးပြာမျက်ရည်တွေကို သုတ်ရင်း ခေါင်းညိတ်ပြသည်။

သူမ မိသားစုအကြောင်း နားထောင်ပြီး အားလုံး၏စိတ်၌ မှိုင်းညို့နာကျင်နေကြရသည်။ သက်ပြင်းတွေလည်း ဟိုတစ်စ သည်တစ်စ ချကြသည်။ မိုးပြာကို ဝိုင်းဝန်းနှစ်သိမ့် အားပေးကြသည်။ သေချာသည်ကတော့ သူတို့စိတ်ထဲတွင် အကြောင်းမဲ့ထွက်သွားသူ တစ်ယောက်၏ အကြောင်းကို တွေးမိနေကြပေလိမ့်တော့မည်။

ⵜ ⵜ ⵜ

(၁၂)

"ဒီလိုအကြောင်းမဲ့ အဝေးကို ထွက်သွားတဲ့လူတွေအကြောင်း ကြားဖူးလား"

"ကြားဖူးတာပေါ့။ အံ့ဩဖို့ကောင်းတဲ့ စိတ်ဖောက်ပြန်မှုမျိုးပေါ့ကွာ။ ဝတ္ထုတွေထဲမှာလည်း ဖတ်ဖူးတယ်။ ဥရောပနိုင်ငံတစ်ခုမှာတောင် အဲ့ဒီလိုမျိုးကိစ္စတစ်ခုနှင့် ဟိုးဟိုးကျော် ဖြစ်သွားသေးတယ်"

"ကမ္ဘာကျော်တွေထဲမှာလည်း အဲ့ဒီလို အကြောင်းမဲ့ပျောက်သွားတဲ့ လူတွေ ရှိလား"

"ရှိတယ်"

ဇေယျအသံပါ။ သူ့ကွန်ပျူတာကို တတက်တက်နှိပ်ရင်း . . .

"ငါ့ဆီမှာ စာရင်းတော့ မရှိဘူးကွ။ ဒါပေမဲ့ ဒီဇယ်ဆီကို တွင်ခဲ့တဲ့ ရူးဒေါ့ဒီဇယ် (Rudolf Dresel)တို့ဆိုလည်း ကမ္ဘာစစ်မဖြစ်ခင် ကာလအတွင်းမှာပဲ ထူးထူးဆန်းဆန်း ပျောက်ဆုံးသွားတာပဲ"

www.burmeseclassic.com

www.burmeseclassic.com

သူတို့ မိုးပြာ၏ အဖေအကြောင်းမဲ့ ထွက်သွားမှုနှင့် ပတ်သက်၍ ဆွေးနွေးဖြစ်နေကြခြင်းဖြစ်သည်။

"ဒီလိုမျိုးဖောက်ပြန်တဲ့ စိတ်အလျင်ကြောင့် ကိုယ့်ပတ်ဝန်းကျင်ကို အဓိမ်းလိုက်စွန့်ခွာပြီး ထွက်သွားတဲ့လူတွေ ဘယ်လောက်များနေပြီလဲ"

ထိုတစ်ခွန်းက လင်းဆောင်ခေါင်းယမ်း၍ ပြောသည့်စကားပါ။ စိတ်ဆိုတာ ဆန်းကြယ်သည်မဟုတ်လား။ စိတ်ဖောက်ပြန်မှုဆိုတော့ ဆန်းကြယ်သည့် ဖောက်ပြန်မှုပေါ့။

ထိုအချိန် ဖုန်းမြည်သံတစ်ခု ကြားလိုက်ရသည်။

"ဟဲလို . . . "

လင်းဆောင်က ကောက်ကိုင်သည်။

"မဲတူလား။ အေး . . . ပြော"

" . . . . . "

"ဘာ . . . "

" . . . . . "

"ကောင်းပြီ . . . ။ ငါ အခုလာခဲ့မယ်"

လင်းဆောင်အပေါ် အင်္ကျီကို အမြန်ထပ်ဝတ်လိုက်သည်။ သူ့ကောင်တွေက သူ့ကိုကြည့်သည်။ တစ်ခုခု အရေးကြီးပြီဆိုတာကိုလည်း သိမိလိုက်ကြသည်။ သူ့ကောင်တွေ မမေးခင်မှာပဲ သူဖြေလိုက်သည်။

"ဦးလေးငြိမ် . . . ပျောက်သွားလို့တဲ့"



"မနေ့ကတည်းကပျောက်တာ အခုမှ ပြောရလားကွ"

ဖိုးထွေးနှင့် မဲတူ ငြိမ်နေသည်။ နောက်မှ မဲတူက တွန့်တွန့်ဆုတ်ဆုတ်နှင့်။

"ကျွန်တော်တို့ တွေ့မလားလို့ ကိုယ့်ဘာသာကိုယ် ကြိတ်ရှာကြည့်နေတာပါ။ ညနေလောက်ဆို သူပြန်လာမှာပဲလို့လည်း ထင်လို့ပါ"

လင်းဆောင် စိတ်တစ်ထစ် လျှော့လိုက်ပြီး . . .

"ထားပါတော့ . . . ။ သူ အခုရက်ပိုင်း အမူအရာတွေကော ဘယ်လိုနေလဲ"

ဖိုးထွေးက ဝင်းဖြေသည်။

"ကိုလင်းတို့ ဟိုတစ်ခေါက် သူငယ်ချင်းတွေနဲ့ အုပ်စုလိုက်လာသွားပြီးကတည်းက သူ ပိုငြိမ်သွားတယ်လို့ ထင်တယ်။ အစားအသောက်လည်း ပိုနည်းသွားတယ်"

"သူထွက်သွားတော့ကော ဘာသဲလွန်စများ ကျန်ခဲ့သေးတုံး"

နှစ်ယောက်လုံး ငြိမ်နေတော့သည်။ တစ်အောင့်လောက်ကြာမှ မဲတူက သတိရပြီး . . .

www.burmeseclassic.com

"သြော် . . . သူထွက်မသွားခင် တစ်ညက ကဗျာလေးတစ်ပုဒ်ကို တစ်ညလုံး ထိုင်ရေးသွားသေးတယ်"

"ပြစမ်း . . . အဲ့ဒီကဗျာ"

ဖိုးထွေးက အိမ်ကလေးထဲပြေးကာ ကဗျာစာရွက်ကို သွားယူသည်။ လင်းဆောင်ကတော့ ဆောင့်ကြောင့်ထိုင်ကာ စိတ်ပျက်လက်ပျက်နှင့် ဆံပင်တွေကို သပ်တင်နေလိုက်သည်။

ခဏကြာတော့ ဖိုးထွေး ပြန်ရောက်လာပြီး သူ့ကို ကဗျာစာရွက် ပေးလေသည်။ ကဗျာဖတ်ပြီးပြီးချင်းမှာပဲ ငုတ်တုတ်ထိုင်ရာမှ သူ ဖင်ထိုင်လျက် လဲကျသွားတော့သည်။

သူ တစ်ခုခုကို ကြိုသိလိုက်ပြီ (သို့) ပူပင်စရာကိစ္စတစ်ခုကို သူ ခံစားလိုက်ရပြီ။

ᨏ ᨏ ᨏ



(၁၃)

"အန်တီကလည်း အိမ်လုလုလေးတွေကို သဘောကျတယ် ထင်တယ်"

"ဟင် . . ."

ပုဏ္ဏရိပ်စကားကြောင့် မိုးပြာ မေမေ့ဆီ လှမ်းကြည့်လိုက်သည်။ ပုဏ္ဏရိပ်၏အစ်ကိုက ဆောက်လုပ်ရေး အင်ဂျင်နီယာတစ်ယောက် ဖြစ်သည်။ ယခုအိမ်လာရင်း သူ့အစ်ကို၏ အိမ်ဒီဇိုင်းပုံစံငယ် စာအုပ်လေး ပါလာသည်။ ထိုစာအုပ်ထဲတွင် အိမ်လုလုလေးများ ပါလေသည်။

ယခု မိုးပြာအမေက ထိုစာအုပ်လေးကို လှန်ကြည့်၍ ငြိမ်နေခြင်းဖြစ်သည်။ မေမေငြိမ်နေတော့ မိုးပြာက စိတ်ချမ်းသာရလေသည်။

ထိုစဉ် . . .

"ဒေါက် . . . ဒေါက် . . . ဒေါက် . . . "

လူစိမ်းလာလေ့မရှိသော သူမတို့တိုက်ခန်းရှေ့မှ တံခါးခေါက်သံကို ကြားလိုက်ရသည်။ ဘယ်သူလဲ?



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သူပါလိမ့်"

ရေရွတ်ရင်း တံခါးဖွင့်ရန် မိုးပြာသွားလိုက်ပါသည်။ ပုဏ္ဏရိပ်ပါ နောက်က ကပ်လိုက်လာသည်။

တံခါးဖွင့်ကြည့်တော့ မယ်သီလရှင်တစ်ပါး ဖြစ်နေသည်။ ဥပဓိရုပ်ကြည်လင်၍ ကြည်ညိုဖွယ်ကောင်းလှသည်။

သီလရှင်ဆရာလေးကပင် စကားစသည်။

"သမီးလေး . . . ဒီတိုက်ခန်းနံပါတ်လေးက ဘယ်နားမှာ ဖြစ်လောက်လဲ။ တစ်ချက်လောက် ညွှန်ပေးပါကွယ်"

"ဟုတ်ကဲ့ရှင့်"

ဟု မိုးပြာက ပြောလိုက်ပြီး ပုဏ္ဏရိပ်က သီလရှင်ဆရာလေး၏ လိပ်စာကတ်လေးကို ယူကြည့်သည်။ ထိုစဉ်မှာပင် . . .

"ဟင် . . ."

"ဟင် . . ."

အလန့်တကြား အာမေဍိတ်သံနှစ်ခုက သံပြိုင်ထွက်လာတော့သည်။

ပထမ အာမေဍိတ်သံက သီလရှင်ဆရာလေးထံမှ . . .

ဒုတိယ အာမေဍိတ်သံက မိုးပြာနှင့် ပုဏ္ဏရိပ်၏ အနောက်ဘက်မှ။

မေမေ၏အသံ။

"ရှင် . . . ရှင် . . ."

"ဒေါ် . . . ဒေါ်နန်းခြယ် . . ."

သီလရှင်လေး၏နှုတ်မှ တုန်ခါစွာ ထွက်ပေါ်လာသောအသံ။ ဒေါ်နန်းခြယ်ဆိုတာ မိုးပြာ၏အမေ။

"မုန်းတယ် . . . သွား . . . "

ပြင်းထန်ဆူပွက်သောအသံ။



"ပေး . . . စား . . . စား . . . ပေးစမ်း . . . မုန်းတယ်"

"မေမေ . . . ဘာဖြစ်တာလဲ။ မေမေ . . . မေမေ . . . "

"ရှုံတယ် . . . သွား . . . ထွက်သွား . . ."

ဒေါ်နန်းခြယ်တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေသည်မှာ ကြောက်စရာပင်။ ဆူပွက်သော အမုအရာများနှင့် အနီးရှိပစ္စည်းတွေကို ကြည့်သည်။ တံမြက်စည်းကိုတွေ့တော့ မျက်လုံးက မီးညွှန့်အရောင်တောက်သွားသည်။ တံမြက်စည်းကို ပြေး၍ကောက်သည်။

"ငါ့ကို ဒဏ်ရာပေးတဲ့သူ ပြန်နာစေရမယ်"

"မေမေရယ် . . . မေမေလို့ . . . ဒါ သီလရှင် ဆရာလေးလေ"

"ကန်တော့ပါ . . . ဆရာလေးရယ်"

ပုဏ္ဏရိပ်ကလည်း ဘုမသိ ဘမသိ ကြားထဲမှ ကမန်းကတန်းငင်တောင်းပန်သည်။ သီလရှင်ဆရာလေး မျက်နှာအပျက်ပျက်နှင့် ခေါင်းငုံ့ပြီး ထွက်သွားသည်။

မိုးပြာ မေမေ့ကို မနည်းထိန်းနေရသည်။ မိကျော့တို့ သူနာပြုဆရာမလေး နိုင်ဝေတို့လည်း ထွက်လာသည်။

မေမေ ဒီလောက် ထိန်းမရ၊ သိမ်းမရဖြစ်တာမျိုး မိုးပြာ ဘယ်တုန်းကမှ မမြင်ဖူးခဲ့။ ဒီလို မေမေဖြစ်လိမ့်မယ်လို့လည်း မမြင်ယောင်ကြည့်ဘူးပေ။ မိုးပြာပင် ထိုအမူအရာကြမ်းကြမ်းတို့ကြောင့် မေမေ့ကို ကြောက်ရွံ့မိသည်။

"တော်ပါတော့ . . . မေမေရယ်၊ သီလရှင် ဆရာလေးလည်း ပြန်သွားပြီပဲ"

ဒေါ်နန်းခြယ်ရင်အစုံမှာ မို့လိုက်နိမ့်လိုက်နှင့် အသက်ရှူသံမှာ တန်တွေပါနေသည်။ သူနာပြုဆရာမလေးနိုင်ဝေက စိတ်ငြိမ်ဆေးတစ်လုံး ယူလာပေးသည်။ ပြီး ဒေါ်နန်းခြယ်ကို အိပ်ရာထဲ တွဲပို့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အဖြစ်အပျက်က မြန်ဆန်လှပေမဲ့ နားလည်စရာ မကောင်းပေ

"ဘာတွေဖြစ်တာလဲ"

ပုဏ္ဏရိပ်အမေးကို မိုးပြာ မျက်မှောင်ကြုတ်၊ ခေါင်းခါခြင်းဖြ သာ ဖြေပြနိုင်တော့သည်။ ထိုသို့ခေါင်းခါရတာ သူမတင်မကပါ။ မိကော ကော၊ သူနာပြုဆရာမလေး ခိုင်ဝေကော။

✶ ✶ ✶



ည . . .

အိပ်ဆေးတန်ခိုးဖြင့် မေမေအိပ်ပျော်သွားပေမဲ့ မိုးပြာ မအိပ်သေးပါ။ မေမေ့ဆံပင်လေးတွေကို သပ်တင်ပေး၊ မေမေ့ကို စောင်ခြုံပေးပြီးမှ ကိုယ့်အခန်းကိုယ် ပြန်ခဲ့သည်။ ကိုယ့်ခုတင်ပေါ် ကိုယ်လှဲရင်း အတွေး နယ်ချဲ့နေမိသည်။

"ဒေါ် . . . ဒေါ်နန်းခြယ် . . . "

ဟု ထစ်ထစ်ငေါ့ငေါ့ပြောသော သီလရှင်မလေး၏ အသံကိုလည်း သူမ ပြန်ကြားယောင်နေမိသည်။ အဖြစ်အပျက်တွေကို တစ်စဆီ ပြန်ဆက်စပ်ကြည့်နေလိုက်သည်။

နေမြင့်လေ အရှူးရင့်လေနှင့် ဆင်တူမည်။

ညဉ့်နက်လေ အတွေးနက်လေဖြစ်နေသည်။ မိုးပြာ ဘယ်လိုမှ အိပ်မရပါ။ အိပ်ရရန်လည်း မကြိုးစားမိ။ သီလရှင်ဆရာလေးကိုတွေ့တော့ နှစ်ပေါင်းများစွာစောင့်နေသော ရန်သူတစ်ယောက်ကို တွေ့လိုက်ရသလို ကြမ်းတမ်းခက်ထန်သွားသည့် မေမေ့မျက်ဝန်းတွေကို မိုးပြာ နား လည်ပါ။



www.burmeseclassic.com

www.burmeseclassic.com

သီလရှင်ဆရာလေးက ဘယ်သူလဲ?

မေမေနှင့် ဘယ်လိုရန်စတွေ ရှိနေသလဲ ?

မေးခွန်းတွေက ရစ်ဝဲနေသည်။

မေမေ ဒီလောက်ထိ တုန်လှုပ်တာ ဘယ်သူမှ မတွေ့ဖူးပေ။ မေမေ ဒီလိုအမူအရာ ရုပ်ဆိုးရလောက်အောင် စိတ်မထိန်းနိုင်ဖြစ်စေသည့် အကြောင်းရင်းက ဘာလဲ။ ဖေဖေနှင့်များ ပတ်သက်နေမလား။

မိုးပြာ ချက်ချင်း ငုတ်တုတ်ထထိုင်မိသွားသည်။ ဖေဖေနှင့်များ ပတ်သက်နေမလားဟူသည့် အတွေးက မိုးပြာကို ဒီလို ထထိုင်မိစေခြင်း ဖြစ်သည်။

ဟုတ်သည် . . . ။ ဒါ ဖေဖေနှင့် ပတ်သက်ရမည်။ ဖေဖေနှ(င့်) တစ်နည်းမဟုတ် တစ်နည်း ပတ်သက်နေခြင်းကြောင့်သာ မေ(မေ) ဒီလောက် စိတ်လှုပ်ရှားသွားရတာပါ။ မေမေ့ကို ဒီလောက် စိတ်လှု(ပ်)ရှားစေနိုင်သည်မှာ ဖေဖေ့ကိစ္စမှလွဲ၍ တခြားမရှိနိုင်။

မိုးပြာအတွေးတို့ နိုင်မာလာသည်။

ဘာလုပ်ရမလဲ။ ငါ ဘာလုပ်ရမလဲ။

အဖေဟူသော စကားလုံးနှင့်ပင် စိမ်းသက်သက် ဖြစ်ခဲ့ရသော သူမ ယခု အဖေနှင့်ဆက်စပ်နိုင်မည့် သဲလွန်စတစ်ခုနှင့် ကြုံတွေ့သော အခါ စိတ်တွေ အလွန်လှုပ်ရှားနေတော့သည်။

ဘာလုပ်ရမလဲ။ စိတ်က ပျာယာခတ်နေသည်။

ဘာလုပ်ရမှန်းမသိသည့် အခါတိုင်း သူမ တစ်စုံတစ်ယော(က်)ကို သတိရမိသည်။

"ဟုတ်တယ် . . . ။ လင်းဆောင်ပဲ ငါ့ကို ကူညီနိုင်မှာ"

သူမ ချက်ချင်းပဲ ဘတ္တရီအားသွင်းထားသည့်ဖုန်းကို ဖြုတ်(လိုက်)ကာ ဝရန်တာဘက် ထွက်ခဲ့သည်။



## (၁၄)

နံနက်ကျတော့ မေမေ့စိတ်တွေ ပြန်ငြိမ်နေပြီဖြစ်ကြောင်း မိုးပြာ သတိထားမိသည်။ သို့သော် မေမေ ဒီကနေ့ ဥပုသ်စောင့်ကာ နေတော့မည်ဟုဆိုကာ ဘုရားသို့သွားသည်။ အိမ်ဖော်မလေးမိကျော့ကို အဖော်အဖြစ် ထည့်ပေးလိုက်သည်။

ဒီအချိန် မေမေမရှိတာ သူမအတွက် အခြေအနေကောင်းတစ်ရပ်ပင်။ သူနာပြုဆရာမလေး နိုင်ဝေကိုလည်း ညက မိုးပြာတွေးမိသလောက်ကို ပြောပြလိုက်သည်။

"ဒါဆို ဒီကိစ္စက အကြောင်းမဲ့ထွက်သွားတဲ့ မိုးပြာဖေဖေနဲ့ ပတ်သက်နိုင်တယ်ပေါ့"

မိုးပြာ ခေါင်းညိတ်ပြသည်။

မကြာခင်ပဲ ရှင်းသန့်နှင့် ဝါဝါရောက်လာလေသည်။ မနေ့ညတတည်းက အရေးကြီးသည်ဟု ဖိတ်ခေါ်ထား၍ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဝါဝါက ထုံးစံအတိုင်း ပြောင်ပြောင်နောက်နောက် စကားပြောတာ အိမ်ထဲဝင်ဖို့လုပ်ပေးမဲ့ မိုးပြာမျက်နှာမှာ ရှုပ်ထွေးမှုတစ်ခုနှင့်တည်နေသည်ကို လှမ်းမြင်လိုက်ရ၍ မျက်နှာပိုးသတ်လိုက်ရသည်။

မိုးပြာကလည်း သူမတို့ကို အကြောင်းစုံ ပြောပြလိုက်သည်။ သူမတို့လည်း အရေးကြီးချိန်မှ ပဟေဠိတစ်ပုဒ်နှင့် ပက်ပင်းတိုးသလို ရှုပ်ထွေးသွားရင်း . . .

"သီလရှင်မလေးက ဘယ်သူလဲ"

ဝါဝါနှင့် ရှင်းသန့်အမေးကို မိုးပြာမဖြေနိုင်ပါ။

"ဒါ လင်းဆောင်မှ ကိုင်တွယ်နိုင်မဲ့ ကိစ္စမျိုးပဲ"

အားလုံးက လင်းဆောင်ကိုပဲ တမ်းတကြသည်။

"လင်းဆောင်တို့ကို မခေါ်ထားဘူးလား"

"ခုနက ငါ သူ့အိမ်တံခါးကို သုံးချက်ထုထားပါတယ်"

ဒါ မိုးပြာနှင့်လင်းဆောင်၏ ဆက်သွယ်ချက်ပင်။ လင်းဆောင်အိမ်တံခါးကို သုံးချက်ထုသံကြားရင် မိုးပြာခေါ်တာဟု လင်းဆောင် သိရသည်။

ခဏကြာတော့ သူတို့ရောက်လာပါသည်။ (သူတို့=လင်းဆောင်၊ မျိုးလတ်ဦး၊ ဖေယျနှင့် ဝမ်မေး)

ခုံအသီးသီးမှာ ဝင်ထိုင်ကြသည်။ စားပွဲပေါ်တွင် အလှထားထားသည့် လိမ္မော်သီးကို ဝမ်မေးက လက်လှမ်းရန် လုပ်နေသဖြင့် ဝါဝါက စူပုပ်ပုပ်ဖြင့် လှမ်းကြည့်နေသည်။

"ပြောလေ . . . အရေးကြီးကိစ္စရှိတယ်ဆို

ဖေယျက အရေးတယူ မေးတာပါ။ မိုးပြာမှာ အသံတိတ်နေသည့် လင်းဆောင်ကို အကဲခတ်ကြည့်တော့ လင်းဆောင်မျက်နှာမှာ မျက်ကွင်းများညိုနေပြီး စိတ်ရှုပ်ထွေးနေသည့် ပုံမျိုး ဖြစ်နေသည်။ ခါတိုင်းလို လန်းဆန်းမှု လုံးဝမဲ့နေသည်။



"လင်းဆောင် . . . နေမကောင်းဘူးလား"

လင်းဆောင်က လေးမှိုင်းမှိုင်း ပြန်ပြုံးပြသည်။

"မိုးပြာအရေးကြီးကိစ္စဆိုတာ ပြောလေ"

မိုးပြာ မပြောနိုင်သေးပါ။ သူ့ကိုသာ စိတ်ပူစွာ အကဲခတ်နေမိသေးသည်။ ဒါကိုသိသည့် မျိုးလတ်ဦးက လေသံသဲ့သဲ့နှင့် . . .

"ဦးလေးငြိမ်ပျောက်သွားလို့ ဒီကောင်စိတ်ညစ်နေတာ"

"ဩော် . . ."

ဦးလေးငြိမ်မျက်နှာကို ပြန်မြင်ယောင်ကာ မိုးပြာလည်း စိုးရိမ်သွားသေးသည်။ သို့သော် ယခု သူမ၏ကိစ္စကသာ အရေးကြီးနေသည် ဟုတ်လား။

မနေ့က မေမေနှင့် သီလရှင်ဆရာလေး၏ အဖြစ်အပျက်များ၊ ညက တွေးမိသည့်အတွေးများကို အသေးစိတ် မိုးပြာ ပြောပြလိုက်သည်။ အားလုံးက ခေါင်းညိတ်ကြသည်။ ထို့အတူ ခေါင်းခါကြသည်။ ဘယ်သူမှ ဆောလျင်စွာ မှတ်ချက်မပြုရဲ။ အတော်ကြာအောင် အသံတိတ်နေကြပြီးမှ အားလုံး၏အကြည့်က လင်းဆောင်ဆီ ပြုကျလာသည်။

လင်းဆောင်က ခေါင်းငိုက်စိုက်ထားသည်။ ဟင်း . . . ခနဲ သက်ပြင်းချသည်။ အားလုံးက သူ့ကိုကြည့်နေမှန်း သူသိသည်။ ခေါင်းမော့၍ သူ မိုးပြာကို လေးလေးနက်နက်ကြည့်လိုက်သည်။

"ခံစားရတဲ့အတိုင်းဖြေနော် မိုးပြာ"

"အင်း . . ."

ဘာကို ရည်ရွယ်ပြောမှန်း မသဲကွဲပေမဲ့ မိုးပြာ 'အင်း' လိုက်သည်။

"ဒီသီလရှင်မလေးကိစ္စဟာ မိုးပြာအဖေနဲ့ သေချာပေါက် ပတ်သက်နေမယ်လို့ မိုးပြာထင်လား"

မိုးပြာ တစ်ချက် ငြိမ်သွားသည်။သို့သော် ချက်ချင်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com

"ထင်တယ်"

"ကောင်းပြီ။ ဒါဆို ဒီပြဿနာကို မိုးပြာအဖေနဲ့ဆိုင်တဲ့ ပြဿနာ လို့ အတည်ပြုလိုက်ပြီ။ အခု ငါတို့လုပ်စရာ တစ်ခုပဲရှိတယ်။ အဲဒါ သီလရှင်ဆရာလေးကို လိုက်ရှာဖို့ပဲ"

"အင်း . . ."

"ဟုတ်တယ်"

အားလုံးက ထောက်ခံကြသည်။ သို့သော် မေးခွန်းတစ်ခုက လည်း ခံနေပြန်သည်။

"ငါတို့ ဘယ်လိုရှာမှာလဲ"

လင်းဆောင်ကပဲ ဖြေသည်။

"သီလရှင်ဆရာလေးက အိမ်မေးတဲ့ ပုံစံနဲ့ရောက်လာတာဆို"

"ဟုတ်တယ်လေ"

"သူမေးတဲ့ တိုက်ခန်းနံပါတ်က ဘယ်လောက်လဲ။ အဲဒီကို သွား စုံးစမ်းမေးမြန်းကြည့်ရင် သိနိုင်တယ်"

လင်းဆောင်အကြံ ကောင်းသည်။ သို့သော် မိုးပြာက ခေါင်း တစ်ချက်ယမ်းပြီး . . .

"ဒါပေမဲ့ တိုက်ခန်းပါတ်ကို ငါ မကြည့်လိုက်ရဘူး။ မေမေ ထသောင်းကျန်းတာနဲ့ ရှုပ်ကုန်တာ။ အင်း . . . ပုဏ္ဏာရိပ်ကတော့ ကြည့် လိုက်ရတယ်။ ဟုတ်တယ် . . . ။ ပုဏ္ဏာရိပ် အဲဒီတိုက်ခန်းနံပါတ်ကို သိ လောက်တယ်"

ခက်တာက ပုဏ္ဏာရိပ်က မလာသေးတာပင်။ သူတို့လုပ်ရှား ပုဏ္ဏာရိပ်ကို စောင့်ရတော့မည်။ ဖုန်းဆက်ခေါ်ထားသော်လည်း အခု မလာသေး။ ဖုန်းထပ်ခေါ်ကြည့်တော့ ဘာကြောင့်မှန်းမသိ၊ ဖုန်းလိုင်း က ခေါ်မရ။

မိနစ် (၂၀) ခန့်ကြာသည်အထိ ရောက်မလာ။ မိုးပြာ ခေါ



တဲ့ခေါက်ပြန် လမ်းလျှောက်ရင်း အတွေးတွေ များနေရသည်။ ထိုအချိန် ပဲ ဦးနှောက်က သူမကို ထင်းခနဲ တစ်စုံတစ်ရာ အချက်ပေးလိုက်သည်။

"လင်းဆောင် . . . "

အသံကျယ်ကျယ်ခေါ်မိသွားသဖြင့် အားလုံးက မော့ကြည့်ကြ သည်။

"သဲလွန်စ နောက်တစ်ခုရပြီ"

"ဟင် . . . ဘာလဲ"

" . . . . . "

သူမ ဦးဆောင်ခေါ်သွားလိုက်သည်။ မေမေ့အခန်းသို့ဖြစ်သည်။ အခန်း ဗီရိုမှအံဆွဲတစ်ခုဆီသို့ သူမ မသင်္ကာခဲ့တာ ကြာပြီ။ အခုတော့ ဒီအမှုကို ဖြေရှင်းဖို့ အချိန်တန်ပြီ။ ထိုအံဆွဲကို ညွှန်ပြကာ . . .

"ဒီအံဆွဲပဲ"

အားလုံးက ကြည့်လိုက်ကြသည်။

"ငါ့အမေ ဒီအံဆွဲလေးကို ညတိုင်း တိတ်တိတ်လေးဖွင့်ကြည့် ပြီး ငေးငိုင်နေတတ်တယ်။ တစ်ယောက်တည်း စကားတွေ ပြောနေတတ် တယ်။ ဒီအံဆွဲမှာ ထူးခြားတာရှိလိမ့်မယ်လို့ ငါထင်တယ်။ ငါတစ်ခါမှ ဖွင့်မကြည့်ခဲ့တာဟာ ငါ့အမေ့ကို မလေးစားရာ ကျမှာစိုးလို့။ အခုတော့ လိုအပ်လာပြီလို့ ငါထင်တယ်"

သူမ စကားအဆုံးမှာ လင်းဆောင်လက်ထဲသို့ အံဆွဲသော့ကို ထိုးအပ်လိုက်သည်။ လင်းဆောင်က ခေါင်းညိတ်ပြသည်။

လင်းဆောင် အံဆွဲသော့ကို ဖွင့်လိုက်သည်။ ပြီး . . . အံဆွဲကို ဖြည်းဖြည်းချင်းဆွဲအဖွင့် . . . အားလုံး တဒုတ်ဒုတ်နှင့် သွေးကြောတွေ ခုန်နေကြသည်။ ဘာကိုမှန်းမသိ လောနေကြသည်။ ရုတ်တရက်ပင် အခန်းလေးမှာ ကြီးမားစွာအုံ့မှိုင်း တိတ်ဆိတ်သွားသလို သူတို့ ထင်မိကြ သည်။ အံဆွဲကို အဆုံးထိဖွင့်ချိန်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

အားလုံး အံဆွဲထဲ ငုံ့ကြည့်လိုက်သည်။

"ဟင် . . ."

"ဟာ . . . ဒါ . . . ဒါ . . ."

အာမေဋိတ်သံတွေ ထစ်ငေါ့စွာ ဟိုတစ်စ သည်တစ်စ . . .။

အံဆွဲထဲမှာ တွေ့လိုက်ရသည်က . . .

"ခေါင်းလောင်းကလေး"

လင်းဆောင်ကို မျိုးလတ်ဦးက တစ်ခုခုနားလည်သွားသလို ကြည့်သည်၊ ဝမ်မေးက ဓေယျကိုကြည့်သည်။ ဓေယျက ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဝါဝါနှင့် ရှင်းသန့်က ဘာမှနားမလည်စွာ မိုးပြာနှင့် လင်းဆောင်ကို ကြည့်သည်။ လင်းဆောင်က မိုးပြာကိုကြည့်ပြီး . . .

"မိုးပြာ . . . နင်လည်း မှတ်မိနေတယ်မို့လား"

"အင်း . . . ငါ . . . ငါ . . . မှတ်မိတယ်"

"ဒါ ဦးလေးငြိမ်ရဲ့ လက်ထဲမှာ အမြဲတွေ့ရတဲ့ ခေါင်းလောင်းလေးဆိုတာလေ"

"ဟုတ်တယ် . . .။ အဲ့ဒီခေါင်းလောင်းလေးနဲ့ ဆင်တူဖြစ်နေတယ်"

မိုးပြာ ထိုခေါင်းလောင်းကလေးကို ဆွဲယူခေါက်ကြည့်သည်။ အတူတူပဲ။ ဦးလေးငြိမ် ခေါင်းလောင်းခေါက်တုန်းကကြားရသည့် အသံလိုပဲ။

မပြီးသေးပါ။ အံဆွဲထဲမှာ ပစ္စည်းနောက်တစ်ခု ကျန်နေသေးသည်။ ထိုအရာက မှောက်လျက်ထားထားသည့် ဓာတ်ပုံတစ်ပုံ။

ထိုဓာတ်ပုံလေးကို ဆွဲလှန်ကြည့်ဖို့ မိုးပြာလက်တွေ မငြိမ်သက်ပါ။ ထို့ကြောင့် လင်းဆောင်ကပဲ ဆွဲလှန်လိုက်သည်။

ဓာတ်ပုံကို ကြည့်လိုက်ကြတော့ . . .

" . . . . ."



" . . . . ."

အားလုံး ဘာအသံမှမထွက်အောင် ထိန်းနိုင်လိုက်ကြသည်။ ခေါင်းလောင်းကလေးကြောင့် တစ်ဝက်ပေါ်ခဲ့ပြီဖြစ်သောအဖြေမှာ ဓာတ်ပုံကလေးကြောင့် ကျန်သည့်တစ်ဝက်ကို မြင်နိုင်လိုက်ကြပြီ။

ဓာတ်ပုံထဲမှာ ချစ်သူစုံတွဲနှစ်ဦး အတူယှဉ်တွဲရိုက်ထားသော ဓာတ်ပုံဖြစ်သည်။ ဓာတ်ပုံထဲမှ အမျိုးသမီးငယ်မှာ မိုးပြာနှင့်ဆင်တူပြီး သွက်စွာလှပနေသည်။ မိုးပြာ၏မိခင် ဒေါ်နန်းခြယ်ပေါ့။ နံဘေးက အမျိုးသားကို ဆက်ကြည့်လိုက်တော့ . . .

"ဒါ ဒါ ဦးလေးငြိမ်ပဲ"

ဝမ်မေးက အသံထွက်သွားသည်။

မိုးပြာ မင်သက်နေမိသည်။ ဓာတ်ပုံကို ပျာပျာသလဲ အနီးကပ် ကြည့်သည်။ အံ့သြလွန်းနေသည်။

"မိုးပြာအဖေက ဦးလေးငြိမ်လား"

ဓေယျ၏ အမေးစကားဖြစ်သည်။

ဘယ်သူမှ ပြန်မဖြေကြပေမဲ့ တိတ်တဆိတ်တော့ ခေါင်းညိတ်နေမိကြပြီ။ လင်းဆောင်က . . .

"ဒီလိုပဲ ဖြစ်မှာပေါ့။ မိုးပြာ . . . စိတ်ငြိမ်ရဲ့လား"

မိုးပြာကို လှုပ်ပြီးမေးသည်။ မိုးပြာက လက်ကာပြသည်။

"ငါ ဘာမှမဖြစ်ဘူး။ ဒါကြောင့် ဦးလေးငြိမ်နဲ့တွေ့တုန်းက ငါ တစ်မျိုးခံစားရတာပဲလို့ တွေးမိလို့ပါ"

အားလုံးက 'သွေးစကားပြောသည်' ဟူသည့် အချက်ကို ပြေးမြင်မိကြသည်။

"ဒါနဲ့ အခု ဘယ်လိုလုပ်မလဲ။ ဦးလေးငြိမ်ကလည်း ပျောက်နေတော့"

လင်းဆောင် ခဏစဉ်းစားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဦးလေးငြိမ် ကြာကြာပျောက်ခံလို့မဖြစ်ဘူး။ ဒီဓာတ်ပုံနဲ့ ခေါင်း လောင်းလေးအရဆိုရင် ဒေါ်နန်းခြယ်နဲ့ ဦးလေးငြိမ်နဲ့က ရင်းနှီးလွန်းတဲ့ ဆက်စပ်မှုရှိတာ သေချာနေပြီ။ အင်း . . . မိုးပြာအဖေကလည်း ဦးလေး ငြိမ်ဖြစ်ဖို့ များပြီ။ ဒါကြောင့် ဒီကိစ္စနဲ့ ဆက်စပ်တယ်လို့ထင်ရတဲ့ သူ့ဆီ ကပဲ စုံစမ်းရတော့မှာပဲ"

"ဘယ်သူလဲ"

"ခုနက ငါပြောတဲ့အတိုင်းပေါ့။ သီလရှင်ဆရာလေးလေ"

အင်းခနဲ အားလုံးက တညီတညွတ်တည်း ထောက်ခံကြသည်။ ထိုအချိန် တံခါးခေါက်သံကြားရ၍ သူနာပြုမလေးခိုင်ဝေက တံခါးသွား ဖွင့်ပေးရာ ပုဏ္ဏရိပ်ကို တွေ့လိုက်ရသည်။

ပုဏ္ဏရိပ်ရောက်ရှိလာမှုက အချိန်ကိုက်ဟု ဆိုရမည်။ ပုဏ္ဏရိပ် ကို ဧည့်ခန်းဘက်ဆွဲခေါ်ကြကာ စကားဝိုင်းပြန်တည်ရသည်။ အပိုတွေ ဘာမှမပြောနိုင်။ ပုဏ္ဏရိပ်ကိုသာ မနေ့က သီလရှင်ဆရာလေးမေးသည့် တိုက်ခန်းနာမည်ကို ပြန်မေးရသည်။

"သြော် . . . အဲ့ဒီတိုက်ခန်းနံပါတ်လား"

ပါးစပ်ကပြောမည်ပြုပြီးမှ စိတ်ကမလိုက်လာ။

"ငါ . . . ငါ . . . မမှတ်မိတော့ဘူးဟ"

"အာ . . ."

အားလုံး စိတ်ပျက်သွားသည်။ ဒီအချိန် ပြဿနာ၏ အရေးကြီး ဆုံးကွင်းဆက်က တိုက်ခန်းနံပါတ်ဖြစ်နေပြီ။ မြန်မြန်မှတ်မိပါ ပုဏ္ဏရိပ် ရယ်။ ပုဏ္ဏရိပ်ကို ဝိုင်းစဉ်းစားခိုင်းကြသည်။ အားလုံးက ဝိုင်းပြော၍ ပုဏ္ဏရိပ် စဉ်းစားရပိုကြပ်လာသည်။

သို့သော် ရုတ်တရက် လင်းခနဲ သတိရလာကာ . . .

"တိုက်ခန်းနံပါတ်က နှစ်လုံးတည်းဟ။ (6) လား (9) လား မသိဘူး။ အင်း (6) ကော၊ (9) ကော ပါတာ ဖြစ်နိုင်တယ်။ ဟုတ်တယ်။ ငါ အဲ့ဒီလောက်တော့ မှတ်မိပြီ"

ပုဏ္ဏရိပ်စကား၏ နောက်ဆက်တွဲမှာတော့ . . .

"(69) လား"

"(66) လား"

"(96) လည်း ဖြစ်နိုင်တယ်"

ထင်ကြေးပေးမှုတွေက ရှုပ်ကုန်သည်။ (6) နှင့် (9) ကြားမှာ လည်နေသည်။ ဖြစ်နိုင်မှုကို ပတ်လည်ရှာကြည့်တော့ (66, 99, 69,96) ဟူ၍ ဖြစ်နေသည်။

"ဖြစ်တန်စွမ်းက (1/4) ဖြစ်နေတယ်ဟ"

"ဘာဖြစ်လဲ။ ငါတို့အားလုံး အဲ့ဒီနံပါတ်တွေကို တစ်ခန်းပြီး တစ်ခန်း စုံစမ်းကြတာပေါ့"

ဇေယျ၏အကြံက ကောင်းသော်လည်း လင်းဆောင်က ကန့် ကွက်သည်။

"ငါ အဲ့ဒီလောက် အချိန်မပေးချင်ဘူး။ အားလုံး တစ်ခန်းပြီး တစ်ခန်း လိုက်စုံစမ်းနေတာထက်စာရင် လူစုခွဲပြီးစုံစမ်းကြတာ ပိုကောင်း မယ်"

အားလုံးက လက်ခံကြသည်။ လင်းဆောင်က ဟူး . . . ခနဲ သက်ပြင်းရှည်ကြီးမှုတ်ချပြီး 'ဖြောင်း' ခနဲ လက်ခုပ်တစ်ချက် တီးလိုက် ကာ . . .

"ကဲ . . . စမယ်။ မြန်မြန် ခရမ်းရောင်တွေစမယ်"

အားလုံး အရေးတော်ပုံတစ်ခုနှင့် ရင်ဆိုင်ရတော့မလို စိတ်တွေ ရှန်းကြွသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

- တိုက်ခန်းနံပါတ် (66) သို့
မျိုးလတ်ဦးနှင့် ရှင်းသန့်တို့ သွားစုံစမ်းမည်။

- တိုက်ခန်းနံပါတ် (69) သို့
ဇေယျာ၊ ပုဏ္ဏရိပ်နှင့် သူနာပြုဆရာမလေး ခိုင်ဝေ

- တိုက်ခန်းနံပါတ် (96) သို့
ဝမ်မေးနှင့် ဝါဝါ.

ဝမ်မေး တိုက်ခန်းတံခါးအနားကို နားရွက်ကပ်၍ နားထောင်ကြည့်လိုက်သည်။

"အထဲက ဆူညံ ဆူညံနဲ့ဟ"

ဝါဝါက 'မှန်းစမ်' ဆိုပြီး သူပါ ဝင်နားထောင်ကြည့်သည်။

"ကာရာအိုကေ ဆိုနေကြတာ ထင်တယ်"



"အေး . . . ဟုတ်လောက်မယ်ဟ။ အဲ့ဒါကြောင့် တံခါးခေါက်တာ မကြားရတာပဲ"

အူကြောင်ကြောင်နှစ်ကောင်တော့ ပေါင်းမိချေပြီ။

ဝမ်မေးက တံခါးလက်ကိုင်ဘုကို လှည့်ကြည့်သည်။ ပွင့်သွားသည်။

"ဟာ . . . တံခါးက စေ့ရုံစေ့ထားတာပဲ"

"ဒါဆို ဖွင့်လိုက်ဟာ။ တံခါးဖွင့်ပြီးမှ ဝင်ခွင့်တောင်းတာပေါ့"

"အေး . . . "

ဝမ်မေးက မားမားမတ်မတ် ယောကျ်ားပီသစွာ တံခါးဖွင့်ကာ ရှေ့မှဝင်ရန် ပြင်သည်။ သို့နှင့် တံခါးဖွင့်ကာ အဝင်မှာပဲ ဝိုး . . . ခနဲ အခန်းထဲမှဝဲလာသည့် ဟာကြီးက ဖြောင်း . . . ခနဲ ဝမ်မေး မျက်နှာကြီးကို ထိပြီး . . .

"အား . . ."

ခနဲအော်သံနှင့် ဝမ်မေး ဖင်ထိုင်လျက် ကျတော့သည်။ အထဲကပစ်လွှတ်လိုက်သည့် လက်နက်က သနပ်ခါးတုံးကြီးဖြစ်လေသည်။ သူတို့ ခုနကကြားရသော ကာရာအိုကေဆိုသည်ဟု ထင်မိသော ဆူညံဆူညံသံများမှာ လင်မယားနှစ်ယောက် ရန်ဖြစ်နေခြင်းဖြစ်သည်။ ယခု သူတို့ရန်ပွဲမှ လွင့်စင်လာသော လက်နက်အစိတ်အပိုင်းက ဝမ်မေးကို အိစလံဝေသွားစေတော့သည်။

ကျန်တဲ့သူတွေ ဘယ်လိုအခြေအနေရှိလည်း မသိ။ ဝမ်မေးတော့ ကြယ်စုံလစုံ ဝေနေရှာပြီ။

**– တိုက်ခန်းနံပါတ် (99) သို့ လင်းဆောင်နှင့် မိုးပြာ။**

တံခါးခေါက်သံ သုံးလေးချက်ပြီးမှ အထဲမှ တံခါးလှည့်ဖွင့်သံကို လင်းဆောင်တို့ ကြားလိုက်ရသည်။ အထဲက ခေါင်းကြီးထွက်လာ



www.burmeseclassic.com

www.burmeseclassic.com

သည်။ ခေါင်းပိုင်ရှင်က ဦးလေးကြီးတစ်ယောက်ဖြစ်သည်။

ထိုလူကြီးက လင်းဆောင်နှင့် မိုးပြာတို့တွေ့သော အာလုတ်သံကြီးနှင့် ဗလိုင်းကြီး ထရယ်သည်။

"ဟား . . . ဟား . . . လာ . . . လာကြ။ ခင်မောင်ညွှန့်လွှတ်လိုက်တာမို့လား။ လာ . . . "

"မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော်တို့ စုံစမ်းစရာလေး ရှိ . . ."

"ဟား . . . ဟား . . . ငါ့အိမ်လာမှတော့ ကိစ္စရှိလို့ပေါ့ကွာ။ ခင်မောင်ညွှန့်လွှတ်လိုက်တာမဟုတ်လည်း ကိစ္စမရှိပါဘူး။ လာ . . . လာ . . . "

သိလည်းမသိဘဲ ဖွတ်ခေါ်သည်။ မိုးပြာတို့ ယောင်တောင်ပေါင်တောင်နှင့် အထဲသို့ ရောက်သွားပါသည်။

"ငါ့မှာ ပြောစရာတွေ အများကြီးကွ"

"ကျွန်တော်တို့ သိလရှင် . . ."

"ဒီပုံကိုကြည့်"

သူချည်းပြောနေသည်။ လင်းဆောင် ခပ်မြန်မြန်ပြောလည်းမရ။ လင်းဆောင် စိတ်ပျက်ပျက်နဲ့ပဲ သူပြတဲ့ပုံတွေကို ကြည့်လိုက်သည်။

ဦလေးကြီးထိုးပြသည့် စာရွက်ထဲကပုံတွေက 'ဒီလိုမနေနဲ့။ ဒီလိုနေ' ဆိုသည့် ပုံတွေပါ။ ပြုံးနေသည့် မျက်နှာနှင့် မဲ့နေသည့်မျက်နှာလေး။

"ဟုတ်ကဲ့ ဒီပုံတွေကို သိပါတယ်။ ဒါနဲ့ သိလရှင်တစ်ပါး ..."

"အေးကွ . . .။ ဒါပေမဲ့ ငါ့အတွက် ခက်နေတယ်"

လင်းဆောင်ကို မပြောရ။ ဦးလေးကြီးကပဲ ဖြတ်ပြောသွားပြန်သည်။ ဦးလေးကြီးမှာ တွေ့ရာလူဖမ်းပြီး စကားပြောတတ်ပုံရသည်။ ထိုလူကြီးနှင့် ပက်ပင်းတိုးတာတော့ မိုးပြာတို့ ကံကြီးကြီးဆိုး[illegible]ါသည်။

မတတ်နိုင်။ သူ့အလိုကျတော့ လိုက်လျောပြီး ပြီးမှ ကိုယ့်ကိစ္စကို စုံစမ်းရမည်။



"ခင်မောင်ညွှန့်ကပြောတယ်။ အဲ့ဒီ 'ဒီလိုမနေနဲ့၊ ဒီလိုနေ' ဆိုတဲ့ ပုံကို မျဉ်းကြောင်းသုံးကြောင်းတည်းနဲ့ ဆွဲလို့ရတယ်တဲ့။ အဲ့ဒီမျဉ်းကြောင်းသုံးကြောင်းနဲ့ ဆွဲတဲ့ပုံမှ ခါတိုင်းတွေ့နေကျ ပြုံးတဲ့မျက်နှာနဲ့ မဲ့တဲ့မျက်နှာထက် ပိုပြီး လေးနက်မှုရှိတာတဲ့"

". . . . ."

"ကဲ . . . မင်းတို့သိလား။ မျဉ်းကြောင်းနဲ့ ဒီလိုမနေနဲ့ ဒီလိုနေကို ဘယ်လိုဆွဲရသလဲဆိုတာ"


မိုးပြာက ခေါင်းကုတ်ကာ လင်းဆောင်ကို ကြည့်သည်။ လင်းဆောင်လည်း ကြံဖန်ရတော့မည်။ သူ့ပြဿနာကိုရှင်းပေးမှ ကိုယ့်ပြဿနာအတွက် စုံစမ်းလို့ ရမှာမဟုတ်လား။

ခဏစဉ်းစားအပြီးမှာပဲ လင်းဆောင် နည်းလမ်းတစ်ခုကို စဉ်းစားရတော့သည်။

"ဟုတ်ပြီ . . .။ ဒီလိုဖြစ်မယ်"

"ဘယ်လိုလဲ"

ဦးလေးကြီးရှေ့မှစာအုပ်နှင့် ဘောလ်ပင်ကိုယူကာ ဆွဲပြလိုက်သည်။ ပထမပေးထားသော မျဉ်းကြောင်းသုံးကြောင်းမှာ ထိုသို့ဖြစ်သည်။




ထိုမျဉ်းသုံးကြောင်းကို လှလှပပ အသုံးပြု၍ ဦးလေးကြီးလိုချင်သည့်ပုံစံသို့ လင်းဆောင် အောက်ပါအတိုင်း ပြောင်းဆွဲပေးလိုက်တော့သည်။




www.burmeseclassic.com

www.burmeseclassic.com



(ဒီလိုမနေနဲ့)



(ဒီလိုနေ)

"ဟုတ်တယ်မို့လား။ လူဆိုတာ ပြုံးနေ မဲ့နေဖို့ထက် မှားမ
ဖို့က အရေးကြီးတယ်။ ဒါကြောင့် အမှန်တရားမှာရပ်တည်ပြီး နေရမ
လေ"

ဦးလေးကြီးက စာအုပ်ကို ကောက်ကိုင်ကြည့်ကာ သဘော
ကျနေသည်။

"ဟုတ်တယ်ကွ . . . ။ ဒီပုံကမှ ပိုလေးနက်တာ ပိုဖြစ်သင့်တာ
မင်း တော်တယ်"

လင်းဆောင်ကို ချီးကျူးတော့ မိုးပြာကပါ ဝင်ပျော်မိသည်
ဦးလေးကြီးက ပုံကို တစိမ့်စိမ့်ကြည့်ကာ သဘောကျနေသဖြင့် လင်းဆော
ကလည်း အခွင့်အရေးရတုန်း လာရင်းကိစ္စလေးကို ဆက်ပြီးပြော
ပြင်သည်။

"ဒါနဲ့ ဦးလေး . . . ဦးလေးတို့အိမ်ကို မနေ့က သီလ
တစ်ပါး ..."

"ခင်မောင်ညွန့်က ဆက်ပြီးပြောသေးတယ်ကွ"

လာပြန်ပြီ။ တော်တော်လည်း ပြောနိုင်သည့် ခင်မောင်ညွ
ဦးလေးကြီးကလည်း သူလိုချင်တာပဲကြည့်ပြီး တစ်ဖက်လူကို လုံ
မကြည့်ပေ။ ( X ) ဒီလိုနေနေတဲ့ လူကြီးဖြစ်မယ်။



"ခင်မောင်ညွန့်က ဘာပြောလဲဆိုတော့ 'ငါ့အလုပ်က အသက်ရှည်တဲ့အလုပ်' တဲ့။ ဒီကောင်က ရှေ့နေလေ။ ငါမေးချင်တာက အလုပ်အကိုင်က လူ့သက်တမ်းကို လွှမ်းမိုးမှုရှိသလားကွ"

ဒီမေးခွန်းအတွက်လည်း လင်းဆောင်ကိုသာ မိုးပြာ ကြည့်ရပါသည်။ လင်းဆောင်ကသာ . . .

"ရှိတယ် . . . ။ စိတ်ပညာသဘောတရားအရ လူတွေရဲ့အသက်မွေးဝမ်းကျောင်းအလုပ်တွေက အဲ့ဒီလူတွေရဲ့သက်တမ်းကို လွှမ်းမိုးမှုရှိတယ်"

"ဟုတ်လားကွ"

မိုးပြာလည်း ကြုံတုန်း သေချာနားထောင်ရသည်။

"ဟုတ်တယ်။ ပြောပြမယ် မှတ်ထား၊ (၁) ဘုန်းကြီးရဟန်းတွေနဲ့ ဘာသာရေးကောင်းစွာ လေးနက်ကြသူတွေက အသက်အရှည်ဆုံးဖြစ်တယ်။ (၂) ဆရာဝန်တွေ၊ သူတို့က ဒုတိယအမျိုးအစားအဖြစ်နဲ့ အသက်ရှည်ကြတယ်။ (၃) က ရှေ့နေတွေပဲ။ အတတ်ပညာရှင်တွေထဲမှာ သူတို့ အသက်အရှည်ဆုံးပဲတဲ့။ အင်ဂျင်နီယာတွေ၊ သိပ္ပံပညာရှင်တွေတောင် သူတို့လောက် မရှည်ကြဘူးတဲ့။ နောက် နံပါတ် (၄)က .."

ကျောင်းဆရာမများဖြစ်ကြောင်း ရှင်းပြသည်။ ကျောင်းဆရာများသည်လည်း သာမန်လူများထက် အသက်ရှည်တတ်ကြောင်း ပြော၏။

"နံပါတ် (၅) က လယ်သမားတွေပဲ။ သူတို့အလုပ်အကိုင်က ကျန်းမာသန်စွမ်းစေလို့ အသက်ရှည်ကြတယ်လို့ ဆိုတယ်။ နောက်နံပါတ် (၆) ကတော့ ဝမ်းနည်းစရာပဲ။ စာပေဂီတနဲ့ အနုပညာရှင်တွေရှ၊ သူတို့ဟာ အတတ်ပညာရှင်တွေထက် အသက်တိုကြတယ်၊ အထူးသဖြင့် ကဗျာဆရာတွေဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ဆုံးပါးကြတယ်တဲ့"

"ဟုတ်မယ်ကွ။ 'ပျွန်ကီ' တို့ ဘာတို့ဆိုလည်း ငယ်ငယ်လေးနဲ့သေတာ"



www.burmeseclassic.com

www.burmeseclassic.com

“နောက် နံပါတ် (၇) ကတော့ အလုပ်ကြမ်းသမားတွေပဲ။ ဝင်ငွေနည်းခြင်းနဲ့ ပတ်ဝန်းကျင် ညံ့ဖျင်းတာကြောင့် အသက်အတိုဆုံးဖြစ်ရတာပဲ။ အဲ့ဒီအချက် ခုနစ်ချက်လုံးဟာ ယေဘုယျသဘောဆိုပေမဲ့ သေချာလေ့လာကြည့်ရင် မှန်ကန်နေတာ တွေ့ရတယ်”

လင်းဆောင် စကားဆုံးတော့ မိုးပြာက ခေါင်းတညိတ်ညိတ်လုပ်သည်။ ဦးလေးကြီးကလည်း သဘောတွေကျကာ . . .

“ဟာ . . . ဘယ်ဆိုးလို့လဲ။ မင်း အကုန်သိနေတာပဲကွ။ လူငယ်လူတော်ပဲ”

ဒီအချိန် ချီးကျူးလည်း မခံချင်ပါ။ လိုအပ်တာပဲ သိချင်တသည်။

“အဟဲ . . . ဦးလေးကြီး မနေ့က သီလရှင်မလေး”

“အေးကွ . . . ခင်မောင်ညွန့်က ပြောသေးတယ်”

“ဟာဗျာ . . . ”

လင်းဆောင် စိတ်ညစ်သွားသည်။ သည်းလည်း မခံနိုင်တော့

ထိုအချိန် နောက်ခန်းတစ်ခုထဲက အမျိုးသမီးကြီးတစ်ဦး ထွက်လာသည်။ အိပ်ရာမှ ထလာသည့်ပုံဖြစ်ပြီး လင်းဆောင်တို့ကိုမြင်တော့

“ဟော့ . . . ဘယ်ကလူတွေလဲ”

ဆိုပြီး လျှောက်လာသည်။

ဦးလေးက အမျိုးသမီးကြီးကို တစ်ချက်လှည့်ကြည့်ပြီး . . .

“ဟဲ . . . ဟဲ . . . အဲ့ဒါ ငါ့အစ်မကွ”

အမျိုးသမီးကြီးက လင်းဆောင်တို့ကိုကြည့်ကာ ဦးလေးကြအား . . .

“မောင်လေး . . . နင် ဘယ်က ကလေးတွေကို အိမ်ထဲခေပြီး စကားပြောနေတာလဲ”

အမျိုးသမီးကြီးက သဘောသိပ်ကောင်းပုံမပေါ်။



“ဒီလိုပါ . . . ။ သမီးတို့ စုံစမ်းစရာလေးရှိလို့ပါ။ မနေ့က အန်တီတို့အိမ်ကို မယ်သီလရှင်တစ်ပါး လာသွား . . . ”

“ဘယ်က မယ်သီလရှင်လဲ။ ငါတို့က မှတ်ဆလင် ကိုးကွယ်တာဟဲ့”

“ရှင် . . . ”

“ဟင် . . . ”

ဘာမှဆိုဖွယ်ရာ စကားမရှိတော့ပါ။ နှစ်ယောက်သား စိတ်ဓာတ်ကျစွာ . . . ။

“နောက်လည်း လာဦးကွ။ ခင်မောင်ညွန့်ပြောထားတာတွေ အများကြီးရှိသေးတယ်”

ထိုစကားဆိုသည့် ဦးလေးကြီး၏အမူအရာက ပါးစပ်ထဲမှာ လက်ညှိုးကြီးစုပ်လျက်ပါ။ အခုမှ သေချာကြည့်မိတော့ ဦးလေးကြီးက မိန်းမစီးဖိနပ်ကြီး စီးထားတာပဲ။ အိမ်အပြင်ရောက်မှပဲ ထိုလူကြီးအား စိတ်မနှံ့သောလူကြီးအဖြစ် တွေးမိတော့သည်။

မိုးပြာက ခစ်ခနဲ အောင့်ရယ် ရယ်မိတော့သည်။

“ဘာရယ်တာလဲ”

“ဩော် . . . အဟင်း . . . ငါ့ရည်းစား စိတ်ပညာရှင် ဂုရုလေးက အရူးနဲ့တွေ့မှပဲ ခံရတော့တယ်လို့ တွေးမိလို့ပါ”

လင်းဆောင်ပါ မချည့်ပြုံးကို ခေါင်းရမ်း၍ ပြုံးမိတော့သည်။

ထိုအချိန် လေကားအတိုင်း တဝုန်းဝုန်းတက်လာသော ခြေသံများကို ကြားလိုက်ရသည်။ ဖေယျတို့ . . . ။

သူတို့ရှေ့ ရောက်ရောက်ချင်းပဲ ရှင်းသန့်က အလောတကြီးနှင့် . . .

“သီလရှင် ဆရာလေးရှိတဲ့နေရာ စုံစမ်းရခဲ့ပြီ”



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခန်းနံပါတ် (69) မှ စုံစမ်းရခဲ့ခြင်းဖြစ်သည်။

သီလရှင်ဆရာလေး သီတင်းသုံးသည့် သီလရှင်ကျောင်းမှာ တခြားမြို့တစ်မြို့တွင် ဖြစ်နေလေသည်။

ယခု ထိုမြို့သို့သွားရန် ချက်ချင်း စီစဉ်နေကြသည်။ လိုက်ပါ သင့်သည့်လူတွေကို လင်းဆောင်ကပဲ ရွေးချယ်သည်။

"ဝမ်မေး မင်းကတော့ ဒဏ်ရာကြီးနဲ့ဆိုတော့ နေခဲ့တော့"

ဝိုင်းရယ်ကြသေးသည်။ သနပ်ခါးတုံးမှန်ထားသည့် နဖူးပေါ် က ဒဏ်ရာဘုကြီးကို လက်နှင့်စမ်းကာ ဝမ်းမေးဆူပုတ်ပုတ်နှင့် ခေါင်း ညိတ်ပြသည်။

"ဇေယျလည်း လိုက်ခဲ့"

နောက် မိန်းကလေးတွေဘက်ကို ကြည့်သည်။ မိုးပြာနှင့်အတ အဖော်လိုက်ပါမည့်သူ ခရီးစဉ်အတွက်လည်း ကောင်းစွာ အသုံးဝင်နိုင် မည့်သူ။

"သူနာပြုဆရာမလေး မခိုင်ဝေကော လိုက်ချင်လား"



"ဟာ . . . လိုက်ချင်တယ်။ ကျွန်မလည်း ဒီကိစ္စ စိတ်ဝင်စား နေတာ"

"ဒါဆို လိုက်ခဲ့ပါ"

မိုးပြာက ဝါဝါတို့ကို သူ့မိခင်အား နားလည်အောင် ကြည့်ကြပ် ပြောရန် မှာကြားနေသည်။

"မျိုးလတ်ဦး . . . မင်းလည်း လိုက်ခဲ့ရမယ်။ ပြီးရင် အဆိပ် ဖြေဆေးကို၊ အရေးပေါ်လူနာကုသနိုင်မဲ့ ပစ္စည်းတွေပါ အစုံလင်ဆုံးယူ ခဲ့၊ အခု မင်းဆေးခန်းဘက်ကနေ သွားပေးမယ်"

"အင်း . . . "

ဘာကြောင့်လဲ မေးမြန်းမနေပါ။ လင်းဆောင်က အကြောင်း ရှိ၍ မှာခြင်းသာဖြစ်ကြောင်း မျိုးလတ်ဦး နားလည်ပြီးသားဖြစ်နေသည်။

ကျန်သည့် ဝမ်မေး၊ ဝါဝါ၊ ရှင်းသန့်၊ ပုဏ္ဏရိပ်တို့ကို ကြည့် ကာ . . .

"ငါတို့အကြောင်းပြန်မှာကို စောင့်နေပါ။ လိုအပ်လို့ ငါတို့လှမ်း ခေါ်တဲ့အခါ လိုက်နိုင်အောင် ကြိုတင်လည်း ပြင်ဆင်ထားနှင့်ကြ"

အားလုံး ခေါင်းညိတ်ပြကြသည်။

ထိုသို့နှင့် . . .



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

နာရီပေါင်းများစွာ မောင်းနှင်ပြီးသောအခါ သစ်ရိပ်များ ခြ အုပ်မိုးလျက်ရှိသည့် လမ်းကလေးသို့ ရောက်ရှိလာခဲ့ပြီဖြစ်သည်။

"လိပ်စာထဲကအတိုင်းဆိုရင်တော့ ရှေ့နားဆို ရောက်ပါပြီ"

ဟု ဇေယျာက ကားမောင်းရင်း ပြောသည်။

လင်းဆောင်က ဟူး . . . ခနဲ သက်ပြင်းရှည်ကြီးချသည် လင်းဆောင် သက်ပြင်းချတာ သိပ်များနေပြီဟု မိုးပြာ သတိထားမိသည် သူ့မျက်နှာမှာ တစ်ခုခုကို အလျှင်မမီမှာ စိုးရိမ်နေသလို ပူပန်မှုမျိုး မိုးပြ ရာတွေ့မိသည်။

"လင်းဆောင် . . . ဘာဖြစ်လို့လဲ"

သူ ပြုံး၍သာ ခေါင်းခါပြသည်။

ထိုကိစ္စကို စိတ်ဝင်စား၍ လိုက်လာသည်ဆိုသော သူနာပြ ဆရာမလေး ခိုင်ဝေမှာတော့ အိပ်ငိုက်နေတော့သည်။



ခဏအကြာတွင်ပဲ ကားကလေးက ထိုးရပ်သွားပါပြီ။ ကားရပ်သောနေရာ၏ ရှေ့တွင်တော့ ဝါးနှင့်ဆောက်ထားသော ကျောင်းဆောင်ကလေးများကို တွေ့လိုက်ရသည်။ ထိုကျောင်းဆောင်၏ အဝင်ဝတွင် သီလရှင်ကျောင်းလေး၏အမည်ကို အေးချမ်းစွာ တွေ့လိုက်ရလေသည်။

'စိတ်ရေစဉ်' ဟု အမည်ရသော ထိုကျောင်းဝန်းလေး၏ ခြံဝသို့ သူတို့ရောက်စဉ်မှာပဲ သီလရှင်ငယ်လေးတစ်ပါးက ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ"

မျိုးလတ်ဦးကပဲ သူတို့လာရှာသော သီလရှင်ဆရာလေး၏ ဘွဲ့အမည်ကို ပြောပြလိုက်သည်။

". . . . . ဆိုတဲ့ ဆရာလေးနဲ့ တွေ့ချင်လို့ပါခင်ဗျ"

သီလရှင်ငယ်လေးက ပြုံးသွားသည်။

"ဪ . . . ရောက်လာကြပြီကိုး"

ထိုရေရွတ်မှုကြောင့် သူတို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိလိုက်ကြသည်။ ရောက်လာကြပြီကိုးဆိုတော့ သူတို့ရောက်လာမည်ကို ကြိုမျှော်လင့်ထားပြီးသား သဘောပေါ့။

"အထဲဝင်ကြပါ။ ဒကာလေးတို့ တွေ့ချင်တဲ့ဆရာလေး စောင့်နေပါတယ်"

ဝါးရွက်ကြွေသံမှ လွဲ၍ ကျောင်းဝန်းလေးမှာ ဓမ္မအငွေ့အသက်တို့နှင့် တိတ်ဆိတ်နေပါသည်။

• • •

မြေစိုက်ကွပ်ပျစ်လေးရှေ့သို့ရောက်သောအခါ သူတို့ကို ကျောပေးလျက် တရားမှတ်နေသော သီလရှင်တစ်ပါးကို သူတို့ တွေ့လိုက်ရသည်။ ထိုသီလရှင်က လှည့်မကြည့်ဘဲ . . .

"ထိုင်ကြပါကွယ်"



www.burmeseclassic.com

www.burmeseclassic.com

ဟု ပြောလေသည်။

အနီးရှိကွပ်ပျစ်ပေါ်သို့ သူတို့ ထိုင်လိုက်ကြသည်။ သူတို့ ကျကျနနထိုင်ပြီးမှ သီလရှင်ဆရာလေးက ဖြည်းဖြည်းချင်း လှည့်လာသည်။

သီလရှင်ဆရာလေး၏ မျက်နှာအား မြင်လိုက်ရသောအခါ မိုးပြာစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ မနေ့က မေမေနှင့် ကြုံတွေ့ခဲ့စဉ် အနည်းငယ် စိတ်လှုပ်ရှားခဲ့သော ဆရာလေး၏မျက်နှာမှာ ယခုတော့ တန်ရေပြင်သို့ ပြန်လည်တည်ငြိမ်နေပြီဖြစ်ကြောင်းကို မိုးပြာ သိလိုက်သည်။

ဆရာလေးက အားလုံးကို ကြည့်သည်။ ပြီး . . . မိုးပြာကို ရွေးကြည့်သည်။ မျက်လွှာတစ်ချက်မေးပြီးမှ ပြန်ဖွင့်ကာ . . .

"သနားစရာ ကလေးလေးပဲ။ ဒီအရွယ်အထိ ဘာမှမသိဘဲ ကြီးပြင်းလာတဲ့ ပုံပဲ"

"ဟုတ်ပါတယ်။ ဆရာလေးဟာ သမီး ဖေဖေနဲ့ပတ်သက်တာတွေကို သိလိမ့်မယ်လို့ သမီးထင်နေပါတယ်"

ဆရာလေးက မျက်လွှာကို ပြန်ချလိုက်ပါသည်။ မိုးပြာ မေးချင်နေသည့် မေးခွန်းများစွာကိုလည်း ကြိုသိနေသည့်ပုံပင်။ အတန်ငယ်ကြာပြီး ပုံပြင်တစ်ပုဒ်ကို ပြောသလို မှိုင်းညို့ဝေးကွာသော အသံများနှင့် . . .

"တစ်ခါက သိပ်လှပတဲ့ အိမ်ကလေးတစ်လုံးရှိတယ်။ မြို့ကလေးတစ်မြို့ရဲ့ အနောက်ဖက်မှာ တည်ရှိတယ်။ အိမ်ကလေးဟာ ကျယ်ဝန်းတဲ့ ခြံလေးအတွင်းမှာရှိတာမို့ နေချင်စရာကောင်းတယ်။ ပန်းမျိုးစုံနဲ့ သစ်ပင်လေးတွေ စိမ်းမြအုပ်ဖြာနေတာကြောင့် ချစ်စရာကောင်းတယ်။

အိမ်ကလေးရဲ့ အနောက်ဘက်မှာ မြစ်ငယ်ကလေးတစ်စင်းကရှိနေသေးတယ်။ မြစ်ရဲ့ ဟိုတစ်ဖက်မှာလည်း လေဒလက်တွေ၊ လေညွှန်တိုင်တွေ စိုက်ထားသေးတယ်ကွယ့်။ အိမ်ကလေးရဲ့ အထူးခြားဆုံးတစ်ခု



ကတော့ အိမ်ခြံဝန်းတစ်လျှောက်နဲ့ အိမ်ထဲက သစ်ပင်လေးတွေမှာ ခေါင်းလောင်းကလေးတွေကို ချိတ်ဆွဲထားတာပဲ။

လေအရမ်းတိုက်တဲ့နေ့တွေဆို အဲ့ဒီအိမ်ကလေးဟာ ခေါင်းလောင်းသံလေးတွေ တဆေဆေ တဆာဆာနဲ့ ပုံပြင်ဆန်အောင် လှပတယ်။ ဒါကြောင့် အဲ့ဒီမြို့က လူတွေကလည်း အဲ့ဒီအိမ်ကလေးကို ခေါင်းလောင်းစံအိမ်လို့ ခေါ်ကြတော့တာပဲ"

အားလုံး မြင်ယောင်၊ ငြိမ်သက် နားစွင့်လျက်။

ဆရာလေးက သက်ပြင်းတိုးတိုးလေးချကာ ဆက်၍ . . .

"အိမ်ကလေးက လှတာလည်း မပြောနဲ့လေ။ အိမ်ကလေးရဲ့ သခင်ကိုလည်း ကြည့်ဦး . . . ။ အနုပညာရှင်တစ်ယောက်ပဲ။ အဲ့ဒီအိမ်လေးမှာ သိပ်ကြင်နာကြတဲ့ ဇနီးမောင်နှံနှစ်ယောက် နေကြတယ်။ ယောက်ျားကို (a)လို့ သဘောထားပြီး (b)ကို မိန်းမအဖြစ် သတ်မှတ်လိုက်ကြစို့"

ခဏနား၍ ဆက်ပြောသည်။

"(a)ဟာ အနုပညာရှင်တစ်ယောက်ပေါ့။ ဗိသုကာပန်းချီလက်ရာတွေကို နှစ်သက်တယ်။ အထူးသဖြင့် ကဗျာတွေကို ခုံမင်တယ်။ ဒါကြောင့် သူ့အိမ်လေးဟာလည်း အနုပညာရနံ့တွေနဲ့ လှပနေတာပေါ့ကွယ်။ သူဟာ သူ့ဇနီးလေးကို သိပ်ချစ်ရှာတယ်။ သူ့ဇနီးလေးဖြစ်တဲ့ (b)ကလည်း သူ့ကို သိပ်ချစ်ရှာပါတယ်။ ဒါကြောင့် သူတို့အိမ်ထောင်ရေးဟာ ခလုတ်ကန်သင်းတွေ ဘာမှမရှိ၊ ပကတိ သာယာတယ်။

(a) မှာ မိန်းကလေးသူငယ်ချင်းတစ်ယောက်ရှိတယ်။ အဲ့ဒီတစ်ယောက်ကို (c)ပဲထားပါတော့။ (a)နဲ့ (c)ဟာ ငယ်သူငယ်ချင်းတွေပါ။ အရမ်းလည်းခင်ပြီး အနုပညာခုံမင်တာချင်းတူတော့ အခါအားလျော်စွာ စကားတွေ ပြောဖြစ်ကြတယ်။ ကဗျာတွေ၊ စာတွေအကြောင်း ဆွေးနွေးဖြစ်ကြတယ်။ ဒါပေမဲ့ သူတို့ဟာ မိတ်ဆွေသူငယ်ချင်းထက် လွန်တဲ့အပြုအမူမျိုးကို ဘယ်တုန်းကမှ မပြုမူခဲ့ကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com

သက်ပြင်းနှင့် ခဏနားသည်။

"a နဲ့ b အိမ်ထောင်သက် (၁) နှစ်ကျော်မှာပဲ သမီးလေးတစ်ယောက်ကိုမွေးတယ်။ သူတို့အိမ်ထောင်ရေးဟာ ပိုမိုစိုပြည်လာခဲ့တာပေါ့။ သူတို့နဲ့ ထပ်တူထားချစ်ရမဲ့လူတစ်ယောက် တိုးလာလို့လေ။ ဒါပေမဲ့ အကြမ္မာဟာ ထူးဆန်းတယ်။ အင်း . . . စိတ်ဟာ ဖောက်ပြန်လွန်းတယ်လို့ ပြောရမယ်။

အရာအားလုံး အဆင်ပြေနေပေမဲ့ တစ်ညမှာတော့ (a) တစ်ယောက်ဟာ သူ့အိမ်ကနေ ထွက်သွားတယ်။ သူထွက်သွားတဲ့အချိန်မှာတော့ သူ့သမီးလေးဟာ နှစ်နှစ်အရွယ်လောက်ရှိရောပေါ့။ ဘာကြောင့်မှန်းမသိ၊ ဘယ်ကိုမှန်းမသိ သူ ထွက်သွားတယ်။ ဖြစ်ချင်တော့ (a)ထွက်သွားတဲ့ညမှာပဲ (c)ကလည်း အရေးကြီးကိစ္စတစ်ခုနဲ့ တခြားမြို့တစ်မြို့ကို ရုတ်တရက်သွားရတယ်။ (a)နဲ့ (c)ဟာ တစ်ညတည်းမှာပဲ ဒီမြို့က ထွက်သွားတယ်ပေါ့။ ဒါ တိုက်ဆိုင်မှုပါ"

မောပန်းလာသဖြင့် ထင်သည်။

"အဲ့ဒီတိုက်ဆိုင်မှုဟာ ကြီးမားတဲ့ အထင်လွဲစရာတွေကို သယ်ဆောင်လာပါရောလား။ (c)မြို့ကို ပြန်ရောက်တဲ့အခါမှာတော့ လူတွေက ဝိုင်းစွပ်စွဲကြတော့တယ်။ (a)နဲ့ ဖောက်ပြန်ထွက်ပြေးသွားတယ် ဆိုပြီးတော့ပေါ့။ (a) ရဲ့ဇနီး (b)ကလည်း (c)ကို ရန်သူလို သဘောထားပြီး အငြိုးထားတော့တာပဲ။ အင်း . . . သူအခုထိ အငြိုးတွေ ကြီးနေတုန်းပဲလေ"

မနေ့က ဒေါ်နန်းခြယ် အကြီးအကျယ် စိတ်တိုခြင်းကို 'ဒါကြောင့်ကိုး'ဟု သူနာပြုဆရာမလေး ခိုင်ဝေက မှတ်မှတ်ရရ ပြန်တွေးဖြစ်သည်။

"အထင်လွဲမှုတွေနဲ့ (c) ခမျာ မြို့ကလေးထဲမှာ ဘယ်လိုမှနေလို့မရအောင် ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အချိန်တွေ ကြာကြာလာတဲ့အခါမှာတော့ လူတွေလည်း တဖြည်းဖြည်း နားလည်လာကြပါတယ်။ (a)ဟာ အကြောင်းမဲ့ တစ်ယောက်တည်း ထွက်သွားတယ်ဆိုတာကိုပေါ့။

ဟုတ်တယ်လေ . . . ။ ရက်ပေါင်း လပေါင်း များစွာကြာပေမဲ့ (a)ဟာ ပြန်မှမလာတော့ဘဲ (b)ကလည်း အချိန်တွေအကြာကြီး စောင့်ပြီး နောက်မှာတော့ နားမလည်နိုင်မှု၊ ရက်စက်မှုတွေနဲ့အတူ မြို့ကလေးဟာ ထွက်သွားတော့မယ်။ (c)ကလည်း အဲ့ဒီကိစ္စတွေပေါ်မှာ သံဝေ ကောင်းကောင်းရပြီး တရားဘောင်ထဲ ဝင်သွားတော့တယ်ကွယ့်"

ပုံပြင်က နားမလည်မှုများစွာနှင့် အဆုံးသတ်သွားပါပြီ။ ပုံပြင်ထဲက ဇာတ်ကောင်တွေကိုလည်း သူတို့ ကောင်းကောင်း သိပြီးနှင့်ကြပြီးဖြစ်သည်။

(a) = ဦးလေးငြိမ် (သို့) မိုးပြာဖခင်။

(b) = မိုးပြာမိခင် ဒေါ်နန်းခြယ်။

(c) = ယခု ပုံပြင်ပြောသော သီလရှင်ဆရာလေး။

မိုးပြာ ငြိမ်နေသည်။

ငယ်ဘဝတွေကို မြင်နိုင်သလောက် ပြန်တွေးကြည့်နေခြင်းဖြစ်သည်။

လင်းဆောင်က သူသိချင်နေသည့် အဓိကအကြောင်းအရာကို မေးလိုက်သည်။

"အဲ့ဒီခေါင်းလောင်းစံအိမ်က ဘယ်မြို့ဘယ်နေရာမှာလဲ"

အခု အဲ့ဒီခေါင်းလောင်းစံအိမ်တွင် ဦးလေးငြိမ်ရှိနေမည်ဟု လင်းဆောင် ထင်နေသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

"အဲ့ဒီ ခေါင်းလောင်းစံအိမ်က . . . . . . . . . . ."

သီလရှင်ဆရာလေး ပြောပြသည့်လိပ်စာကို ဇေယျ သေချာမှတ်လိုက်သည်။

ထို့နောက် ဆရာလေးကို ကန်တော့ကြပြီး ခေါင်းလောင်းစံအိမ်သို့ ခရီးဆန့်ရန် ပြင်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာလေးက ကားနားအထိ လိုက်ပို့ကာ . . .

"ကံကောင်းကြပါစေ"

ဟု ဆုတောင်းပေးသောအခါ သူတို့စိတ်ထဲ အေးချမ်းမှုတစ်မျိုး ရလိုက်လေသည်။ မိုးပြာက တစ်ခုမေးသေးသည်။

"သမီးအဖေရဲ့နာမည်က ဘယ်သူလဲရှင့်"

"ဦးငြိမ်းချမ်းတဲ့"



## (၁၆)

ညခရီးဖြစ်နေပြီ။

မိုင်ဝေးလမ်းမကြီးမို့ လေတွေကလည်း တဖြူးဖြူးတိုက်ခတ်နေသည်။ ဧယျ ပင်ပန်းနေပြီဖြစ်၍ မျိုးလတ်ဦးက ဝင်မောင်းပေးသည်။ အားလုံး ပင်ပန်းနေကြပါပြီ။ သူတို့သွားနေသည့် မြို့ကလည်း နံနက်စောစောမှပင် ရောက်နိုင်ချေရှိသည်။

မိုးပြာက လင်းဆောင်ရင်ခွင်ကို မှီထားသည်။ အိပ်တော့မပျော်သေးပါ။ အိပ်ပျော်မည်လည်း မဟုတ်နိုင်ပါ။ အတွေးတွေရှုပ်နေသည်။

လင်းဆောင် သက်ပြင်းရှည်ကြီးချသည်။ မိုးပြာ မော့ကြည့်သည်။ လင်းဆောင်၏သက်ပြင်းက မိုးပြာပါးပေါ်သို့ နွေးခနဲ ကျရောက်လာသည်။

"လင်းဆောင် . . . ရှေ့မှာ မီးရောင်တွေ့တယ်။ ကားနားတဲ့ စားသောက်ဆိုင်တွေထင်တယ်ကွ။ ခဏနားမလား"



www.burmeseclassic.com

www.burmeseclassic.com

"လုံးဝမနားနဲ့။ ကားပေါ်မှာ စားစရာတွေပါတာပဲ။ အပေါ့အပါး သွားချင်တာကလွဲရင် မနားနဲ့။ မင်းအိပ်ငိုက်ရင် ငါ မောင်းပေးမယ်လေ"

"အေး . . . အေး . . . "

အားလုံးက လင်းဆောင်ဆုံးဖြတ်ချက်အတိုင်း တစ်သဝေမတိမ်းကြပါ။ သို့သော် ကားကိုတော့ တစ်ညလုံး ဖေယျာနှင့် မျိုးလတ်ဦးကသာ ပီကေဝါးရင်း အလှည့်ကျ မောင်းခဲ့ကြပါသည်။

• • •

"ဒီမြို့ပဲ"

နံနက်လင်းအားကောင်းချိန်မှာတော့ မြို့ကလေးသို့ သူတို့ရောက်ခဲ့ပါပြီ။ မြို့ကလေး၏အနောက်ဘက်သို့ ဆက်မောင်းခဲ့ကြသည်။

ဖေယျာက ကွန်ပျူတာကို တတက်တက်ခေါက်ရင်း . . .

"လင်းဆောင် . . . ဒီမြို့မှာလည်း ခရမ်းရောင်အဖွဲ့ဝင်တွေ ရှိတယ်ကွ"

"အင်း . . . အားတက်စရာပဲ"

သူနာပြုဆရာမလေး ခိုင်ဝေမှလွဲ၍ မည်သူမှ နံနက်စာ မစားကြ။ စားချင်စိတ်လည်း မရှိကြ။

တစ်နေရာမှာတော့ မျိုးလတ်ဦးက ကားရပ်သည်။ ဖေယျာက လိပ်စာစာရွက်လေးကိုင်ပြီး ဆင်းမေးသည်။

"အစ်ကို ဒီမြို့မှာ ခေါင်းလောင်းစံအိမ်ဆိုတာ သိလား"

အစ်ကိုခေါ်ခံရသူ မြို့ခံလူက မသိကြောင်း ခေါင်းခါပြသည်။ ဆက်မောင်းလာရင်း ရှေ့နောက်မိပုံရသော လူကြီးတစ်ယောက်နှင့် တွေ့၍ ဆင်းမေးကြည့်ပြန်သည်။

"ခေါင်းလောင်းစံအိမ် . . . ခေါင်းလောင်းစံအိမ်"

လေးလေးပင်ပင် ရေရွတ်ပြီး သူတို့ကိုကြည့်သည်။



"အဲ့ဒီအိမ်က လူမနေတာဖြင့် နှစ်ပေါင်းကြာလှပြီ"

"ဟုတ်မှာပါ . . . ။ ဘယ်လိုသွားရမလဲဆိုတာ လမ်းညွှန်ပေးနိုင်မလား"

"မြစ်ကမ်းနံဘေးက လမ်းအတိုင်းသာ ဆက်မောင်းသွား"

"ဟုတ် . . . ကျေးဇူးပဲဗျ"

သို့နှင့် မြစ်ကမ်းနံဘေးက လမ်းအတိုင်း ဆက်မောင်းခဲ့ကြသည်။ ကမ်းနံဘေးမှ ရှုခင်းတွေက သာယာမှန်းသိသော်လည်း ထိုသာယာမှုကို မခံစားနိုင်အားခဲ့ချေ။

လမ်းကလေး၏ အဆုံးမှာတော့ ကျယ်ဝန်းသော ခြံလေးတစ်ခု ထိုခြံဝန်းတွင် ချုံနွယ်ပိတ်ပေါင်းများစွာ ရှုပ်ထွေးနွယ်တက်နေပါပြီ။ သို့သော် အာလုံးမပြောဘဲ သိလိုက်ကြပါပြီ။ ဒါ . . .

"ဒါ ခေါင်းလောင်းစံအိမ်ပဲ"

နွယ်ပင်မြက်ပင်တွေကြားမှ ဟောင်းနွမ်းနေသော ခေါင်းလောင်းကလေးတွေကို သူတို့ တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

မိုးပြာစိတ်တွေ အလှုပ်ရှားဆုံးဖြစ်နေပြီ။ အိမ်ထဲမှာ ဖေဖေက ရှိပါ့မလား။

ကားကလေးကို ခြံထဲအထိ မောင်းဝင်လိုက်သည်။ ခြံအလယ်က အိမ်ကလေးရှေ့တွင် ကားကို ရပ်လိုက်သည်။

မိုးပြာ ကားပေါ်ကဆင်းကာ အိမ်ကလေးထဲသို့ အပြေး . . .

"ဖေဖေ . . . ဖေဖေ . . . "

ကျန်သည့်သူများက သူမနောက်မှ အသီးသီး ပြေးဝင်ကြသည်။

အိမ်ထဲတွင်တော့ ကစဥ့်ကလျား လဲကျနေသော လူတစ်ယောက်။ ထိုလဲကျနေသူကား အခြား မည်သူမှမဟုတ်။

"ဖေဖေ . . . ဘာဖြစ်နေတာလဲ . . . ဖေဖေ"

မိုးပြာ သူ့ခန္ဓာကိုယ်ကို အတင်း လှုပ်နှိုးကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

မျိုးလတ်ဦးက လဲကျနေသော ဦးလေးငြိမ် (သို့) မိုးပြာအဆေ (ခေါ်) ဦးငြိမ်းချမ်းကို ခြေတွေလက်တွေ စမ်းကြည့်သည်။ နှလုံးခုန်သံ စမ်းကြည့်သည်။ မျက်လုံးတွေ လှန်ကြည့်သည်။

ပါးစပ်နား ငုံ့ရှုကြည့်အပြီးမှာတော့ မျိုးလတ်ဦးမျက်နှာ ချက်ချင်း အလန့်တကြား ဖြစ်သွားတော့သည်။

"သွားပြီ . . . ။ သူ အဆိပ်သောက်ထားတယ်"

"ဟင် . . ."

မိုးပြာ ချုံးပွဲချငိုကာ သူ့အဖေကို အတင်းလှုပ်နှိုးတော့သည်။ မိုးပြာကို နှစ်သိမ့်ထိန်းသိမ်းရင်း တစ်ဖက်နှင့် လင်းဆောင်က . . .

"မိသေးတယ်မို့လားဟင်။ ဆေးမိသေးတယ်မို့လား"

မျိုးလတ်ဦးထံမှ အာမခံနိုင်သည့်အသံ ထွက်ပေါ်မလာပါ။ သို့သော် . . .

"ငါ အစွမ်းကုန် ကြိုးစားမယ်"

ᄌ ᄌ ᄌ



"မင်း ကြိုသိနေတာပေါ့။ ဟုတ်လား . . . "

လင်းဆောင် ပြန်မဖြေသေး၍ ဇေယျ ထပ်မေးပြန်သည်။

"ဦးလေးငြိမ် . . . ဒီလို ကိုယ့်ကိုယ်ကိုယ် သတ်သေတာမျိုး လုပ်လိမ့်မယ်လို့ မင်း ကြိုသိနေပြီးသားပါ"

"တပ်အပ်သိတာမျိုး မဟုတ်ပါဘူး။ မှန်းဆမိသွားတာပါ"

"စိတ်ပညာအရ မှန်းဆနိုင်တာလား"

ဇေယျအမေးကို လင်းဆောင် ခေါင်းခါသည်။

"မဟုတ်ဘူး။ သူထွက်မသွားခင် နောက်ဆုံးရေးခဲ့တဲ့ ကဗျာလေးကြောင့်ပါ။ ဒီကဗျာလေးကို သူ တစ်ညလုံးရေးခဲ့တာလို့ မဲတူက ငါ့ကိုပြောတယ်။ ရော့ . . . "

ကဗျာလေးကို ဇေယျဆီ ကမ်းပေးလိုက်သည်။

မိုးပြာကလည်း ဇေယျနှင့်အတူ ကဗျာလေးကို လိုက်ဖတ်သည်။ ကဗျာလေးနာမည်က 'နှုတ်ဆက်သူ'။

ᄌ ᄌ ᄌ



www.burmeseclassic.com

www.burmeseclassic.com

## နှုတ်ဆက်သူ

ငါ ထွက်သွားတော့မယ်
ဘယ်သူ့ကိုမှ နှုတ်မဆက်ခဲ့ပေမဲ့
ငါ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်။

ငါ မရှိတော့တဲ့နောက်မှာ
ငါ ရှိခဲ့ဖူးကြောင်း ပြန်ပြောကြမလား
ငါ့ကား နယ်လွန် စိတ်ဝေးသူတစ်ယောက်။

ငါ ထွက်သွားတော့မယ်
မိုက်မိုက်မဲမဲပေါ့
ငါ့ကိုငါကတော့ ခွင့်ပြုလိုက်ပြီ
ငါ မိုက်မိုက်မဲမဲ ထွက်သွားတော့မယ်။



"အဲဒီကဗျာကြောင့် သူ့ကိုယ်သူ အဆုံးစီရင်တာမျိုးတွေ လုပ်ဘားနိုင်တယ်လို့ ငါ တွေးမိသွားတာပါ။ ဒါကြောင့် သူပျောက်သွားတာနဲ့ ငါဒီလောက်အထိ စိတ်ညစ်နေတာပေါ့"

"အင်း . . . အခုမှပဲ ဒီခရီးစဉ်ကို သူနာပြုဆရာမလေး နိုင်ဝေ ခေါ်ခဲ့ရတဲ့အကြောင်းတွေ၊ မျိုးလတ်ဦးကို အဆိပ်ဖြေဆေးတွေ၊ အရေး လူနာကုသရေးပစ္စည်းတွေ ဘာကြောင့် သူနိုင်းတာလဲဆိုတာ ငါ ဘောပေါက်တော့တယ်"

ဖေယျှမှာ လင်းဆောင်၏ ကြိုမြင်နိုင်မှုကို အသိအမှတ်မပြုဘဲ နေနိုင်တော့ပေ။

"ဒီအိမ်မှာ ဦးလေးငြိမ်ရောက်နေလိမ့်မယ်ဆိုတာကကော ဘယ် ခန့်မှန်းမိသလဲ"

လင်းဆောင်က ချက်ချင်းမဖြေဘဲ စိတ်ထဲမှာ စကားလုံးတွေ စဉ်ပြီးမှ . . .

"ဦးလေးငြိမ်ဟာ မိုးပြာအမေမှန်း သိသိချင်းပဲ ငါမြေးမြင်မိတာ စ်ခုရှိတယ်။ အဲဒါက ငါတို့ ဟိုတစ်ခေါက်ရောက်တုန်းကလေ အဲ့ဒီ မိုးပြာကို ဦးလေးငြိမ်ကြည့်တဲ့အကြည့် တစ်မျိုးမှန်း ငါပြန်တွေးမိ ယ်။

www.burmeseclassic.com

မဲတဲ့ကလည်း ငါတို့လာသွားပြီးနောက်ပိုင်း ဦးလေးငြိမ်က ပုံမှန် မဟုတ်ဘဲ ပိုငြိမ်သွားတယ်လို့ ပြောတယ်။ ငါ့အထင်ပြောရရင် အင်း – သွေးက စကားပြောတယ်ပဲဆိုမလား။ မိုးပြာကိုတွေ့တော့ ဦးလေးငြိမ် ဟာ သူ့သမီးလေးကို သွားမြင်ယောင်မိလိမ့်မယ်။ သူ့သမီးလေးလည်း ဒီအရွယ်လောက်ရှိပြီ ဆိုပြီးတော့ပေါ့ကွာ။

နောက် မကြာခင် သူပျောက်သွားတော့ ဒါ သူ သူ့သမီးလေးကို လွမ်းတဲ့စိတ်နဲ့ သူ့သမီးလေးနဲ့အတူ ရှိခဲ့ဖူးတဲ့နေရာဆီကို သွားတာလို့ ငါ ထင်လိုက်မိတာပဲ။ လူတစ်ယောက်ဟာ အခြားတစ်ယောက်ကို သိစိ သတိရလာရင် အဲဒီလူနဲ့ အတူရှိခဲ့ဖူးတဲ့နေရာတွေကို ပြန်မြင်ယောင်ကြ ပြန်သွားချင်ကြတဲ့ သဘောပဲ။ ဒါကြောင့် ဦးလေးငြိမ် ဒီအိမ်မှာ ရှိလိမ့် မယ်လို့ ငါထင်မိတာပဲ”

ဖေယျ သူ့ကောင်၏ တွက်ချက် ချိတ်ဆက်မြင်မှုများကို တော် တော်ကြီး လေးစားနေမိတော့သည်။ မိုးပြာလည်း နံဘေးက နားထောင် ရင်း အံ့သြနေရတော့သည်။

“လာ . . . လင်းဆောင်နဲ့မိုးပြာ ဒီမှာကြည့်”

ဖေယျက သူ့ကွန်ပျူတာလေးကို ဖွင့်ပြ၍ ပြောလိုက်ခြင်းဖြ သည်။

“ဦးလေးငြိမ်ကလည်း အနုပညာသမားမို့လား။ အဲ့ဒါနဲ့ ပ သက်ပြီး စိတ်ပညာအရ ဆိုင်လားမဆိုင်လားတော့ မသိဘူး။ အနုပည ရှင်တွေက ကိုယ့်ကိုယ်ကိုယ် သတ်သေမှုများသလိုပဲ။ ဒီမှာကြည့်ကွာ

အနုပညာရှင်များမှာ သာမန်လူများထက် ကိုယ့်ကိုယ်ကို သတ်သေမှုများသလားတော့ မသိပါ။ ကိုရီးယားရုပ်ရှင်မင်းသား၊ မင်းသ များ၏ သတ်သေမှုသတင်းကိုတော့ မကြာခဏကြားနေရသည်။ လတ် ကမ္ဘာတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေမှုအများဆုံးနိုင်ငံမှာလည်း တော ကိုးရီးယားဟု သိရသည်။



လင်းဆောင်နှင့် မိုးပြာ ဖေယျ၏ တစ်ဖက်တစ်ချက်တွင် ဝင်ရပ် ကာ ကွန်ပျူတာကို ကြည့်လိုက်သည်။ ကွန်ပျူတာထဲတွင်က ကိုယ့်ကိုယ် ကိုယ်အဆုံးစီရင်သွားသော ကမ္ဘာကျော် အနုပညာရှင်များ၏ စာရင်း။

ထိုစာရင်းကိုကြည့်၍ သူတို့ ဝမ်းနည်းရ၊ နာကျင်ရ၊ နှမြောရ၊ သံဝေဂရ၊ စက်ဆုပ်ကြလေသည်။

ခဏအကြာတွင် ဦးလေးငြိမ်အား အရေးပေါ်ကုသနေသည့် အခန်းမှ သူနာပြုဆရာမလေး ခိုင်ဝေနှင့် မျိုးလတ်ဦးတို့ ပြန်ထွက်လာ သည်။

သူနာပြုဆရာမလေး ခိုင်ဝေ၏မျက်နှာက မကောင်းပါ။ မျိုး လတ်ဦးက ခေါင်းငိုက်စိုက်လျက်။

“ဘယ်လိုလဲ . . . မျိုးလတ်ဦး၊ ငါ့အဖေ ဘယ်လိုလဲ”

မျိုးလတ်ဦး ပြန်မဖြေ။ ခေါင်းငိုက်စိုက်လျက်ပင်။

အားလုံး လက်ခံလိုက်ရတော့မည်လား။ ဆုံးရှုံးနောက်ကျခဲ့ပြီ လား။

မိုးပြာစိတ်ဓာတ်ကျကာ ပြိုလဲမတတ်ဖြစ်ခါနီးမှ မျိုးလတ်ဦးက ပြုံးစစနှင့် ခေါင်းမော့လာပြီး . . .

“အချိန်မီပဲ”

“ဟင် . . .”

မိုးပြာ ဟင်ခနဲ မျိုးလတ်ဦးကို ပြန်ကြည့်လိုက်သည်။ မျိုးလတ် ဦးက အားရသည့် အပြုံးတစ်ခုနှင့် . . .

“မင်းတော်တယ် လင်းဆောင်။ လမ်းခရီးတုန်းက ဘယ်မှာမှ နားဘဲ ဒီအိမ်ကလေးဆီ အမြန်ရောက်ဖို့ပဲ မင်း စိတ်စောခဲ့တယ်လေ။ ခုတော့ အဲ့ဒီလို ‘လော’တာက တန်ဖိုးရှိသွားပြီ။ နောက်မိနစ်ပိုင်းလေး ာ ထပ်နောက်ကျသွားရင် ငါတို့ ဘယ်လိုမှ ကယ်နိုင်မှာမဟုတ်ဘူး”

မျိုးလတ်ဦး စကားအဆုံးမှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဒါ . . . ဒါဆို . . . ငါ . . . ငါ့အဖေ မသေဘူး ပေါ့"

"အင်း . . . မသေဘူး။ ဒါပေမဲ့ သတိတော့ ရဦးမှာမဟုတ်ဘူး။ သွားကြည့်ရင် ကြည့်လေကွာ"

သူမ လင်းဆောင်ကို ပျော်ရွှင်လွန်းစွာ လှည့်ကြည့်သည်။ လင်းဆောင်က အသာပြုံး၍ ခေါင်းဆတ်ပြလိုက်ပါသည်။ ထို့နောက်မှာတော့ မိုးပြာ ဖေဖေ့ဆီ အပြေးပေါ့ . . . ။

မျိုးလတ်ဦးက ခွဲစိတ်ခန်းထဲမှ ထွက်လာရသော ဆရာဝန်တစ်ဦး၏ဟန်နှင့် နဖူးကချွေးတွေကို သုတ်နေတော့ လင်းဆောင်က ရယ်ချင်သည်။

"ဘယ်လိုလဲ . . . ပျောင်းဆရာဝန်ကြီး။ ဒီတစ်ခါတော့ တော်တော်ချွေးပြန်သွားပြီပေါ့"

မျိုးလတ်ဦးက ရယ်သည်။

"အေးကွာ . . . ။ နောက်ဆို ငါလည်း ဆေးခန်းမှန်မှန် ပြန်ထိုင်တော့မယ်။ အခု ဦးလေးငြိမ်ကို ကယ်နိုင်တာလည်း ဝေတော်လို့ကွ"

"ဟင် . . . ဘယ်ကဝေလဲ"

"သူ့ကို ပြောတာလေ"

ဟု မျိုးလတ်ဦးက သူနာပြုဆရာမလေး ခိုင်ဝေကို မေးဆတ်ပြသည်။

"အောင်မာ . . . ဝေတွေဘာတွေနဲ့။ ဇာတ်လမ်း . . . ဇာတ်လမ်း . . . "

ဟု ဖေယျာက ရွှဲ့စောင်းစောင်း ပြောတော့သည်။

ယခုမှ သူတို့လည်း ပျော်စရာများ ရှာဖွေပြောနိုင်တော့သည်။

"သြော် . . . ငါပြောမယ် . . . ပြောမယ်နဲ့ မေ့နေတာ။ မိုးပြာ



အဖေလို အကြောင်းမဲ့ထွက်သွားသူတွေထဲမှာ မြန်မာစာရေးဆရာကြီး တစ်ယောက်လည်း ရှိသေးတယ်ကွ"

ဖေယျာကပဲ ဆက်ပြောခြင်းဖြစ်တယ်။ လင်းဆောင်က . . .

"နာမည်ကြီးထဲကလား"

"အင်း . . . နာမည်ရှိတဲ့အထဲကပဲ။ အဲ့ဒီ စာရေးဆရာကြီးက ထမင်းစားပွဲဝိုင်းမှာ သူ့မိသားစုနဲ့ ပျော်ပျော်ရွှင်ရွှင်စားနေရင်းက ခြံထဲကို ငရုတ်သီးသွားခူးဦးမယ်လို့ ပြောပြီး ထွက်သွားတာတဲ့။ နောက်တော့ ဘယ်တော့မှ ပြန်ပေါ်မလာတော့ဘူးတဲ့"

အားလုံး နားမလည်စွာ ခေါင်းခါကြသည်။ သို့သော် အားလုံး နားလည်စွာပင် ခေါင်းညိတ်လိုက်ကြပါသည်။ လောကသည် ဆန်းကြယ်မှုများနှင့် အတိပြီးနေ၏။



www.burmeseclassic.com

www.burmeseclassic.com

## (၁၇)

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ထိုမြို့ကလေး၌ ရှိနှင့်နေသော ခရမ်းရောင်အဖွဲ့ဝင်လူငယ်များကို ဖိတ်ခေါ်ကာ ထိုခေါင်းလောင်းစံအိမ်လေးကို သန့်ရှင်းကြသည်။ ယိုယွင်းနေသည်များကို ပြန်လည်ပြုပြင်ကြသည်။ ဆေးသုတ်ထားသည့် တချို့နေရာများကိုလည်း ဆေးပြန်သုတ်ကြသည်။

မြေမှာပြန့်ကျဲနေသော ခေါင်းလောင်းကလေးများကိုလည်း ပြန်လည်ချိတ်ဆွဲ ချည်နှောင်ကြလေသည်။

နေ့လယ်ပိုင်း အရောက်မှာတော့ ခေါင်းလောင်းစံအိမ်လေးမှာ လွန်ခဲ့သော အနှစ် (၂၀)ခန့်က ပုံစံမျိုးဖြင့် ပြန်လည်လှပနေတော့သည်။

ညနေပိုင်းမှာတော့ မနေ့က အကြောင်းကြားထားမှုကြောင့် ရှင်းသန့်၊ ဝါဝါ၊ ဝမ်မေးနှင့် ပုဏ္ဏရိပ်တို့သည်လည်း မိုးပြာမိခင် ဒေါ်နန်းခြယ်ကိုခေါ်ကာ ဤအိမ်ကလေးသို့ ရောက်လာခဲ့ပြီဖြစ်သည်။



ခြံဝန်းလေးထဲရောက်တော့ သူငယ်ချင်းများနှင့်အတူ **ရောင်စုံ**ပန်းပင်လေးများကြား လျှောက်ရင်း ပုဏ္ဏရိပ်က ...

"အိမ်ကလေးက အရမ်းလှတာပဲ။ ဒါကြောင့် မိုးပြာ **အမေက**လည်း အိမ်လှလှလေးတွေကို ကြိုက်တာကိုး"

ဟု သတိတရ ရေရွတ်ဖြစ်သေးသည်။

ညဦးပိုင်းမှာတော့ သတင်းကောင်းတစ်ခုက ခေါင်းလောင်းစံအိမ်လေးထဲတွင် ပျံ့နှံ့လာပါတော့သည်။

"သတိရပြီ ... ဦးလေးငြိမ် သတိရပြီတဲ့ဟေ့"

စိတ်ထဲမှ အသီးသီးဆုတောင်းနေကြသော ခရမ်းရောင်အဖွဲ့ဝင်များ၏ မျက်နှာသည်လည်း အခုမှ အပြုံးပန်းဆင်နိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကြည့်ပါဦး . . . ကိုယ် အရမ်းအိုသွားပြီလား"

"ဟင့်အင်း . . . ဟိုတုန်းကလိုပါပဲ"

ဦးငြိမ်းချမ်းသည် ခုတင်ပေါ်တွင် လှဲလျက်ဖြစ်သည်။ ဒေါ်နန်းခြယ်ကတော့ ခုတင်ဘေးမှ ကုလားထိုင်တွင်ထိုင်၍ ဦးငြိမ်းချမ်း၏လက်ကို အုပ်မိုးလျက် ကိုင်ထားသည်။

"အံ့ဩစရာပဲ . . . ။ ကိုယ်နဲ့မင်းကို သမီးလေးက ပြန်ဆုံဆည်းစေခဲ့တာ"

"ဟုတ်တယ် . . . ။ သမီးလေးကြောင့် ကိုယ်နဲ့ကျွန်မ ပြန်တွေ့နိုင်တာပဲ"

" . . . . . "

အခန်းလေးထဲတွင် စကားပြောသံများက ပြတ်တောက်တောက်နှင့် အေးစက်နေပါသည်။ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဇနီးမောင်နှံ၏ ပြန်ဆုံတွေ့ခန်းက ဤသို့ဖြစ်သင့်ပါသည်။

"ဒီနှစ်တွေအတွင်း ကိုယ် ဘယ်တွေသွားနေခဲ့တာလဲ"

ဦးငြိမ်းချမ်း မျက်လွှာကို မိတ်လိုက်သည်။ ခေါင်းကိုခါသည်။ နယ်ကျွံဖူးသော ဂြိုဟ်သားတစ်ဦးလို သူ တစ်ခုခုကို ကြောက်ရွံ့နေ၏။



"ကိုယ် . . . ကိုယ် မသိဘူး။ ကိုယ် လျှောက်သွားခဲ့ရတယ်"

ဒေါ်နန်းခြယ် မမေးတော့ပါ။ အဘယ်ကြောင့်ဆိုသော် မျက်ဝန်းမှ မျက်ရည်များ လိမ့်ဆင်းလာသည်ကို တွေ့လိုက်ရသောကြောင့် ဖြစ်လေသည်။

တကယ်တော့ ကျန်ခဲ့သူမှ နာကျင်ရတာ မဟုတ်။ ထွက်သွားသူမှာလည်း ဒဏ်ရာနှင့်ဖြစ်ကြောင်း ဒေါ်နန်းခြယ် နားလည်လိုက်ပါပြီ။

ထိုအချိန် အခန်းတံခါးလုပ်သံတစ်ခုက ကျွီဟူသော မြည်သံရှည်နှင့် သူတို့ထံ ရောက်လာသည်။ အခန်းတံခါးကို တွန်းဖွင့်၍ဝင်လာသူက မိန်းမပျိုငယ်လေးပါ။

"သမီးလေး . . . "

ဟု ဒေါ်နန်းခြယ်နှင့် ဦးငြိမ်းချမ်းနှုတ်မှ ပြိုင်တူ ဖွဖွ ရွတ်မိကြသည်။ သူတို့နှစ်ယောက် နံဘေးမှာပဲ မိုးပြာဝင်ထိုင်လိုက်ပါသည်။ ဦးငြိမ်းချမ်းက မိုးပြာကို ဆွေးမြေ့ရီဝေစွာ ငေးသည်။ မိုးပြာခေါင်းလေးကိုလည်း ယုယုယယ သပ်ချပေးနေသည်။ ဒေါ်နန်းခြယ်ကလည်း ထိုအဖေနှင့်သမီးကိုကြည့်ကာ မျက်ရည်ထိန်းနေရလေသည်။

"ဖေဖေနဲ့မေမေ့ကို ချစ်တယ်"

ဟု မိုးပြာ ဖွင့်ပြောပစ်လိုက်စဉ်မှာတော့ သူတို့ သုံးဦးလုံး မခံနိုင်တော့ပါ။ ရင်ခွင်ဟက်တက်နှင့် သုံးဦးသား ဆွဲဖက်ကာ ငိုတော့သည်။ နှစ်ပေါင်းများစွာ ကွေကွင်းခဲ့ရသော မိသားစုလေး၏ ပေါင်းစုံခန်း၊ မျက်ရည်တွေ လျှမ်းတာ ဆန်းတော့ မဆန်းလှပါ။

ငိုလို့ဝသောအခါ ဦးငြိမ်းချမ်းသည် သူ့လက်ထဲက ခေါင်းလောင်းလေးကို ထုတ်လိုက်သည်။ ထိုအခါ ဒေါ်နန်းခြယ်ကလည်း လက်ထဲမှ ခေါင်းလောင်းလေးတစ်လုံးကို မြှောက်ပြလိုက်သည်။ နှစ်ဦးသား ပြုံးကြလေသည်။

သို့နှင့် သူတို့နှစ်ယောက်က ခေါင်းလောင်းလေးနှစ်ခုကို ယှဉ်တိုက်၍ ချစ်ကလူပြုရန် ပြင်စဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

“ဟော့ . . . ဟော့ . . . ဟိုး . . .”

ဟု မိုးပြာ အမီတားလိုက်သည်။

ပြီးလျှင် သူမကလည်း အားကျမခံ သူမဝှက်၍ယူလာသော ခေါင်းလောင်းလေးကို ထုတ်ပြလိုက်တော့သည်။

သူမ၏မိဘများ မပြုံးဘဲ မနေနိုင်တော့ချေ။

“အဲ့ဒီခေါင်းလောင်းလေး ဘယ်ကရသလဲ”

“အိုး . . . ပေါ့မှပေါ့။ ခြံစည်းရိုးက ဖြုတ်လာတာလေ”

ရယ်ကြရသည်။ ဦးငြိမ်းချမ်းက . . .

“သမီးလေးကတော့ကွာ”

ဆိုပြီး မိုးပြာခေါင်းကို ဖွဖွပုတ်သေးသည်။

ထို့နောက်မှာတော့ . . .

ခေါင်းလောင်းလေးသုံးခု၏ အချင်းချင်း ထိခတ်သံ . . . လွင်မြ စီးဆင်းသွားသော ထိုလေလှိုင်းသံသည် ဘုရားသခင်ထံ တန်းတန်းမတ်မတ် မရောက်ရှိသွားနိုင်ဘူးဟု မည်သူ ပြောနိုင်အံ့နည်း။

သေချာသည်ကတော့ ခေါင်းလောင်းကလေးများ၏ အသံသည် ပန်းတွေစီးကျနေသည့် ရေတံခွန်လေးတစ်ခုသို့ သာယာစိမ့်အေးနေခြင်းပေ။



## (၁၈)

BURMESE CLASSIC .com

မီးပုံပွဲမှ သူတစ်ယောက်တည်း ခွဲထွက်ကာ မြစ်ကမ်းနံဘေးက ခုံတန်းလျားလေးတွင် ထိုင်နေမိသည်။

ခရမ်းရောင်အဖွဲ့ဝင်များသည် ခြံဝန်းအလယ်တွင် မီးပုံတစ်ခုဖိုကာ စားစရာသောက်စရာများနှင့် သီချင်းတွေလည်း ဝိုင်းဖွဲ့ဆိုနေကြသည်။ ‘အေးမြတဲ့ဆောင်းတစ်ညမှာ မီးရောင်ထိန်ထိန်လူအများနဲ့ . . .’ ဟူသည့်သီချင်းကို ဆောင်းရာသီလည်းမဟုတ်ဘဲနှင့် ဆိုတေးဟစ်နေကြသည်။

မကြာခင်ကမှ ပြန်လည်ပေါင်းဖက်ခဲ့ကြသော ဇနီးမောင်နှံနှစ်ဦးကလည်း မီးပုံအလယ်မှာ ပျော်ရွှင်လျက်ပါ။ လူငယ်လေးတွေကလည်း သူတို့ဇနီးမောင်နှံကို စနောက်ကျီဆယ်နေကြသည်။

သူကတော့ ထိုအရာတွေကို ကျောပေးလျက် မြစ်ကမ်းစပ်မှာ ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ခဏအကြာတွင် သူ့အနားကို ကောင်မလေးတစ်ဦးလည်း လာရပ်လေသည်။ သူလှည့်ကြည့်တော့ . . .

“မိုးပြာ”

မိုးပြာက ပြုံးကာ သူ့ကို တစိမ့်စိမ့်ကြည့်၏။

“ထိုင်လေ”

သူ့နံဘေးမှာ မိုးပြာ ဝင်ထိုင်လိုက်သည်။ ပြီးလျှင် . . .

“အရာရာအတွက် ကျေးဇူးပါ . . . လင်းဆောင်ရယ်”

လင်းဆောင်က သူမပခုံးလေးကိုဆွဲဖက်ကာ မြစ်၏ဟိုဘက်ကမ်းက လေညွှန်တိုင်တွေကို ညွှန်ပြသည်။ လရောင်အောက်တွင် လေညွှန်တိုင်တွေ တအိအိလည်နေပုံက လှပ၍နေသည်။

“ငါတို့ အတူတူ လူတွေပျော်ရွှင်အောင် ဒီထက်ပိုပြီး ထမ်းဆောင်ကြရအောင်နော်”

“အင်း . . . ငါ နင့်နံဘေးမှာရပ်ပြီး အမှန်တရားဘက်က နေမယ်။ အရာရာကို မျှတပျော်ရွှင်အောင် ကြိုးစားတော့မယ်”

သူ အားတင်းပြီး တိုးဖက်မိသွားသည်။

“မိုးပြာ . . . ”

“ဟင် . . . ”

“အရောင်ဗေဒမှာ လရောင်ကို ဘယ်လိုဖွင့်ဆိုထားလဲ”

မိုးပြာ တကယ်ပင်မသိ၍ ခေါင်းခါပြလိုက်သည်။ လင်းဆောင်ကလည်း တိုးတိုးပြုံးရင်း ‘ငါလည်းမသိဘူး’ ဟုပြောသည်။ ထို့နောက်မှ

“ငါကတော့ လရောင်ကို ကဗျာဆန်တဲ့ အရောင်လို့ထင်တယ်”

ဟုတ်ပါသည်။ လရောင်သည် နူးညံ့သော ကဗျာရှည်တစ်ပုဒ်လို အေးစိုနေပါသည်။

“ရော့ . . . ”

လင်းဆောင်ထုတ်ပေးလိုက်သည်က စာရွက်ခေါက်လေးပါ။

“ဘာလဲ ရည်းစားစာ ထင်လို့လား”



“အဟင်း . . . ”

မိုးပြာရယ်ရင်း စာရွက်ခေါက်လေးကို ယူသည်။

“ကဗျာလေးတစ်ပုဒ်ပါ။ ဒါပေမဲ့ မဖတ်နဲ့ သိမ်းထား။ အခု ငါ ရွတ်ပြမယ်”

“အင်း . . . ”

မိုးပြာ ကဗျာစာရွက်ခေါက်လေးကို ရင်မှာကပ်ကာ သိမ်းဆည်းလိုက်သည်။

“ငါ ဒီကဗျာလေးကို ရေးပြီးတာ ကြာလှပြီ။ ခေါင်းစဉ်ကိုတော့ စိတ်ကြိုက်ရှာမရလို့ မပေးဖြစ်ခဲ့ဘူး။ ဒါပေမဲ့ ဒီညမှာတော့ ငါ ခေါင်းစဉ်ကို ရှာတွေ့ခဲ့ပြီ”

“ဘာတဲ့လဲ”

ခပ်လှမ်းလှမ်းသစ်ပင်မှ ချိတ်ဆွဲထားသော အရာလေးကို ညွှန်ပြလိုက်သည်။ ပြီးမှ ပီသတည်ငြိမ်စွာ သူ့အသံ ထွက်ပေါ်လာသည်။

**“ခရမ်းရောင် ခေါင်းလောင်းလေးများတဲ့” . . . ။**



www.burmeseclassic.com

www.burmeseclassic.com

ငါတို့အတူတူ
တောင်တန်းတွေကို ရှိုက်ရှူကြမယ်
မှဆိုးတွေကိုတော့ ဖယ်ထား
ဒူးလေးတွေက သွားကြားညှပ်မယ်
ငါတို့အတူတူ
ကောင်းကင်ကို တကယ်ဖြူအောင်
ဆေးခြယ်ကြမယ်
ဘုရားသခင်ကိုလည်း ဖယ်ထား
ဆေးပေသွားရင် မကောင်းဘူး
နှင်နဲ့ငါပေါင်းမှ
လက်ဖဝါးက တစ်စုံတည်းရယ်
ကျန်လက်ဖဝါးတွေက မအား
မြဲမြဲတွဲထားရလို့လေ၊
ဒီလိုပေါ့ ချစ်သူရယ်
ကိုယ့်ကိုယ်ကိုယ်လည်း ထူရမယ်
လဲနေသူကိုလည်း ထူရမယ်
ပြီး . . . ကမ္ဘာ့အစိတ်အပိုင်းတွေကိုလည်း
မြတ်နိုးကူညီကြရမယ်။



သူ့ရင်ခွင်ကို မှီရင်း သူမ ကဗျာလေးကို နားထောင်ခဲ့ရပါသည်။ အဝေးမှာ လေညှွန့်တိုင်တွေလည်း လည်နေပါသည်။

လရောင်ဖြူဖြူထဲမှ မေတ္တာဓာတ်ကိုရွေးယူပြီး သူတို့ ရှိုက်ရှူလိုက်ကြပါသည်။

သူတို့သည် ချစ်သူနှစ်ဦး ဖြစ်လေသည်။

ကမ္ဘာမြေ၏ ချစ်သူနှစ်ဦးပေါ့ . . .။

**သူဝေး**

**September 2011**

**10:45 AM**



www.burmeseclassic.com